# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့၊ (3-3-2016) (၈၄၉၄)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော်    မတ်    ၃**

၂၀၁၆ ခုနှစ် မတ် ၃ရက်၌ ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဇန် ပလိနီလိဗ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၆ခုနှစ် မတ် ၃ရက်၌ ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွိုင်ကို ဘော်ရီဆော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အနာဂတ်ရန်ကုန် (သို့မဟုတ်) မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း ၂၀၄၀

ရန်ကုန်မြို့ဟူ၍ ခရစ်နှစ် ၁၇၅၅ ခုနှစ်တွင် အလောင်းမင်းတရားကြီး တည်ထောင်သမုတ်ခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၂၆၁ နှစ်မျှပင် ရှိလာခဲ့ပြီဖြစ်သည်။ နှစ်ပေါင်း ၂၀၀ ကျော်လာသော ရန်ကုန်ရာဇဝင်သည် သမိုင်းတင်ရန် လိုအပ်လာပေသည်။ အလောင်းမင်းတရားကြီး၏ ရန်ကုန်သည် သစ်လုံးတပ်ကာရံထားသော မြို့လေးဖြစ်ပြီး ရေပတ်လည်ဝိုင်းရံထားသော ကျွန်းငယ်သာလျှင်ဖြစ်သည်။

ရွှေတိဂုံစေတီတော်နှင့် ဆူးလေစေတီတော်ကို ဖူးမြော်လိုပါက သစ်တပ်မြို့ပြင်သို့ထွက်၍ ဖူးရမည်ဖြစ်သည်။ အဆိုပါ ရန်ကုန်မြို့သစ်သည် နိုင်ငံခြားသားပေါင်းစုံတို့ ကုန်စည်ကူးသန်းဖလှယ်ရာ အဓိကဆိပ်ကမ်းမြို့ ဖြစ်လာခဲ့လေသည်။ ၁၈၂၄-၁၈၂၆ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွားပြီး ရန်ကုန်သည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သည်။ ၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် အင်္ဂလိပ်လက်အောက် ကျရောက်သွားခဲ့သော ရန်ကုန်ကို အင်္ဂလိပ်တို့က ခေတ်မီမြို့တစ်မြို့အဖြစ် တည်ဆောက်ခဲ့သည်။ အလောင်းမင်းတရားကြီး တည်ဆောက်ခဲ့သော ရန်ကုန်ကို ခြုံငုံ၍ဗိုလ်ဖရေဇာက မြို့သစ်တည်၍ ပုံစံရေးဆွဲခဲ့၏။ ၁၈၅၃ ခုနှစ်မှစ၍ရန်ကုန်မြို့ကွက်သစ်ကို ရိုက်ခဲ့သည်။ မြို့ကွက်သစ်၏

စာမျက်နှာ ၃ ကော်လံ ၁ သို့



သတင်း - ဆုနှင်းလဲ့၊ ဓာတ်ပုံ- စောသိန်းဝင်း (မြို့တော်သတင်း)

ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်တွင် တည်ဆောက်ထားသည့် လူကူးခုံးကျော်တံတားသစ်နှင့် အဆောက်အအုံများကို တွေ့ရစဉ်။



# ဧရာဝတီလင်းပိုင်များ စစ်တမ်းကောက်ယူခဲ့ရာ ၆၅ ကောင် မှတ်တမ်းတင်နိုင်

**မန္တလေး    မတ်    ၂**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဧရာဝတီလင်းပိုင်အကောင်ရေ စာရင်းကောက်ယူရေးနှင့် မျိုးသုဉ်းပျောက်ကွယ်မှုမရှိရန် ကာကွယ်ထိန်းသိမ်းရေးတို့အတွက် လင်းပိုင်ထိန်းသိမ်းရေးနှင့် သုတေသနနှင့်စစ်တမ်းကောက်ယူမှုကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၈ ရက်ထိ ၁၄ ရက်ကြာပြုလုပ်ခဲ့ပြီး ယင်းမှတ်တမ်းများအရ ဧရာဝတီလင်းပိုင် ၆၅ကောင် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် WCS (သားငှက်ထိန်းသိမ်းရေးအဖွဲ့)တို့ ပူးပေါင်း၍ မန္တလေးမြို့မှ ဗန်းမော်မြို့အကြား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် တစ်လလျှင် နှစ်ကြိမ် မြစ်ကြောင်းတစ်လျှောက် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မှတ်တမ်းတင်လုပ်ငန်းများ ဆောင်ရွက်နေသည်ဟုဆိုသည်။

"ဧရာဝတီလင်းပိုင်က မျိုးသုဉ်း(တုန်း)မယ့် အဆင့်မှာ အမြင့်ဆုံးနေရာရောက်နေတယ်။အဲဒီလင်းပိုင်ကို မြန်မာအမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ ဝိုင်းဝန်းပြီး ထိန်းသိမ်းရမှာပါ။နိုင်ငံရဲ့ ပုံရိပ်တစ်ခုလည်းဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့က ပြည်သူကို Educate လုပ်တယ်။ ခရီးစဉ်မှာ မြစ်ကြောင်းတစ်လျှောက် ကျေးရွာတွေမှာ အသိပညာတွေ ပေးခဲ့တယ်"ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြောသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့


ဟိုတယ်၊ကွန်ဒို၊အိမ်ယာများနှင့် Customer များအကြိုက်များသော
Homogeneous Series များကို
10% to 30% Discount
Modern life With G-SEVEN
ကြွေပြား ၊ ကျောက်ပြား
Special Promotion
Hotline : 09-300 000 87, 09-252 257 799
လမ်းညွှန် - G-Seven Show Room ကို မင်းဓမ္မလမ်းမှတဆင့် ပြည်လမ်းဘက်သို့ ကားဖြင့်လာပါက ကားပါကင်ရှိသဖြင့် ဝို၍အဆင်ပြေသည်။
» ရန်ကုန်အရောင်းပြခန်း(၁) - အမှတ်(၉၅၁)၊ ၁၀မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၆၆၇၅၉၁၊ ၀၉ - ၃၂၀၇၅၂၄၈
» ရန်ကုန်အရောင်းပြခန်း(၂) - အမှတ် K (၆၄၊၆၅၊၆၆၊၆၇)သီရိရတနာဈေးသစ်၊အမှတ်(၃)လမ်းမ၊မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း - ၀၁ - ၆၆၇၅၉၁၊ ၀၉ - ၃၂၀၇၅၂၄၅
» မန္တလေးအရောင်းပြခန်း(၁) - (၈၀)လမ်းနှင့်(၃၂)လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ - ၂၅၇၃၁၁၁၈၄၊ ၀၉ - ၂၅၇၃၁၁၁၈၅

ကြေးမုံစာတည်းရှုထောင့် ၃-၃-၂၀၁၆၊ ကြာသပတေးနေ့

# ညီညွတ်သည့်အာရှမှမြန်မာ

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်လေ့လာကြည့်လျှင် နိုင်ငံရေးစနစ်အခြေအနေအမျိုးမျိုး၊ အပြောင်းအလဲကာလအမျိုးမျိုးအတွင်း စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အတက်အကျ၊ အနိမ့်အမြင့် ဖြစ်ပေါ်ခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးစဉ်အချိန်က ပြည်သူပိုင်လုပ်ငန်းစနစ်ကို အကောင်အထည်ဖော်ကာ တံခါးပိတ်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သောကြောင့် နိုင်ငံစီးပွားရေးကျပ်တည်းပြီး ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်းဝင်နိုင်ငံ (LDC) အဖြစ်သို့ ရောက်ရှိခဲ့သည်။

ထို့နောက် ဈေးကွက်စီးပွားရေးစနစ်ကို ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ် ဆယ်စုနှစ် နှစ်ခုစာကာလအတွင်း ကျင့်သုံးအကောင်အထည်ဖော်ခဲ့ရာ အပြည့်အဝမဟုတ်သော်လည်း အောင်မြင်သင့်သလောက်အောင်မြင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ စီးပွားရေး၊ လူမှုရေး အဘက်ဘက်ကပြည့်စုံပြန်ကောင်းမွန်အောင် ကြိုးပမ်းအားထုတ်ခဲ့ရာ၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ ထွက်နိုင်အောင် ပြန်လည်ကြိုးစားကြရသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်လာနိုင်မည့် သတ်မှတ်ထားသော အရည်အချင်းများ ပြည့်မီစေရန်အတွက် အကူးအပြောင်းများစွာကို ဖြတ်သန်းရသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ဈေးကွက်စီးပွားရေးစနစ်သို့ အကူးအပြောင်းပီပြင်အောင် အရှိန်မြှင့်တင်အကောင်အထည်ဖော်ခဲ့သည်ကို တွေ့ရသည်။ ပထမအဆင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွင်း အပြောင်းအလဲများစွာကို အကောင်အထည်ဖော်ပေးနိုင်ခဲ့သည်ကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယအဆင့် အသွင်ကူးပြောင်းရေးကာလတွင်လည်း ဆက်လက်အကောင်အထည်ဖော်ဦးမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အစောပိုင်းကာလများထက်စာလျှင် မျက်မှောက်ကာလတွင် အခြေအနေကောင်းများ ပိုမိုအရှိန်ရစပြုလာပြီဟု ဆိုနိုင်သည်။ သို့သော် အရေးကြီးသော ပြုပြင်ပြောင်းလဲရမည့်လုပ်ငန်းစဉ်များ ကျန်ရှိနေသေးသဖြင့် မြန်မာနိုင်ငံအဖို့ ၂၀၂၀ ပြည့်နှစ် ကျော်ခန့်မှသာဖွံ့ဖြိုးသည့်နိုင်ငံအဆင့်သို့ရောက်ရှိမည်ဟု ခန့်မှန်းထားကြသည်။

အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သည့် အရှည်ကြာဆုံး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးကို ဝိုင်းဝန်းကြိုးပမ်းအားထုတ်နေရဆဲဖြစ်သည်။ ငြိမ်းချမ်းရေးသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးဆုံးသောအချက်ဖြစ်သည်။ ယခုအခါ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပနိုင်ခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုရှိလာပြီး ကောင်းမွန်သော အကူးအပြောင်းတစ်ခုကို ကျော်ဖြတ်နေသည်။

အခြားအရေးကြီးသော အပြောင်းအလဲတစ်ခုမှာ သတင်းအချက်အလက်စီးဆင်းမှုအပြောင်းအလဲဖြစ်သည်။ သာမန်အားဖြင့်ကြည့်လျှင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ သတင်းအချက်အလက်စီးဆင်းမှု လွယ်ကူမြန်ဆန်ပွင့်လင်းကြွယ်ဝလာပြီဟု ဆိုနိုင်သည်။ သို့သော် သတင်းအချက်အလက်များကို မှန်ကန်စွာ စိစစ်ပိုင်းခြားအသုံးချနိုင်သည့် သတင်းအချက်အလက်လူမှုအဖွဲ့အစည်းတစ်ခုအဖြစ်သို့ရောက်ရှိစေရန် ဆက်လက်ပြောင်းလဲနေရဦးမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရန် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအနေဖြင့် မှန်ကန်အကျိုးရှိသော သတင်းအချက်အလက်များ၊ ဗဟုသုတများ၊ ပညာရပ်များအား ရယူသုံးစွဲနိုင်မှသာလျှင် လူ့အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်များ ပိုမိုမှန်ကန်မြန်ဆန်လာပြီး ရှေ့သို့ရောက်ရှိနေပြီးဖြစ်သော ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများကို အမီလိုက်နိုင်မည်ဖြစ်သည်။ အကျိုးရှိသည့် သတင်းအချက်အလက်များသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသဖြင့် အသိအမြင်များကို မျှဝေယူကြရဦးမည်ဖြစ်သည်။

အခြားအရေးကြီးသောအချက်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း၊ လူတိုင်းလူတိုင်း ညီညီညွတ်ညွတ် လက်တွဲပါဝင်ဆောင်ရွက်နိုင်ရေးဖြစ်သည်။ ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲဆောင်ရွက်ခြင်း၏အကျိုးရလဒ်မှာ နိုင်ငံရေးတွင်သာမက စီးပွားရေးတွင်လည်း တည်ငြိမ်ဖွံ့ဖြိုးမှုရှိလာမည်။ ထိုအခါ မြန်မာသည် အာရှတွင် စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများစာရင်းတွင်ပါဝင်လာမည်ဟု နိုင်ငံတကာစီးပွားရေးပညာရှင်များက မှတ်ချက်ပြုထားသည်။

အနှစ်ချုပ်မှာ မြန်မာများ ညီညွတ်ကြဖို့ လက်တွဲပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါသည်။ ။

## ဂုတ်တွင်းကားလမ်းဆက်လက်ပိတ်ရာမှ ကားတန်းရှည်ကြီးဖြစ်နေ

**လားရှိုး မတ် ၂**

ရှမ်းပြည်နယ် မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီး၏ မန္တလေး-လားရှိုး-မူဆယ် ကားလမ်းပေါ်ရှိ တစ်ခုတည်းသော ဂုတ်တွင်းကားလမ်းတွင် ဖေဖော်ဝါရီ ၂၉ ရက် ညပိုင်းက ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားပြီးနောက် ခရီးသည်တင်မော်တော်ယာဉ်များ အပါအဝင် နှစ်ဖက်အစုန်/အဆန် မော်တော်ယာဉ်ကြီးငယ်များအားလုံးသည် မတ် ၂ ရက် ညနေပိုင်းအထိ ရပ်တန့်စောင့်ဆိုင်းနေရဆဲဖြစ်သည်။

ထိုကဲ့သို့ ဂုတ်တွင်းကားလမ်းယာဉ်ကြောပိတ်ဆို့နေမှုကြောင့် မူဆယ်-လားရှိုးဘက်မှ လာရောက်သော ကားများသည် နောင်ပိန်ကျေးရွာမှစ၍ လည်းကောင်း၊ ရန်ကုန်-မန္တလေးဘက်မှ အတက်ကုန်တင်ယာဉ်ကြီးများနှင့် ခရီးသည်တင်ယာဉ်ကြီး၊ယာဉ်ငယ်များသည် နောင်ချိုမြို့မှစ၍လည်းကောင်း ရာချီသောကားတန်းရှည်ကြီးဖြစ်ပြီး ရပ်တန့်စောင့်ဆိုင်းနေကြရသည်။

ယာဉ်ကြောပိတ်ဆို့နေသော အဆိုပါဂုတ်တွင်းကားလမ်း အမြန်ပြန်ဖွင့်၍ သွားလာမှုလွယ်ကူချောမွေ့နိုင်စေရေးအတွက် တာဝန်ရှိသူများက အပူတပြင်း သွားရောက်ဆောင်ရွက်လျက်ရှိကြသည်။ နှစ်ဖက် အစုန်/အဆန် မော်တော်ယာဉ်များသည် ကားလမ်းပြန်ဖွင့်သည့်သတင်းကို စုံစမ်းပြီး စိတ်ချရမှသာလျှင် သွားလာကြရန် လိုအပ်ကြောင်း သိရသည်။

“ဒီဂုတ်တွင်းကားလမ်းမှာ နေ့ရော ညပါ အစုန်/အဆန်ယာဉ်မျိုးစုံ သွားလာနေကြတာပါ။ အဲဒီလိုယာဉ်မျိုးစုံ တွေထဲကနေ ၂၂ ဘီးကုန်တင် တွဲကားကြီးအချို့ အတက်၊ အဆင်း အချိုးအကွေ့နေရာမျိုးမှာ စက်ချွတ်ယွင်း ရပ်တန့်သွားခဲ့ရင် လမ်းပိတ်ပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ရပါတယ်။ ဒီလမ်းမှာ မကြာခဏဖြစ်လေ့ရှိပါတယ်။ ကျွန်တော်တို့ ယာဉ်ငယ်အချို့ကတော့ မတ် ၁ ရက် ညပိုင်း ယာဉ်ကြောခဏပွင့်ချိန်မှာ ဖြတ်သန်းလာနိုင်ခဲ့ပါတယ်။ ဒါပေမယ့် မတ် ၂ ရက် နံနက် အစောပိုင်းမှာပဲ ကုန်ကားကြီးတစ်စီးကြောင့် ထပ်မံလမ်းပိတ်သွားလို့ ခုဆိုရင်ယာဉ်ကြီး၊ ယာဉ်ငယ်များပါ ကားစီးရေ ရာချီပြီး တန်းစီနေရပါတယ်။

ဂုတ်တွင်းကားလမ်း အခြေအနေကို စုံစမ်းနားစွင့်ပြီးမှ သွားလာတာကတော့ ပိုကောင်းပါတယ်။ ဒါပေမယ့် ဒီဂုတ်တွင်းလမ်းကလည်း အတိအကျအပိုင်ပြောဖို့ ခက်ပါတယ်။

အပေါ်ကကြည့်ရင် လမ်းကြောင်းကောင်းပြီး ရှင်းနေပေမယ့် ဂုတ်တွင်းအောက်ရောက်တော့ ကိုယ့်ကားရှေ့က ကားကြီးတစ်စီးစီးကြောင့် လမ်းပိတ်သွားတာမျိုးကိုလည်း ကြုံဖူးပါတယ်။ နောက်ပြီးတော့ ယာဉ်မောင်းတွေကလည်း စည်းကမ်းရှိဖို့ လိုအပ်ပြီး အတင်းကျော်တက်မောင်းနှင်တာမျိုးမလုပ်မိဖို့ အရေးကြီးပါတယ်” ဟု မန္တလေး-လားရှိုး ယာဉ်ငယ်မောင်းသူ ကိုရှမ်းလေးက ပြောပြသည်။

အဆိုပါဂုတ်တွင်းကားလမ်းသည် မော်တော်ယာဉ်ကြီးများ နေ့၊ ည သွားလာမှုများပြားလာခဲ့ကြသည့်နည်းတူ ယာဉ်ကြောပိတ်ဆို့မှုများမှာလည်း မကြာခဏဖြစ်ပေါ် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ **သီပေါ(ကိုလတ်)**



## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၃ ရက်တွင် ကျင်းပမည်

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဦးစီးကျင်းပမည့် ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၃ ရက်တွင် ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park ၌ ကျင်းပသွားမည်ဟု မတ် ၁ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သော ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပွဲမှ သိရသည်။

“ဒီနေ့ကျင်းပတဲ့ အစည်းအဝေးကတော့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကို ရိုက်ကူးထုတ်လွှင့်ဖို့အတွက် ရုပ်သံလွှင့်ဌာနတွေ၊ ရေဒီယိုအသံလွှင့်ဌာနတွေနဲ့ တွေ့ဆုံညှိနှိုင်းတဲ့ အစည်းအဝေးပွဲပါ။ အရင်နှစ်တွေလိုပဲ ရုပ်သံလွှင့်ဌာနတွေကော ရေဒီယိုအသံလွှင့်ဌာနတွေပါ အားလုံးက ထုတ်လွှင့်ပေးဖို့သဘောတူပါတယ်။ မြန်မာ့အသံအနေနဲ့လည်း မနှစ်ကလို အိမ်ရှင်ရုပ်သံလွှင့်ဌာနအနေနဲ့ ထုတ်လွှင့်ပေးဖို့ကို ညှိနှိုင်းဆွေးနွေးတဲ့အဆင့် အဆင်ပြေပါတယ်။ သူတို့အနေနဲ့ ဆုံးဖြတ်ချက်ပေးဖို့တော့ သက်ဆိုင်ရာကိုတင်ပြပြီး အကြောင်းပြန်ကြားဖို့ ရှိနေပါတယ်” ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းက ပြောသည်။

ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကို ရိုက်ကူးထုတ်လွှင့်ပေးရန် သဘောတူထားသည့် ရုပ်သံလွှင့်လိုင်းများမှာ MRTV၊ MRTV-4 ၊ Channel 7၊ MWD၊ MWD Documentary၊ Sky net၊ MNTV ၊ Channel 9 နှင့် 5-plus ရုပ်သံလိုင်းတို့မှဖြစ်သည်။ ရေဒီယိုအသံလွှင့်လိုင်းများအနေဖြင့် မြန်မာ့အသံ၊ မန္တလေး၊ ပဉ္စဝတီ၊ ရွှေ၊ ချယ်ရီ၊ ပုဂံ၊ ပတ္တမြား၊ သဇင်နှင့် မြို့တော်အသံလွှင့်ဌာနစသည့် ရေဒီယိုအသံလွှင့်လိုင်းများမှ ထုတ်လွှင့်ပေးသွားမည်ဟု သိရသည်။

ထို့ပြင် အကယ်ဒမီပေးပွဲတွင် မီဒီယာများ သတင်းယူနိုင်ခွင့်နှင့် ပတ်သက်၍ “ရုပ်သံထုတ်လွှင့်မှုတွေက ဒီနေ့မှ အားလုံးသေချာတာဆိုတော့ အခမ်းအနားအစီအစဉ်တွေ၊ အစ်ကိုတို့ စီစဉ်တင်ဆက်မယ့်ပုံစံတွေ သိရရင် မီဒီယာတွေကို ဖိတ်ကြားပြီး စာနယ်ဇင်း ရှင်းလင်းပွဲလုပ်မယ်။ ပြီးတော့ မီဒီယာတွေ သတင်းယူနိုင်ဖို့အတွက်ကိုလည်း မီဒီယာတွေနဲ့ပဲ ညှိနှိုင်းတိုင်ပင်ပြီးတော့ နေရာချထားပေးတာတွေ လုပ်သွားမှာပါ။ လက်ရှိကတော့ ရွှေကြိုမောင်မယ်တွေကို စခေါ်နေပါပြီ။ မတ်လ ၁၃ ရက်ဆို လူတွေ့စစ်ဆေးတာတွေ ဆောင်ရွက်ပါမယ်။

စိစစ်ရွေးချယ်တဲ့ အပိုင်းကတော့ ၂၀၁၄ ခုနှစ်အတွက်ကော ၂၀၁၅ ခုနှစ်အတွက်ပါ ပြီးသွားပါပြီ” ဟု ဥက္ကဋ္ဌ ဦးလူမင်းက ပြောသည်။

အဆိုပါ အစည်းအဝေးသို့ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ရုပ်သံနှင့် အသံလွှင့်ဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**(ခင်ဇာလီ)**

## ယာဉ်စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ အထူးစစ်ဆေး

**နေပြည်တော် မတ် ၂**

ယာဉ်အသုံးပြုသူများ၊ ယာဉ်မောင်းများ ယာဉ်တိုက်မှုမဖြစ်ပွားစေရေးအတွက် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ်(၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ဇေယျာသီရိ မြို့နယ်)မှ တပ်ဖွဲ့စုမှူး ဒု-ရဲမှူး ကျော်မင်းလွင် ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၈ ရက်က ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ခေတ်အေးနယ်စပ်ဒေသဖွံ့ဖြိုးရေး ပရဟိတကျောင်းအနီးတွင် မော်တော်ယာဉ်များအား ယာဉ်အင်္ဂါရပ်နှင့်ညီ၊ မညီ စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရူပ(နေပြည်တော်)**




## နွေဝါစိုက်၍ ရေကို အကျိုးရှိစွာသုံး

**နွားထိုးကြီး မတ် ၂ ။** ။ ဆည်ရေကို အကျိုးရှိစွာအသုံးချရေးနှင့် ရေအနည်းဆုံးသုံးစွဲ ရသော မိုးကြိုဝါ(နွေဝါ)ကို စပါးအစား ဧက ၂၅၀ ကျော်ကို နွားထိုးကြီးမြို့နယ်တွင် ခက်လန်းဆည်ရေဖြင့် စိုက်ပျိုး နေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနက ပြောသည်။ စပါးကို ခက်လန်းဆည်ရေဖြင့် ဧက ၁၀၀ စိုက်မည့်အစား မိုးကြိုဝါကို ဧက ၂၅၀ တိုးချဲ့စိုက်ခြင်း ဖြစ်သည်။ စပါးသည် ဝါထက်ရေကိုပိုသုံးရ၍ ရေအကျိုးရှိစွာသုံးစွဲရန် ယခုနှစ်စပါးအစား ဝါစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ နွားထိုးကြီးနယ်တွင် ဆည်ရေ၊ ကန်ရေနည်းပါးမှုကြောင့် ကန်နားကန်ကြီးတွင် စပါးမစိုက်နိုင်ဘဲ ကန်ရေ၊ ဆည်ရေကို ပလပ်လိုက်ရကြောင်း သိရသည်။

**(ငွေးမြင့်မောင်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲယ်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel James McAden နှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**





## ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၃**

၂၀၁၆ ခုနှစ် မတ် ၃ရက်၌ ကျရောက်သော ဘူလ်ဂေးရီးယား သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်နီရယ်လ်မီတိုဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

### ❒ ရှေ့ဖုံးမှ

အကျယ်အဝန်းမှာ ဧက ၅၀၀ ခန့်ရှိပြီး လူဦးရေမှာ ၃၆၀၀၀ ခန့်သာဖြစ်သည်ဟု သိရသည်။

ဆိပ်ကမ်းမြို့တစ်ခုဖြစ်ပြီး အချက်အချာကျခဲ့သော ရန်ကုန်မြို့သည် တဖြည်းဖြည်းဖွံ့ဖြိုးလာခဲ့ပြီး ၁၉၂၂ ခုနှစ် ရန်ကုန်မြူနီစပါယ်အက်ဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း မကြာမီနှစ်များတွင် ရန်ကုန်မြို့သည် (Queen of the Cities) မြို့တော်များ၏ ဘုရင်မဟူ၍ပင် ပြောဆိုနိုင်သည်အထိ ခံ့ညားလှပနုပျိုနေခဲ့သည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည်မှစ၍ ရန်ကုန်သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်လာခဲ့သည်။ တစ်ချိန်က အရှေ့တောင်အာရှတွင် အလှပဆုံးနှင့် အသန့်ရှင်းဆုံး၊ မြို့တော်များ၏ ဘုရင်မဟူသော ဂုဏ်ပုဒ်မှသည် တဖြည်းဖြည်းမှေးမှိန်လာခဲ့ရပြန်သည်။ ၁၉၅၈ ခုနှစ်တွင် သာကေတ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပမြို့သစ်တို့ကို တိုးချဲ့ခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်မြို့နယ်များ၊ ရွှေပေါက်ကံ၊ ပုလဲမြို့သစ်၊ ပတ္တမြားမြို့သစ် စသည့် မြို့သစ်များကို တိုးချဲ့ခဲ့သည်။ ထို့အတူ ရန်ကုန်မြို့တွင်း ဧရိယာများတွင်လည်း အထပ်မြင့်တိုက်များ၊ ကန်ထရိုက်တိုက်များ ပေါ်ပေါက်လာခဲ့ပြီး လူဦးရေ ထူထပ်များပြားလာမှု၊ အဓိက စီးပွားရေးမြို့တော်နှင့် နိုင်ငံတကာဝင်ထွက်ပေါက်မြို့ဖြစ်မှုတို့ကြောင့် ရွှေ့ပြောင်းအခြေချနေထိုင်သူတို့ များပြားလာကာ ရန်ကုန်မြို့ပြသည် စနစ်တကျ မြို့ပြဖွံ့ဖြိုးတိုးတက်မှုပုံစံမဟုတ်ဘဲ ရှုပ်ထွေးကြပ်တည်းသော မြို့တော်ကြီးအသွင် ဖြစ်ပေါ်လာခဲ့သည်။ အုပ်ချုပ်မှုမြို့တော်ကိုလည်း နေပြည်တော်သို့ ပြောင်းရွှေ့လိုက်သည့်တိုင် မြန်မာနိုင်ငံ၏အဓိက အသက်သွေးကြောသဖွယ်ဖြစ်သော မြို့ရန်ကုန်သည် ယာဉ်သွားလာမှုစနစ်မကျမှု၊ အိမ်ရာများ၊ တိုက်ခန်းများ အမှိုက်စွန့်ပစ်မှု၊ ရေစီးရေလာ စသည့် မြို့ပြရေးရာစီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်လာရသည်။

ရန်ကုန်မြို့၏ ခေတ်အဆက်ဆက်တွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ကြသည်။ လက်ရှိ ဒီမိုကရေစီအစိုးရ ငါးနှစ်သက်တမ်းမတိုင်မီကလည်း ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းများကို ဂျပန်နိုင်ငံနှင့်လည်းကောင်း၊ မလေးရှားနိုင်ငံနှင့်လည်းကောင်း စသည့် နိုင်ငံတကာအတွေ့အကြုံရှိ ပညာရှင်များနှင့်ပူးပေါင်းကာ ရေးဆွဲခဲ့ကြသည်။ သို့ရာတွင် စီမံကိန်းအကောင်အထည်ဖော်မှုတွင် ငွေကြေးမြောက်မြားစွာ ရင်းနှီးကုန်ကျမှုရှိခဲ့ခြင်းနှင့် စီမံကိန်းဆိုင်ရာ အကောင်အထည်ဖော်နိုင်မှုတို့တွင် အခက်အခဲများရှိကြောင်း သိရသည်။ မြို့ပြစီမံကိန်းများကို ရေးဆွဲခဲ့ရာတွင် နှစ် ၃၀ နှစ်ရှည် စီမံကိန်းများကို ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်မှစ၍ ဒီမိုကရေစီအသွင်ကူးပြောင်းဆောင်ရွက်ခဲ့ရာတွင် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသော အနာဂတ် ရန်ကုန်စီမံကိန်းကြီးကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့၏ အခြေအနေရပ်များနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရနှင့် ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA လေ့လာရေးအဖွဲ့တို့သည် ၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်၍ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းနှင့် အနာဂတ်မျှော်မှန်းချက်လေ့လာပြင်ဆင်မှုများ စတင်ပြင်ဆင်ဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် JICA တို့ ဆွေးနွေးခဲ့ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများ တညီတညွတ်တည်း သဘောတူလျက် လာမည့် ၂၀၄၀ ခုနှစ်တွင် ရန်ကုန်မြို့သည် ငြိမ်းချမ်း၍ သာယာလှပသောမြို့တော် စိမ်းလန်းစိုပြည်သော ရွှေဝါရောင်မြေဖြစ်စေရမည်ဟူသော ဆောင်ပုဒ်ကို ချမှတ်ခဲ့သည်ဟု သိရသည်။ ယင်းမှ အနာဂတ်ရန်ကုန် ၂၀၁၁-၂၀၁၆ မှသည် ၂၀၄၀ အထိ နှစ်ရှည်စီမံကိန်းတစ်ခုဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မှတ်တမ်းများအရ သိရသည်။

ယင်းမှာ မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း (The Strategic Urban Development Plan of the Greater Yangon) ရေးဆွဲအကောင်အထည်ဖော်ရန် အကြိုမြေပြင်ကွင်းဆင်းလေ့လာမှုများ၊ အပြန်အလှန်ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ပြီး ယင်းစီမံကိန်းသည် ၂၀၄၀ ပြည့်နှစ်တွင် မျှော်မှန်းထားသော လူဦးရေ ၁၀ သန်းကျော်အတွက် ပြီးပြည့်စုံသည့် ကာလရှည်ဖွံ့ဖြိုးရေးစီမံကိန်းဖြစ်သည်ဟု သိရသည်။ လက်ရှိ ရန်ကုန်မြို့အပါအဝင် မြို့ပြဖွံ့ဖြိုးမှုအပေါ် တိုက်ရိုက်ဆက်စပ်နေသည့် ပတ်ဝန်းကျင်မြို့နယ်များ၏ အစိတ်အပိုင်းအပါအဝင် ဧရိယာ ၁၅၀၀ စတုရန်းကီလိုမီတာခန့် (၅၈၀ စတုရန်းမိုင်ခန့်)ရှိ မဟာရန်ကုန် (Greater Yangon) ၏ မဟာဗျူဟာစီမံကိန်းဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

### မြို့ပြဖွံ့ဖြိုးမှု မျှော်မှန်းချက် ၄ ရပ်

မဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင် မြို့ပြဖွံ့ဖြိုးမှုမျှော်မှန်းချက် ၄ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ ယင်းမှာ ရန်ကုန်မြို့တော်သည် စီးပွားရေးမြို့တော်အဖြစ် အချက်အချာကျလျက်ရှိသောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုလုပ်ငန်းများအခြေစိုက်ရာ၊ နိုင်ငံတကာ ဝင်ပေါက်ထွက်ပေါက်မြို့နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တည်ရှိရာဖြစ်သောကြောင့် နိုင်ငံတကာ ဝင်ထွက်သွားလာနိုင်သော ကြားခံမြို့တော်အဖြစ်လည်းကောင်း၊ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေး၊ ပညာရေး၊ လူမျိုးဘာသာပေါင်းစုံ စုံလင်တည်ရှိမှု၊ စိမ်းလန်းစိုပြည်သောမြို့အဖြစ် သက်သောင့်သက်သာရှိသော မြို့တော်အဖြစ်လည်းကောင်း၊ စနစ်တကျ မြေယာအသုံးချမှု၊ ရေရှည်တည်တံ့နိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အပါအဝင် အုပ်ချုပ်မှုကောင်းမွန်သော မြို့တော်အဖြစ်လည်းကောင်း၊ မြို့တစ်မြို့၏ အဓိကကျသော သယ်ယူပို့ဆောင်ရေး၊ ရေစီးရေလာစနစ်များ၊ လျှပ်စစ်စနစ်၊ အမှိုက်စွန့်ပစ်စနစ်၊ သတင်းဆက်သွယ်ရေး၊ လမ်းတံတားများ စသည့် အခြေခံအဆောက်အအုံများ ပြည့်စုံသော မြို့တော်အဖြစ်လည်းကောင်း မျှော်မှန်းချက် ၄ ရပ် ချမှတ်ထားကြောင်း သိရသည်။

### မြို့လယ်ဗဟို ဖွံ့ဖြိုးမှုပုံစံ

ရန်ကုန်မြို့လယ်ဖွံ့ဖြိုးမှုသည် သိပ်သည်းကျပ်တည်းလျက်ရှိသည်။ မြို့ပြတည်ဆောက်မှုပုံစံအဖြစ် စိမ်းလန်းမြေပါဝင်သည့် မြို့လယ်ဗဟိုပြု ဖွံ့ဖြိုးမှုပုံစံ (Sub-center with Green Isle System) အား ရွေးချယ်ခဲ့ပြီး ယင်းမြို့ပြတည်ဆောက်မှုပုံစံအရ လက်ရှိမြို့လယ် ဗဟိုစီးပွားရေးဇုန် (CBD) တွင် သိပ်သည်းမှုမြင့်မားနေမှုအပေါ် ဖြေရှင်းရန် မြို့လယ်ဧရိယာမှ ၁၀-၁၅ ကီလိုမီတာအကွာတွင် စီးပွားရေးဖွံ့ဖြိုးမှုပတ်လမ်းအဖြစ် ဒုတိယဗဟိုစီးပွားရေးဇုန် (Secondary CBD) အဖြစ် မင်းဓမ္မနယ်မြေနှင့် စီးပွားရေးဗဟိုခွဲများ (Sub Centers) အဖြစ် လှိုင်သာယာ၊ ဒဂုံမြို့သစ် တောင်/မြောက် လမ်းဆုံ၊ ပဲခူးမြစ်ကမ်း (ဒဂုံမြို့သစ်ဆိပ်ကမ်းနှင့် သန်လျင်ကုလားဝဲအနီး)နှင့် သီလဝါ၊ ကျောက်တန်းဒေသကြားနေရာများကို လျာထားကြောင်း သိရသည်။

### မြို့ပြတိုးချဲ့မှုပုံစံ

ယင်းသို့ လျာထားဆောင်ရွက်ရာတွင် မြို့ပြတိုးချဲ့မှုပုံစံအရ စီးပွားရေးဖွံ့ဖြိုးမှုပတ်လမ်းမှ ၁၀-၁၅ ကီလိုမီတာအကွာရှိ မြို့ပြင်ဖွံ့ဖြိုးမှုပတ်လမ်းတွင် မြို့သစ်ဗဟို (Town Core Center) များအား တစ်ခုနှင့်တစ်ခု ၁၀-၁၅ ကီလိုမီတာခွာ၍ မှော်ဘီ၊ လှည်းကူး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ သန်လျင်၊ ဒလ၊ တွံတေး၊ ထန်းတပင်မြို့နယ်တို့၏ အစိတ်အပိုင်းဧရိယာများကို လျာထားခြင်းဖြစ်သည်။

### စက်မှုနယ်မြေ တိုးချဲ့မှုပုံစံ

ယင်းသို့ မြို့ပြဖွံ့ဖြိုးမှုတိုးချဲ့ရာတွင် တိုးပွားလာမည့် လူဦးရေနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖန်တီးပေးရမည်ဖြစ်ရာ စက်မှုနယ်မြေတိုးချဲ့စီမံကိန်းများလည်း ပါဝင်ကြောင်း သိရသည်။ စက်မှုနယ်မြေများအဖြစ် မှော်ဘီ၊ မင်္ဂလာဒုံ၊ လေးထောင့်ကန်၊ သီလဝါတို့တွင် တိုးချဲ့တည်ဆောက် အကောင်အထည်ဖော်ရန်လည်းပါဝင်ကြောင်း သိရသည်။

### စိမ်းလန်းမြေတိုးချဲ့မှုနယ်မြေ

ယင်းသို့ စီးပွားရေးဖွံ့ဖြိုးမှုပတ်လမ်းကို မြို့တွင်းနှင့် မြို့ပြင် ချိတ်ဆက်ထားရာတွင် ပတ်လမ်းနှစ်ခုကြားနယ်မြေအား မြို့ပြပရမ်းပတာ ပျံ့နှံ့မှု မဖြစ်စေရန်အတွက် စိမ်းလန်းမြေများ တိုးချဲ့ခြင်း (ပန်းခြံ၊ ကစားကွင်း၊ မြေကွက်လပ်များ ထပ်မံဖော်ထုတ်ခြင်း)နှင့် လူနေထူထပ်မှုမရှိအောင် ထိန်းသိမ်းခြင်းတို့ပါဝင်ကြောင်း သိရသည်။

### မြို့လယ်ဗဟိုစီးပွားရေးဇုန် ဖွံ့ဖြိုးရေးစီမံကိန်း (CBD Development Plan)

မဟာဗျူဟာစီမံကိန်း၏ မြို့လယ်ဗဟိုစီးပွားရေးဇုန်ဖွံ့ဖြိုးရေးစီမံကိန်း (CBD Development Plan) တွင် မြေအသုံးချဇုန် ခွဲခြားခြင်း၊ အဆောက်အအုံအမြင့်ကန့်သတ်ခြင်းနှင့် မြို့ပြအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

### ၂၀၄၀ ပြည့်နှစ် ရန်ကုန်မြို့ပြ မြေအသုံးချမှု

မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးမှုမဟာဗျူဟာစီမံကိန်းသည် ၂၀၄၀ ပြည့်နှစ် ရန်ကုန်မြို့၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှုအပေါ် မျှော်မှန်းသော စီမံကိန်းဖြစ်ပြီး ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးရေးကဏ္ဍတွင် ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းတစ်ခုချင်းအား အလျင်အမြန် ဆောင်ရွက်ရန်ကာလကို ကာလတို၊ ကာလလတ်၊ ကာလရှည်ဟူ၍ နှစ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ထားကြောင်း သိရသည်။ မြို့သစ်များ တိုးချဲ့တည်ဆောက်သွားရာတွင်လည်း လက်ရှိရေပေးဝေနိုင်မှုအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ ကုန်စည်ပို့ဆောင်ရေးနှင့် အချက်အချာကျမှုတို့အရ ဦးစားပေးဆောင်ရွက်သွားရမည့် နယ်မြေများအဖြစ် ရန်ကုန်အရှေ့မြောက်ပိုင်းမြို့သစ်၊ ရန်ကုန်အနောက်တောင်ပိုင်းမြို့သစ်၊ သန်လျင်မြို့သစ်၊ ဒလမြို့သစ်၊ ထန်းတပင်မြို့သစ်၊ မှော်ဘီမြို့သစ်၊ လှည်းကူးမြို့သစ်တို့ဖြစ်ကြောင်း သိရသည်။ ယင်းအပြင် အမှိုက်စွန့်ပစ်စနစ်၊ အမှိုက်မှ စွမ်းအင်ထုတ်ယူမှုစနစ်၊ ရေဆိုးစွန့်စနစ် စသည်အားဖြင့်လည်း စီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားရမည်ဟု သိရသည်။

လက်ရှိ လူဦးရေအားဖြင့် ငါးသန်းကျော်သော ရန်ကုန်မြို့ပြသည် ၂၀၄၀ ပြည့်နှစ်တွင် လူဦးရေ ၁၀ သန်းကျော်သော မြို့ပြကြီးအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ရာ ယင်းသို့မျှော်မှန်း၍ မြို့ပြဖွံ့ဖြိုးမှုပုံစံများ စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်သွားရမည်ပင်ဖြစ်သည်။ ယခင်က မလေးရှားပညာရှင်အဖွဲ့နှင့် ရေးဆွဲခဲ့သော ရန်ကုန်မြို့ပြစီမံကိန်းတွင် ဆိပ်ကမ်းနှင့် ကမ်းနားတစ်လျှောက် ဖွံ့ဖြိုးရေးစီမံကိန်းများစွာပါဝင်ပြီး မြို့လယ်ဖွံ့ဖြိုးမှုပုံစံကို ခွဲထုတ်ပစ်ရန် စီမံကိန်းများလည်း ပါဝင်သည်။ လက်ရှိ JICA နှင့် ရေးဆွဲအကောင်အထည်ဖော်နေသော မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းတွင်လည်း မြို့လယ်ဧရိယာတွင် စုပြုံကျပ်တည်းစည်ကားနေမှုကို ခွဲထုတ်မှုအဖြစ် ဒုတိယဗဟိုစီးပွားရေးဇုန် (Secondary CBD) နှင့် စီးပွားရေးဗဟိုခွဲများ (Sub Centers) များ အကောင်အထည်ဖော်မှု ပါဝင်သည်။ ယင်းသို့ အကောင်အထည်ဖော်ရာတွင် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာလိုအပ်ချက်များ ပြည့်မီရန်လိုအပ်သည်။ ယင်းအပြင် မြို့လယ်ဗဟို ဖွံ့ဖြိုးမှုပုံစံတွင်လည်း ရှိရင်းစွဲ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများနှင့် လမ်းများ တည်ရှိမှုအပေါ်မူတည်၍ စနစ်တကျအကောင်အထည်ဖော်သွားရန်လိုအပ်ပြီး အထပ်မြင့်အဆောက်အအုံများ အလွန်များပြားလာမှု၊ ကျဉ်းကျပ်သော အခန်းငယ်များဖြင့် လူနေထူထပ်သိပ်သည်းလွန်းမှုကို ကန့်သတ်မှု၊ စနစ်ကျသော မြေအသုံးချမှုဇုန်ခွဲခြားခြင်းတို့ကို လျင်မြန်စွာ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း မြို့ပြရေးရာ ကျွမ်းကျင်သူများနှင့် မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်နေသူများက ဆိုသည်။

သမိုင်းဝင်အမွေအနှစ် အဆောက်အအုံများအနီး အထပ်မြင့်များဆောက်လုပ်ခြင်း၊ သီးသန့်ဆိတ်ငြိမ်ရပ်ကွက်ကြီးများအတွင်း အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စိမ်းလန်းဧရိယာနည်းပါးပြီး ကစားကွင်းများ၊ ပန်းခြံများ ရှားပါးလာခြင်း၊ လူနေရပ်ကွက်များအတွင်း စံချိန်စံညွှန်းမမီသော ကန်ထရိုက်တိုက်များကြောင့် ကားရပ်ရန် နေရာအခက်အခဲများဖြစ်ပေါ်လာခြင်း၊ နေ့စဉ် အမှိုက်စွန့်ပစ်မှု အခက်အခဲ၊ ရေစီးရေလာ မကောင်းမွန်မှု၊ လျှပ်စစ်မီးသွယ်တန်းမှုနှင့် အရေးပေါ် မီးငြိမ်းသတ်စနစ်၊ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ် စသည့်မြို့ပြရေးရာ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသောကြောင့် ယင်းတို့အပေါ် လက်ရှိရေးဆွဲအကောင်အထည်ဖော်နေသော စီမံကိန်းနှင့်အတူ စနစ်ကျသော မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးမှုမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်သင့်ကြောင်း သုံးသပ်အကြံပြုကြခြင်းဖြစ်သည်။ တစ်ချိန်က အာရှ၏ လှဒေဝီဖြစ်ခဲ့သော၊ မြို့တော်များ၏ ဘုရင်မဖြစ်ခဲ့သော မဟာရန်ကုန်မြို့သည် နေချင့်စဖွယ် ခေတ်မီမြို့ပြတစ်ခုအသွင်သို့ ပြန်လည်ပုံဖော်နိုင်ရေးတွင် ရေတို၊ ရေရှည် စီမံကိန်းများဖြင့် ရေးဆွဲအကောင်အထည်ဖော်နေသော စီမံကိန်းနှင့်အတူ စနစ်တကျ အကောင်အထည်ဖော်သွားနိုင်ရန်လည်း လိုအပ်ပြီး အဂတိလိုက်စားမှုကင်းရှင်းစွာဖြင့် ကိုယ်ကျိုးစီးပွားထက် မြို့ပြအကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်သွားရမည်ဟု သုံးသပ်ကြသည်။ အလားတူ ဒီမိုကရေစီအသွင်ကူးပြောင်းစ နိုင်ငံတွင် နိုင်ငံထူထောင်ရေး၊ မြို့ပြဖွံ့ဖြိုးရေးတွင် စည်းကမ်းပိုင်းဆိုင်ရာမှာ အရေးကြီးပြီး စည်းကမ်းထိန်းသိမ်းမှုနှင့် အရေးယူမှုအပိုင်းများတွင် ထိရောက်ရန် လိုအပ်မည်ဟုလည်း သုံးသပ်အကြံပြုလျက်ရှိသည်။

# အာဖဂန်နစ္စတန်နိုင်ငံရှိ အိန္ဒိယကောင်စစ်ဝန်ရုံးအား တိုက်ခိုက်သူလေးဦးကို လုံခြုံရေးတပ်ဖွဲ့က သုတ်သင်



**ဂျလာလာဘတ် မတ် ၂**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ဂျလာလာဘတ်မြို့ရှိ အိန္ဒိယကောင်စစ်ဝန်ရုံးကို ပစ်မှတ်ထား အသေခံဗုံးခွဲတိုက်ခိုက်သူ လေးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ချေမှုန်းသုတ်သင်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျလာလာဘတ်မြို့ရှိ အိန္ဒိယကောင်စစ်ဝန်ရုံးအနီးသို့ တိုက်ခိုက်ရေးသမားများအနက် တိုက်ခိုက်ရေးသမားတစ်ဦးက ကားတစ်စီးဖြင့် မောင်းနှင်လာကာ ဗုံးခွဲတိုက်ခိုက်ရာ ကောင်စစ်ဝန်ရုံးအဆောက်အအုံ၏ တံခါးမကြီးများနှင့် ပြတင်းတံခါးများပျက်စီးခဲ့ရပြီး မော်တော်ယာဉ်ရှစ်စီးထက်မနည်း ပျက်စီးခဲ့ရကြောင်း၊ အခင်းဖြစ်ပွားရာနေရာတွင် ပေါက်ကွဲသံများနှင့် သေနတ်သံများ ပေါ်ထွက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေရှင်းလင်းခဲ့ပြီး စစ်သည်တင်သံချပ်ကာကားများကို တွေ့မြင်ရကြောင်း၊ အရပ်သားများ ထွက်ပြေးခဲ့ကြရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အိန္ဒိယကောင်စစ်ဝန်ရုံး၏ ခြံဝင်းအတွင်းသို့ ဝင်ရောက်နိုင်ရန် အကြမ်းဖက်သမားလေးဦးက ကြိုးပမ်းခဲ့ကြပြီး ၎င်းတို့ကို ပစ်ခတ်ဖမ်းဆီးခဲ့ရာ သေဆုံးခဲ့ကြောင်း နန်ဂါဟာပြည်နယ် အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရဲအရာရှိတစ်ဦးနှင့် အရပ်သူအမျိုးသမီးတစ်ဦးတို့ သေဆုံးခဲ့ရပြီး ၁၉ဦး ဒဏ်ရာရရှိကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**

# နော်ဝေဆယ်ကျော်သက်မြင်းစီးမယ် ကမ္ဘာ့အသက်ငယ်ဆုံးဘီလျံနာဖြစ်လာ

**ပေကျင်း မတ် ၂**

ဖောဘိစ်မဂ္ဂဇင်း၏ ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်များနှစ်စဉ်အညွှန်းအရ နော်ဝေနိုင်ငံမှ ဆယ်ကျော်သက် မြင်းစီးမယ်တစ်ဦးသည် ကမ္ဘာ့အသက်ငယ်ဆုံးဘီလျံနာဖြစ်လာခဲ့ကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ်ရှိ အလက်ဇန္ဒရားအန်ဒရီဆင်နှင့် အစ်မဖြစ်သူ အသက် ၂၀နှစ်အရွယ်ရှိ ကက်သရီနာတို့မှာ ဖခင်ဖြစ်သူ ဂျိုဟန်အန်ဒရီဆင်က မိသားစုပိုင်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ Ferd ၏ အစုရှယ်ယာ ၄၂ ရာခိုင်နှုန်းစီကို ၎င်းတို့ထံလွှဲပြောင်းလိုက်သောကြောင့် ဖောဘိစ်မဂ္ဂဇင်း၏ ကမ္ဘာ့အချမ်းသာဆုံး ထိပ်တန်းစာရင်းတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။ မတ် ၁ ရက်က ဖောဘိစ်မဂ္ဂဇင်း၏ ကမ္ဘာ့အချမ်းသာဆုံးစာရင်း၌ ၁၄၇၆ မြောက် အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် စာရင်းသွင်းခြင်းခံခဲ့ရသူ အန်ဒရီဆင်မှာ ပထမဆုံးအကြိမ်အဖြစ် ထိပ်တန်းစာရင်းတွင်ပါဝင်ခဲ့ခြင်းဖြစ်သည်။

ကိုယ်ပိုင်ကြွယ်ဝမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရှိသော်လည်း မြင်းကိုလိမ္မာအောင်ကျင့်ပေး၍ယှဉ်ပြိုင်သူတစ်ဦးဖြစ်သည့် အန်ဒရီဆင်မှာ အိမ်၌သူပိုင်မြင်းများနှင့် ပိုမိုအချိန်ဖြုန်းလေ့ရှိပုံပေါ်ပြီး ၎င်းကျွမ်းကျင်စွာ မြင်းစီးလေ့ကျင့်ရာ ဂျာမနီနိုင်ငံတွင် နေထိုင်သည်။ အန်ဒရီဆင်မှာ နော်ဝေ အငယ်တန်းချန်ပီယံဆုကို သုံးကြိမ်ရရှိထားသူဖြစ်ပြီး ဥရောပအငယ်တန်းမြင်းစီးပြိုင်ပွဲများ၌ ဂုဏ်ပြုချီးကျူးမှုများစွာ ရရှိထားသူဖြစ်သည်။

အန်ဒရီဆင်၏မိသားစုက ဆေးရွက်ကြီးရောင်းဝယ်ရေးမှ ငွေကြေးအမြောက်အမြားရရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ဆေးရွက်ကြီးလုပ်ငန်းရှိ ၎င်းတို့ပိုင် အစုရှယ်ယာများကို Skandinavisk Tobakskompagni သို့ အမေရိကန် ဒေါ်လာ သန်း ၄၈၀ ဖြင့်ရောင်းချခဲ့သည်။ ယနေ့အချိန်တွင် Ferd ကုမ္ပဏီမှာ နောဒစ်စတော့အိတ်ချိန်းစာရင်းဝင် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်ပြီး ပုဂ္ဂလိကအစုရှယ်ယာ ရင်းနှီးမြှုပ်နှံမှုများလည်း ရှိသည်။

**ဆင်ဟွာ။**



# ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိ ငွေကြေးလိမ်လည်သူများကို တရုတ်တရားရုံးက ထောင်ဒဏ်စီရင်ချက်ချမှတ်

**ပေကျင်း မတ် ၂**

တရုတ်နိုင်ငံ၌ ယွမ်ငွေ ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ) ခန့်အထိ မမှန်မကန်လိမ်လည်ရယူခဲ့သူ ၂၄ ဦးကို နိုင်ငံတောင်ပိုင်း ကွမ်တုန်မြို့ရှိ တရားရုံးတော်က ထောင်ဒဏ်ပြစ်ဒဏ်များ အသီးသီးကျခံရန် အမိန့်စီရင်ချက်ချမှတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၁၂ ခုနှစ်အထိ ဆယ်နှစ်တာကြာမြင့်သည့် ကာလအတွင်း ရင်းနှီးမြှုပ်နှံသူ ၂၃၀၀၀၀ ကျော်ထံမှ ငွေကြေးရရှိရန် လိမ်လည်ခဲ့မှုဖြင့် လူ ၂၄ ဦးကို ပြစ်ဒဏ်စီရင်ချမှတ်ခဲ့သည်။ လိမ်လည်ခံရသူ အများစုမှာ သက်ကြီးရွယ်အို ပင်စင်စားများဖြစ်ကြသည်။

ကွမ်တုန်ဘန်ကျား အိမ်သုံးပစ္စည်းငှားရမ်းရေးကုမ္ပဏီသည် ကွမ်တုန်ပြည်နယ်အတွင်း ကုမ္ပဏီခွဲလေးခုထူထောင်ကာ ရင်းနှီးမြှုပ်နှံသူများအား ငွေကြေးအကျိုးအမြတ်ပေးမည်ဟု မက်လုံးပေးကာ ကာလရှည်လိမ်လည်ခဲ့ကြောင်း တရားရုံးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကွမ်ကျိုး ပြည်သူ့တရားရုံးသည် ငွေကြေးလိမ်လည်မှုကို ဦးဆောင်ပြုလုပ်ခဲ့သူ ကျန်ဟောင်ဝေကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း၊ အခြားပြစ်မှု ထင်ရှားတွေ့ရှိသူများကို ထောင်ဒဏ်သုံးနှစ်မှ ၁၄ နှစ်အထိ ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့သည်။

**ရိုက်တာ။**

❖❖❖

# လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့ကို အကြမ်းဖက် အဖွဲ့အစည်းအဖြစ် ကြေညာ

**ရီယာ့ဒ် မတ် ၂**

ဆော်ဒီအာရေဗျဦးဆောင်သည့် ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကောင်စီသည် လက်ဘနွန်အခြေစိုက် ရှီးယိုက်စစ်သွေးကြွလက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံရေးပါတီဖြစ်သော ဟစ်ဇ်ဘိုလာအဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာလိုက်သည်။ ပင်လယ်ကွေ့နိုင်ငံများ၌ ယင်းအဖွဲ့က ရန်ဘက်အပြုအမူများ လုပ်ဆောင်နေခြင်းကြောင့်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆီးရီးယား ပြည်တွင်းစစ်တွင် သမ္မတ ဘာရှားအယ်အာဆတ်အစိုးရအဖွဲ့ဘက်မှ ထောက်ခံခြင်း၊ ဒေသတွင်း၌ ဆော်ဒီအာရေဗျ၏ ပြိုင်ဘက် အီရန်က ထောက်ပံ့မှုများပေးခြင်းကို ရရှိနေချိန်တွင် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ)ဝင် အာရပ်စော်ဘွားများပြည်ထောင်စု၊ ကူဝိတ်၊ ကာတာ၊ ဘာရိန်းနှင့် အိုမန်နိုင်ငံတို့က ဟစ်ဇ်ဘိုလာအဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာရန် ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်။

ဆေးယက်ဟက်ဆန် နာဆာလား ခေါင်းဆောင်သည့် ဟစ်ဇ်ဘိုလာအဖွဲ့သည် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခြင်း၊ လက်နက်များနှင့် ဖောက်ခွဲရေးပစ္စည်းများ မှောင်ခိုသယ်ဆောင်ခြင်း၊ နိုင်ငံတော်အား အကြည်ညိုပျက်စေရန် မြှောက်ပင့်ပေးခြင်းနှင့် အကြမ်းဖက်မှုများဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်းတို့ပြုလုပ်နေသည်ဟု၍ ဂျီစီစီက ပြောကြားသည်။

ပင်လယ်ကွေ့နိုင်ငံများသည် ဆီးရီးယားအုပ်စိုးသူများအား ဟစ်ဇ်ဘိုလာအဖွဲ့ဝင်များက ထောက်ပံ့မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ၂၀၁၃ ခုနှစ်အတွင်း ယင်းအဖွဲ့အပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ **ရိုက်တာ။**



# ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးကြိုးပမ်း

**တိုကျို မတ် ၂**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၎င်းအာဏာရစဉ်အတောအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဝန်ကြီးချုပ်က ယနေ့ ကျင်းပသော အထက်လွှတ်တော် ရသုံးမှန်းခြေကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ညီညွတ်မျှတဒီမိုကရက်တစ်ပါတီက ၎င်းဖွဲ့စည်းခဲ့သည့်အချိန်ကစပြီး ကြေညာခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုသည် ၂၀၁၄ ခုနှစ်အတွင်း ပါတီမဲဆွယ်စည်းရုံးမှု၏ အဓိကမဏ္ဍိုင်တစ်ခု ဖြစ်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ထောက်ခံသည့် လွှတ်တော်အမတ်အရေအတွက် သုံးပုံနှစ်ပုံထက်လျော့နည်းပါက ၎င်းပါတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းမည်မဟုတ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် အစိုးရအဖွဲ့နှင့် အခြားသောပါတီများ၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။

အဆိုပါအစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီး နာကာတာနီအား ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မည့်မူကြမ်းတွင် အမျိုးသားကာကွယ်ရေးတပ်ဖွဲ့တစ်ရပ်ဖွဲ့စည်းရန် ပါရှိသလားဆိုသည်ကို မေးမြန်းခဲ့ရာ အမေရိကန်ပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့်အတိုင်း သီးခြားကာကွယ်ရေးတပ်အပြင် စုပေါင်းစပ်ပေါင်းကာကွယ်ရေးတပ်ဖွဲ့စည်းရန် အခွင့်အရေးနှစ်ရပ်စလုံး ပါဝင်ကြောင်းဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံအသိုက်အဝန်းတွင် စစ်တပ်မရှိသည့်နိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး နာကာတာနီက ဆက်လက်ပြောသည်။

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့်ငြိမ်းချမ်းရေးအပြင် ပြည်သူများ၏အသက်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တစ်ရပ်ဖွဲ့စည်းရန် လိုအပ်သည်ဟု ဝန်ကြီးက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# လူမှုကာကွယ်စောင့်ရှောက်ရေး ကနဦးစီမံချက်ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် မတ် ၂**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဂုံမင်းကွင်းကျေးရွာအုပ်စု ထိုင်ကူမြစ်တန်းကျေးရွာသို့သွားရောက်ကြပြီး ဝန်ကြီးဌာနမှ ကျပ် ၄၅ သိန်းဖြင့် ဆောက်လုပ်ပြီးစီးသည့် ဂိုးမြောင်းချောင်းကူးကွန်ကရစ်တံတားဖွင့်ပွဲ အခမ်းအနားကိုလည်းကောင်း၊ မိကျောင်းအိုင်ကျေးရွာအုပ်စု ရွာသာအေးရွာတွင် ဝန်ကြီးဌာနမှ ကျပ် ၂၅ သိန်းဖြင့် ထောက်ပံ့ထားသည့် ရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကမ္ပည်းမော်ကွန်းကို နံ့သာရည်ပက်ဖျန်းပေးသည်။ ယင်းနောက် ဒေသခံပြည်သူများအတွက် မိသားစုသုံးပစ္စည်းများနှင့် ချောင်းကူးတံတားတည်ဆောက်ရန် ကျပ်ငါးသိန်း ထောက်ပံ့ပေးသည်။

မတ် ၁ ရက်တွင် ဖျာပုံမြို့ (၁၇)ရပ်ကွက်၌ ဝန်ကြီးဌာနမှ ကျပ်သိန်း ၂၀ ဖြင့် ထောက်ပံ့သည့် ကျောက်စိမ်းလမ်းကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဆက်လက်၍ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာနှင့် ချောင်းတွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးသူများကူညီစောင့်ရှောက်ရေးအဖွဲ့ (Help Age International)နှင့် ပူးပေါင်းဆောင်ရွက်ထားခဲ့သော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ တစ်နှစ်တိတိ ကနဦးစီမံချက်အနေဖြင့် (၁၈)ရပ်ကွက်၊ (၁၉)ရပ်ကွက်နှင့် ချောင်းတွင်းကျေးရွာများအတွင်း နေထိုင်သည့် အသက်(၇၀)မှ (၉၀)အကြား အဘိုးအဘွားများအတွက် တစ်ဦးလျှင် တစ်လကျပ် ၁၀၀၀၀ နှုန်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် တစ်ဦးလျှင် တစ်လကျပ် ၁၀၀၀၀ နှုန်းနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအတွက် တစ်ဦးလျှင် တစ်လကျပ် ၇၀၀၀ နှုန်းဖြင့် နောက်ဆုံးသုံးလစာ ထောက်ပံ့ငွေစုစုပေါင်း ကျပ်သိန်း ၂၃၂ ဒသမ ၆၈ သိန်း၊ (၁၇) ရပ်ကွက် ပတ္တမြားလမ်းနှင့် ကျောက်စိမ်းလမ်း ကျန်ရှိအပိုင်း ကွန်ကရစ်လမ်းခင်းရန် ကျပ်သိန်း ၃၀ နှင့် ကျုံကဒွန်းကျေးရွာ စံပြမူလတန်းကြိုကျောင်းအဝင် ကွန်ကရစ်လမ်းအတွက် ကျပ်ငါးသိန်းတို့ကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးသည်။ ထို့နောက် ပြည်သူ့ပန်းခြံ၌ ဝန်ကြီးဌာနမှ ကျပ်သိန်း ၅၀ ဖြင့် ထောက်ပံ့ထားခဲ့သည့် အပေါ့စားမီးသတ်ရေစုပ်စက် သရုပ်ပြပွဲကို ကြည့်ရှုအားပေး၍ ကျပ်သိန်း ၁၀၀ ဖြင့် ထောက်ပံ့ထားသော ဖျာပုံမြစ်ကမ်းပါးထိန်း ကွန်ကရစ်နံရံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကင်းထောက်လူငယ်များစခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း)ဖွင့် ကင်းထောက်အချင်းချင်း ကင်းထောက်စိတ်ဓာတ်ဖြင့် လက်တွဲနေထိုင်

**ရန်ကုန် မတ် ၂**

ကင်းထောက်လူငယ်များစခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း)ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် (ပုပ္ပားစခန်း)၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကင်းထောက်လူငယ်မောင်မယ်များက"ပြည်သူ့အတွက် အစဉ်အသင့်"ကင်းထောက်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံအမျိုးသားကင်းထောက်အလံနှင့် အမျိုးသမီးကင်းထောက်အလံတို့အား လွှင့်တင်သည်။ ယင်းနောက် ကင်းထောက်လူငယ်များနှင့် အခမ်းအနား တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကင်းထောက်အလံတို့ကိုအလေးပြုကြပြီး ကင်းထောက်လူငယ်များက ကင်းထောက်ကတိ(၃)ပါးရွတ်ဆိုကတိပြုကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကြီးသည် ၁၉၆၄ ခုနှစ်တွင် တိမ်မြုပ်သွားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းမွေးဖွားလာကြောင်း၊ ကျောင်းပေါင်း ၂၀ ကို အခြေပြု၍ ကင်းထောက် လူငယ်မောင်မယ် ၂၀၀၀ နှင့် စတင်ဆောင်ရွက်ရာမှ ယခုနှစ် ဇန်နဝါရီလအထိ ကင်းထောက်အင်အား ၅၉၀၀၀ ကျော်အထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် မြန်မာအမျိုးသမီးကင်းထောက်အဖွဲ့ကို Country Working towards Membership အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ကင်းထောက်အဖွဲ့၏ Associate Membership အဖြစ် လည်းကောင်း၊ မြန်မာအမျိုးသားကင်းထောက်အဖွဲ့ကိုလည်း ၂၀၁၅ ခုနှစ်တွင် ASEAN Scout Membership အဖြစ်လည်းကောင်း အသိအမှတ်ပြုခံခဲ့ရပြီး ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ရေး ကမ္ဘာ့ကင်းထောက်အဖွဲ့က စိစစ်ဆောင်ရွက်မှုများ ပြုလုပ်နေပြီဆိုသည်ကိုလည်း လေ့လာသိရှိရသဖြင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ကြိုးစားဆောင်ရွက်မှုနှင့် တိုးတက်မှုသည် အားရကျေနပ်ဖွယ်ဖြစ်ခဲ့ရကြောင်း။

ကင်းထောက်များအနေဖြင့် ကင်းထောက်ကတိ(၃)ပါးနှင့် ကျင့်ဝတ် (၁၀)ပါးကို ထာဝစဉ် ထိန်းသိမ်းပြီး ကင်းထောက်လူငယ်အချင်းချင်း ကင်းထောက်စိတ်ဓာတ်ဖြင့် လက်တွဲနေထိုင်သွားကြရန်နှင့် အများအကျိုးသယ်ပိုးဆောင်ရွက်နိုင်ရေး အစဉ်အသင့် ဖြစ်နေပြီး ကောင်းမှုတစ်ခု နေ့စဉ်ပြုကြရန်၊ ငယ်စဉ်ကင်းထောက် ထာဝရကင်းထောက် Once a Scout always a Scout ဆိုသည့် ဆောင်ပုဒ်အတိုင်း နောင်အနာဂတ်ခေါင်းဆောင်များ ဖြစ်သည့်အခါ ကင်းထောက်စိတ်ဓာတ်နှင့် ယုံကြည်စိတ်ချရသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကင်းထောက်ကော်မတီ ဥက္ကဋ္ဌဒေါက်တာတင်ညိုက စခန်းချသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့အနေဖြင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

စခန်းချဖွင့်လှစ်ပွဲအပြီးတွင် ကင်းထောက်ကြီးများက ကင်းထောက်အတွေ့အကြုံများကို ဆက်လက်ဟောပြောပို့ချကြသည်။

စခန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားကင်းထောက်ကြီးများ၊ အမျိုးသမီးကင်းထောက်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စခန်းချကာလအတွင်း အခြေခံပညာ ကြီးကြပ်ဆရာ ၁၈ ဦး၊ ဆရာမ ၂၇ ဦး၊ တက္ကသိုလ်ကြီးကြပ်ဆရာ သုံးဦး၊ ဆရာမ ခုနစ်ဦး၊ အခြေခံပညာမှ အမျိုးသားကင်းထောက် ၂၁၉ ဦး၊ အမျိုးသမီးကင်းထောက် ၂၁၉ ဦး၊ တက္ကသိုလ်ကင်းထောက်အမျိုးသား ၃၁ ဦးနှင့် အမျိုးသမီး ၃၁ ဦးတို့ လေ့ကျင့်သင်ကြားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

**ဓာတ်ပုံ-ကိုနေ(ကျောက်ပန်းတောင်း)**



# မိဘများစောင့်ရှောက်ရေး ကူညီမှုအသင်းက အိမ်တိုင်ရာရောက် ဆေးကုသစောင့်ရှောက်မှုပေးနေ



**ရန်ကုန် မတ် ၂**

"မိဘများ၏ ဂုဏ်ကျေးဇူးကို ထာဝရလေးစား တန်ဖိုးထား တုံ့ပြန်သွားမည်"ဟူသော ရည်ရွယ်ချက်ဖြင့် ရွှေမြန်မာ ဂျာနယ်နှင့် ရွှေဧရာဂျာနယ်တို့က စီစဉ်ဆောင်ရွက်သည့် မိဘများ စောင့်ရှောက်ရေးကူညီမှုအသင်းက မိဘများအား အိမ်တိုင်ရာရောက် လိုက်လံဆေးကုသပေးခြင်းနှင့် လူမှုဘဝအတွက် လိုအပ်သည့် ပစ္စည်းများထောက်ပံ့လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရှိ မန္တလေး မစိုးရိမ်ကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားသို့ မိဘများ စောင့်ရှောက်ရေး ကူညီမှုအသင်းဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆရာဝန်များအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ရဲမြ၊ စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်၊ စာရေးဆရာ နီငြိမ်း (အညာတက္ကသိုလ်)၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ မမများ အနုပညာအဖွဲ့၊ ကေကေမိုးမြင့်၊ မေသဉ္ဇာဦး၊ ထားထက်ထက်၊ နန်းသူဇာ၊မိုးယသော်၊ မေသူ၊ ယွန်းဝတီလွင်မိုး၊ ယွန်းကိုကိုဟန်၊ ဩဂတ်စ်မိုး၊ ရွှန်းလဲ့ရတီ၊ ဟန်ထူးဇန်၊ မိုးနှင်းဆီ၊ အောင်အောင်တို့ အပါအဝင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအဖွဲ့ဝင်များ၊ ကရုဏာရှင် သူနာပြုအကူနှင့် ဆေးဝါးအကူသင်တန်းမှ ဆရာဝန်၊ ဆရာမများ ပါဝင်၍ အဖွဲ့ငါးဖွဲ့ခွဲကာမရမ်းကုန်းမြို့နယ်အတွင်းရှိ အသက်(၇၀)နှစ်နှင့်အထက်ရှိ မိဘ ၂၀၀ အား လိုက်လံဆေးကုသပေးပြီး အသုံးအဆောင်ပစ္စည်းများ အပါအဝင် တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ ဖိုး ဆေးကုသလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ထိုသို့ လှူဒါန်းရာတွင် အနာဂတ်အလင်းတန်းဖောင်ဒေးရှင်း Asia World Company.,Ltd၊ ထက်ဦးမင်းပါဝါ ကုမ္ပဏီ၊ ထွန်းစတားကုမ္ပဏီ၊ Hanvico Co.,Ltd၊ ဇဝဆေးတိုက်၊ FMI Group,IBTC Co.,Ltd, Aung Htoo Wai Trading Co.,Ltd, Ziffan Co.,Ltd,Phatama Group၊ ချိုချိုဖြူ ကုမ္ပဏီလီမိတက်၊ ရွှေစင်အေး ကုမ္ပဏီ၊ စိမ်းလန်းမြန်မာ ဒံပေါက်၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ AMPS Construction၊ ထွန်းဖောင် ဒေးရှင်းဘဏ်၊ အိုအိချိုကုမ္ပဏီနှင့် အထူးစေတနာနှင့် အားဖြည့်ထားသည့် ကောင်းကြိုက်ဒံပေါက်တို့က စေတနာမေတ္တာရှေ့ထားပြီး ပါဝင်လှူဒါန်းခဲ့ကြကြောင်းသိရသည်။

မိဘများ စောင့်ရှောက်ရေး ကူညီမှုအသင်းသည် သာကေတမြို့နယ်အတွင်းရှိ မိဘများအားလည်း အိမ်တိုင်ရာရောက် လိုက်လံကုသလှူဒါန်းခြင်းများကို ပြုလုပ်ခဲ့ပြီး ယခုအကြိမ်မှာ မြို့နယ်အလိုက် ဆောင်ရွက်ခြင်း ဒုတိယအကြိမ်ဖြစ်ကြောင်းနှင့် ဖြူစင်သောအစိုးရ ... ပိုမိုတိုးတက်ထွန်းကားစေရန်အတွက် လူငယ်များတွင် မိဘများအား စောင့်ရှောက်လိုစိတ် ပိုမိုဖြစ်ထွန်းလာစေရန်အတွက်တို့ကို ရည်ရွယ်ကာ အသင်းဝင် မိဘများအား တစ်လလျှင် နှစ်ကြိမ် အိမ်တိုင်ရာရောက် လိုက်လံကုသခြင်းများနှင့် ထောက်ပံ့လှူဒါန်းခြင်းများကို ပြုလုပ်လျက်ရှိပြီး အသင်းနှင့် ဆက်သွယ်လိုပါက ဖုန်း ၀၁-၅၀၀၇၁၁၊ ၀၉-၅၀၀၄၇၇၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# စားသောက်ကုန်ပစ္စည်းများနှင့် ဓာတုပစ္စည်းများ၏အန္တရာယ် သိမှတ်ဆင်ခြင်ဖွယ်

ဒေါက်တာ လပြည့်ခင်

လူသားများ၏ နေ့စဉ်ဘဝ အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် အဓိကအရေးကြီးရေးသုံးရေးတွင် ပထမဆုံးနေရာတွင်ရှိနေသော စားရေးဖြစ်သည့် အစား အစာသည် လူသားတို့ အသက်ရှင်သန်ရေးအတွက် အရေးကြီးဆုံးဖြစ်ပါသည်။ လူသားတို့ နေ့စဉ်စားသုံးနေသည့် အစားအစာများတွင် ခန္ဓာကိုယ်အတွက် လိုအပ်သောစွမ်းအင်ကိုရရှိစေသည့် အသားဓာတ် (Protein)၊ အဆီဓာတ် (Fat)၊ ကစီဓာတ် (Carbohydrate)တို့ပါဝင်ပြီး ခန္ဓာကိုယ်ကြီးထွားမှုနှင့် ပြုပြင်မှုတို့အတွက် အသားဓာတ် (Protein)၊ သတ္တုဓာတ် (Mineral)၊ ရေ (Water)တို့ လိုအပ်ပြီး ခန္ဓာကိုယ်ဇီဝကမ္မဖြစ်စဉ်များကို ထိန်းသိမ်းပေးရာတွင် လိုအပ်သော ဗီတာမင် (Vitermin) အစရှိသော သဘာဝဓာတုပစ္စည်းများ (Chemicals) ဖြင့် ဖွဲ့စည်းထားပါသည်။

သို့သော် ယနေ့ခေတ်ကာလတွင် မူလသဘာဝအားဖြင့်ပါဝင်သော ယင်းဓာတုပစ္စည်းများအပြင် ပြင်ပမှ မတော်တဆဝင်ရောက်လာသော ဓာတုပစ္စည်းများရှိသကဲ့သို့ လူတို့၏ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တမင်ထည့်ပေးသော လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုသည့် ဓာတ်မြေဩဇာများ (Fertilizer)၊ ပိုးသတ်ဆေးများ (Pesticide) သည် ကောက်ပဲသီးနှံနှင့် ဟင်းသီးဟင်းရွက်များအတွင်းသို့ ရောက်ရှိနိုင်သကဲ့သို့ မွေးမြူရေးတိရစ္ဆာန်များအတွက်သုံးသော ကာကွယ်ဆေးများ၊ ပဋိဇီဝဆေးဝါးများသည် သားငါးများတွင် ပါဝင်လာနိုင်ပြီး ထုပ်ပိုးပစ္စည်းများဖြစ်သော ပလတ်စတစ်မှထွက်သည့် ဓာတုပစ္စည်းများသည်လည်း အစားအစာများထဲတွင် ဝင်လာနိုင်ပါသည်။ ထို့အပြင် လူတို့သည် စားသုံးသင့်သော မူလအစားအစာပုံစံများကို ကျော်လွန်ပြီး အရောင်၊ အနံ့၊ အရသာ ပိုမိုကောင်းမွန်စေရန် ဓာတုပစ္စည်းများ (Chemicals)ကို ဖြည့်စွက်စာ (Food Additives) များအဖြစ် ကမ္ဘာတစ်ဝန်းလုံးတွင် ထည့်သွင်းသုံးစွဲလာကြသောကြောင့် ယင်းတို့နှင့်ပတ်သက်သည့် နောက်ဆက်တွဲ ပြဿနာများကိုလည်း သတင်းများတွင် မကြာခဏ တွေ့မြင်နေရပါသည်။ အထူးသဖြင့် မိမိတို့လူမျိုးများသည် အစားအစာကို လှလှပပနှင့် အမျိုးမျိုး ပြုလုပ်စားသောက်တတ်ကြသူများဖြစ်သော်လည်း အစားအစာနှင့်ဆက်နွှယ်နေသော ဓာတုပစ္စည်းများ၏ အန္တရာယ်ကိုသိသူမှာ နည်းပါးလှပါသည်။ ထို့ကြောင့် အစားအစာများတွင် ပါဝင်ပတ်သက်နေသော ဓာတုပစ္စည်းအချို့၏ အန္တရာယ်များကို သိရှိနားလည်ပြီး ကာကွယ်ရှောင်ရှားနိုင်စေရန်အတွက် တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

စီးပွားရေးသမားများသည် ၎င်းတို့၏ စီးပွားရေးအမြတ်အစွန်း များများရစေရန်အတွက်လည်းကောင်း၊ ရွေ့လျားပြောင်းလဲလာသည့် ခေတ်ရေစီးကြောင်းအရလည်းကောင်း စားသောက်ကုန်များတွင် သဘာဝအတိုင်းမဟုတ်သော လူတို့ဖန်တီးပြုလုပ်ထားသည့် ဖြည့်စွက်စာ (Food Additives) များကို ထည့်သွင်းလာကြရာတွင် အရောင်လှမှစားချင်ကြသော စားသုံးသူများအတွက် လတ်ဆတ်သည့်အမြင်ကိုပေးပြီး ဆွဲဆောင်နိုင်ရန် အလို့ငှာ အစားအစာများကို သစ်ခေါက်၊ သစ်သီး၊ ဟင်းသီးဟင်းရွက်စသည်တို့မှ ထုတ်လုပ်ရယူသည့် သဘာဝအရောင် (Natural Color) ကိုထုတ်လုပ်ပြီး မသုံးစွဲတော့ဘဲ သဘာဝအရောင်အတိုင်းတူအောင် တုပထားပြီး ဓာတုကုန်ကြမ်းမှ ထုတ်လုပ်ထားသော အလွယ်တကူဝယ်ယူရရှိနိုင်သည့် ဓာတုအရောင် (Synthetic Color) ဆိုးဆေးများကို အသုံးပြုလာကြပါသည်။

ဓာတုကုန်ကြမ်းမှ ထုတ်လုပ်ထားသော ဓာတုအရောင် (Synthetic Color) ဆိုးဆေးများတွင် အစားအသောက်အတွက် ခွင့်ပြုသည့်ဆိုးဆေး (Permitted Color in Food) နှင့် ခွင့်မပြုသည့်ဆိုးဆေး (Non-permitted Color in Food or Industrial Dyes) ဟူ၍ နှစ်မျိုးရှိပါသည်။ ထိုဆိုးဆေးများမှာ ဈေးကြီးပြီးရှားပါးသဖြင့် ဈေးပေါပြီး အလွယ်တကူရရှိနိုင်သော ခွင့်မပြုဆိုးဆေးများဖြစ်သည့် အခြားစက်မှုလုပ်ငန်းသုံး ဆိုးဆေးများကို အသုံးပြုကာ အစားအစာများကို ထုတ်လုပ်ရောင်းချနေကြပါသည်။ အစာဆိုးဆေးအမျိုးမျိုးကိုရောနှောပြီး လိုချင်သည့်အရောင်ရရှိအောင် ဆေးဆိုးထားသည့်အစာများကို မြင်နေကျဖြစ်သောအခါတွင် ဆိုးဆေးမပါလျှင် မလတ်ဆတ်၊ အရည်အသွေး မပြည့်မီ၊ ချွတ်ယွင်းချက် အပြစ်အနာအဆာရှိနေသည်ဟု ထင်မှတ်မှားလာကြပါသည်။

ဥပမာအားဖြင့် ဝက်အူချောင်း၊ ကြက်အူချောင်းတို့ကို ယမ်းစိမ်း (Sodium Nitrate) ဖြင့် နီအောင်လုပ်ခြင်း၊ လက်ဖက် (Pickled Tea leave)ကို ချည်ထည်ဆိုးဆေး အိုရာမင် (Oramine O) ဖြင့် စိမ်းဝါဝါအရောင်ဖြစ်စေခြင်း၊ ပုစွန်ကို ဆပ်ပြာရည် (Detergent Liquid) ဖျော်၍စိမ်ခြင်း၊ မဲနယ်ဆိုးခြင်း၊ လိမ္မော်သီးအခွံပေါ်တွင် အညိုကွက်ဖြစ်ပေါ်နေပါက Citrus Red No.2 ကိုဖျန်းပေးပြီး ဈေးကွက်သို့ပို့ခြင်း၊ ငှက်ပျောသီး၊ သရက်သီး၊ ထောပတ်သီး အစရှိသောသစ်သီးများကို အမှည့်လွန်ပုံစံဖြစ်နေစေရန် အက်သလင်းဓာတ်ငွေ့ (Ethylene Gas) ဖျန်းပေးပြီး ဈေးကွက်သို့ပို့ခြင်း၊ မျှစ် (Bamboo shoot)၊ နနွင်းမှုန့် (Turmeric Powder)၊ အရောင်တင်မှုန့်နှင့် ငရုတ်သီးမှုန့် (Chilli Powder)၊ သစ်သီးများ (Preserved Fruits)၊ ခရမ်းချဉ်သီးဆော့ (Sauce)၊ ငါး (Fish) နှင့် ပုစွန်အသားပြားလွှာ (Shrimp Paste) တို့တွင် Rhodamine B (Red Color) ချည်ထည်အရောင်ဆိုးဆေးများ ထည့်သွင်းရောင်းချခြင်း၊ လက်ဖက်ခြောက် (Black Tea)၊ ခရမ်းချဉ်သီးဆော့ (Sauce) တို့တွင် Orange II (Orange Color) တို့ကိုထည့်သွင်း၍ အရောင်လှလှကြိုက်သော စားသုံးသူများအတွက် ပြုလုပ်ရောင်းချပေးလျက်ရှိပါသည်။ ထိုကဲ့သို့ အစားအစာများတွင် ထည့်သွင်းအသုံးပြုနေသော ချည်ထည်ဆိုးဆေး (Dye) များမှာ လူတို့၏ကျန်းမာရေးကို အကြီးအကျယ်ထိခိုက်စေကာ ကင်ဆာ (Carcinogenic) ဖြစ်သည်အထိ ဆိုးရွားစွာ အန္တရာယ်ပေးနိုင်ပါသည်။

> **နိုင်ငံတော်ပိုင်းမှ ကြီးကြပ်၍ စားသောက်ကုန်သန့်ရှင်းစင်ကြယ်ရေးသင်တန်း (Food Sanitation Training) များ စနစ်တကျ ဖွင့်လှစ်သင်ကြားပေးပြီး ထိုသူများပါမှသာ စားသောက်ကုန်လုပ်ငန်းအသစ်များ ထူထောင်ခွင့်ပြုရန်နှင့် မွမ်းမံသင်တန်း တက်ရောက်ပြီးသူများကိုသာ စားသောက်ကုန် သက်တမ်းတိုးခွင့်ပြု ဆောင်ရွက်စေရန်တို့လိုအပ်။**

ဓာတုကုန်ကြမ်းမှထုတ်လုပ်ထားသော ဓာတုအရောင် (Synthetic Color) ဆိုးဆေးအများစုမှာ မီးသွေး-ကတ္တရာ (Cool, Tar) မှ ဓာတုနည်းလမ်း (Chemical Technique) ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပြီး အစားအသောက်တွင်သာမက သုတ်ဆေး၊ ဆေးဝါး၊ အလှကုန်၊ မင်အမျိုးမျိုး၊ ချည်မျှင်၊ အထည်အလိပ်၊ ပိုးသတ်ဆေးတို့တွင်လည်း ထည့်သွင်းသုံးစွဲကြပါသည်။ အစာဆိုးဆေးတွင် ရေ၌ပျော်ဝင်သော ဆိုးဆေးကို Dye ဟုခေါ်ပြီး မုန့်ဖုတ်ပြီးထုတ်လုပ်သည့် အစားအစာ၊ ဖျော်ရည် အမျိုးမျိုး၊ နို့ထွက်ပစ္စည်းအမျိုးမျိုးတို့တွင် အသုံးပြုကြပါသည်။ ရေတွင်မပျော်ဝင်သောဆိုးဆေးကို Lake ဟုခေါ်ပြီး Dye ထက်စွဲမြဲအားပိုမိုကောင်းမွန်ကာ စားသုံးဆီနှင့် ရေမပါသော အဆီအမျိုးမျိုးတွင်သုံးသည့်အပြင် ရေမပါဝင်ဘဲ စိုထိုင်းမှုကင်းသည့် ကိတ်၊ ဆေးဝါးအကာသား၊ သကြားလုံးအမျိုးမျိုးနှင့် ချူအင်ဂန်း (Chewing Gum) တို့တွင်သုံးကြပါသည်။ အချို့ဆိုးဆေးများသည် ဓာတ်မတည့်သည့်ပြဿနာ (Allergy) ရှိပြီး ရင်ကျပ်ခြင်း (Asthma)၊ ချွဲကျပ်ခြင်း၊ အသက်ရှူကျပ်ခြင်း (Breathing Difficulties)၊ အရေပြားယားယံခြင်း (Irritation)၊ စိတ်လှုပ်ရှားထကြွမှုများပြားခြင်းတို့ ဖြစ်စေပါသည်။

စားသောက်ကုန်များကို ဆွဲဆောင်မှုကောင်းပြီး ရောင်းတန်းဝင် စားစရာများဖြစ်စေရန်အတွက် အနံ့၊ အရသာ၊ ခံတွင်းခံစားမှုတို့ကိုဖြစ်ပေါ်စေသည့် ဖလေဗာ (Flavour) ကိုလည်း ပိုမိုကောင်းမွန်အောင် ပြုလုပ်လာကြပါသည်။ ဖလေဗာ (Flavour)သည် အရသာ (Taste) နှင့်မတူပါ။ အရသာသည် ယေဘုယျအားဖြင့် အချဉ်၊ အငန်၊ အချို၊ အခါး၊ အစပ်အဟပ်မတည့်မှုတို့နှင့်သက်ဆိုင်ပြီး လျှာပေါ်မှအရသာခံနိုင်သည့် ပွင့်ဖတ်ဆဲလ်လေးများက အချက်အလက်ရယူပြီး ဦးနှောက်သို့ပို့ဆောင်ပေးပါသည်။ စားသောက်ကုန်တို့သည် အချိန်ကြာလာသည်နှင့်အမျှ မော်လီကျူးလေးများ အငွေ့ပျံခြင်း (Volatile Molecule) ဖြစ်ကာ လေထုထဲသို့ဖြစ်စေ၊ နီးစပ်ရာအရာဝတ္ထုဆီသို့ ရောက်ရှိသွားနိုင်သည့် အငွေ့ပျံသတ္တိရှိပါသည်။ Volatile Molecule လေးများ နေရာရွှေ့သွားသဖြင့် စားသောက်ကုန်များတွင် အရသာလျော့ခြင်းများဖြစ်စေသောကြောင့် လေလုံအောင်ထုပ်ပိုးခြင်းဖြင့် လေထုနှင့်မထိတွေ့အောင် ကာကွယ်ပေးရပါမည်။ ဖလေဗာတွင်လည်း နှစ်မျိုးရှိရာ ရေတွင်ပျော်ဝင်သော ဖလေဗာသည် ချက်ချင်းသိနိုင်ပြီး ကြာရှည်မခံပါ။ ဆီ၌ပျော်ဝင်သော ဖလေဗာသည် ခံတွင်းထဲသို့ ရောက်ရောက်ချင်း ချက်ချင်းမသိနိုင်သော်လည်း ပါးစပ်ထဲတွင် စွဲကျန်ရစ်စေပါသည်။ ထို့ကြောင့် အဆီဖယ်ထုတ်ထားသော စားစရာသည် အရသာပြောင်းလဲသွားပါသည်။ အဆီများမပါဝင်တော့သဖြင့် အခြားဖလေဗာမှပေးသည့် ခံတွင်းခံစားမှုကိုရရှိစေပါသည်။ အရသာအတွက် အစားအစာများတွင် အချိုမှုန့် (Mono Sodium Glutimate) များအလွန်အကျွံထည့်ခြင်း၊ အချိုကဲစေရန်အတွက် Sweeteners အဖြစ် ဆေးသကြားအမျိုးအစားများဖြစ်သည့် Saccharine၊ Aspartame၊ Cyclamate တို့ကဲ့သို့ ဓာတုပစ္စည်းများကို လွန်ကဲစွာအသုံးပြုခြင်း၊ အာလူးကြော်၊ ပဲကြမ်းကြော်၊ နံနက်စာအီကြာကွေးတို့ကဲ့သို့ အကြော်များကြော်ရာတွင် ကြွပ်ရွနေစေရန် ပလတ်စတစ်ရေသန့်ဘူးခွံများ၊ PVC ပလတ်စတစ်များ ထည့်သွင်းကြော်လှော်ခြင်းတို့သည် စားသုံးသူများအတွက် အလွန်အန္တရာယ်ကြီးလှပါသည်။

ထို့အတူ အစားအသောက်တို့တွင် အနံ့ (Odour) မွှေးမွှေးကောင်းကောင်း ကြိုက်သူများအတွက် ဥပမာအားဖြင့် အရက်တွင် (Essence of Rum) ထည့်ခြင်း၊ ဝီစကီတွင် (Essence of Whisky) ထည့်ခြင်း၊ အရက်ချက်သည့်အခါတွင် ဖားပြုတ်ထည့်ခြင်း၊ ဖိနပ်တာယာများထည့်ခြင်း၊ မှိုတက်ပြီး အချဉ်ဖောက် (Fermentation) မြန်စေရန်အတွက် Bacteria ပိုးမွှားများက Cyanide အဖြစ်ပြောင်းပေးနိုင်သည့် Urea ဓာတ်မြေဩဇာထည့်ခြင်း၊ နှစ်သက်သုံးသက်အထိ သေစေနိုင်သည့် အင်ဒရင်းပိုးသတ်ဆေး (Endrin Pesticide) နှင့် ကင်ဆာဖြစ်စေသည့် ဆေးရွက်ကြီး (Tobacco Leaf) တို့ကို ထည့်သွင်းချက်လုပ်လာကြပါသည်။ ငါးပိပြုလုပ်ရာတွင်လည်း အရိုးဆွေးမြည့်စေရန် ဓာတ်မြေဩဇာများ ထည့်သွင်းထားကြောင်း စာစောင်များတွင် ဖတ်နေရပါသည်။ မကြားဝံ့မနာသာကိစ္စများဖြစ်ပါသည်။ တာရှည်ခံဓာတုဆေးနှင့် ကော်ဖီအနံ့နှင့် အုန်းသီးခွံ၊ ပဲနီစေ့အမှုန့်များပါဝင်သော ကော်ဖီမစ်များ၊ အရောင်ချွတ်ထားသော အစားအသောက်များ၊ ဆိုးဆေးအသုံးပြုထားသော အစားအသောက်များ၊ ဓာတုဟော်မုန်းဆေး အသုံးပြုထားသော မုန်လာဥ၊ ပဲပင်ပေါက်၊ ပိုးသတ်ဆေးပြင်းသုံးထားသော ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်၊ မုန်ညင်းထုပ်များ၊ ဆေးဖျန်း၍မှည့်နေသောအသီးများ၊ ဇီဇပြုပြင်ထားသောအသီးများ၊ ပဲဆီ၊ နှမ်းဆီအတုများ၊ အချဉ်ရည်အသုံးပြုထားသော အကင်များနှင့် အသုပ်စုံများသည် စားသုံးသူများ၏ အသက်အန္တရာယ်ကိုခြိမ်းခြောက်နေသော အစားအစာများဖြစ်ပါသည်။

နောက်တစ်ချက်မှာ စစ်ဆေးရေးကို လှည့်စားရန်အတွက်ဖြစ်ပါသည်။ တားမြစ်ဆိုးဆေးနှင့် ကင်ဆာဖြစ်စေသော တာရှည်ခံဆေးများပါဝင်သည့် အချိုရည်နှင့် ဂျယ်လီများ၊ တရုတ်နို့မှုန့်နှင့် မုန့်အမျိုးမျိုးတို့ဖြစ်သည်။ နို့မှုန့်တွင်ပါဝင်သော မယ်လမင်းဓာတ်ကို စစ်ဆေးရာတွင် မယ်လမင်းတွင်ပါဝင်သော ပရိုတင်းဓာတ် (Protein) ပါဝင်မှုအချိုးအစားကို စစ်ဆေးခြင်းဖြစ်ရာ ယင်းပရိုတင်းထဲတွင်ပါဝင်သော နိုက်ထရိုဂျင် (Nitrogen) ဓာတ်ကို အဓိကတိုင်းတာစစ်ဆေးခြင်းဖြစ်ပါသည်။ ယင်း Nitrogen မှာလည်း ပါသင့်သည်ထက် ပိုမိုပါဝင်လျှင် ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ပါသည်။

နောက်ဆုံးအချက်မှာ အစားအစာများ၏ပါဝင်မှု (Composition)၊ ဖွဲ့စည်းမှု (Structure)၊ အဏုဇီဝပိုးအမျိုးအစား (Type of Microorganism)နှင့် သိုလှောင်သိမ်းဆည်းမှု အခြေအနေ (Condition of Storage) တို့အပေါ်မူတည်ပြီး ပျက်စီးမှုဖြစ်စေနိုင်သောကြောင့် အစားအစာများကို တာရှည်အထားခံအောင် အအေးခံခြင်းနှင့် အေးခဲခြင်း (Cooling & Freezing)၊ စည်သွတ်ခြင်း (Canning)၊ အခြောက်ခံခြင်း နှင့်ရေဖယ်ထုတ်ခြင်း (Drying & Dehydration)၊ သကြားရည်ပျစ်ပြုလုပ်ခြင်း (As Sugar Concentrate)၊ အချဉ်ဖောက်ခြင်း (Fermentation)၊ ရောင်ခြည်ပြခြင်း (Irratation) နှင့် ဓာတုပစ္စည်းများဖြစ်သည့် Acetic Acid, Benzoic Acid, Sorbic Acid, Propionic Acid, Sulphur Dioxide နှင့်၎င်းတို့၏ ဓာတ်ဆားများဖြစ်သည့် Nitrate, Nitrite များထည့်ခြင်းတို့ ပြုလုပ်ကြပါသည်။ မုန့်ဟင်းခါးဖတ်၊ ပဲပြား၊ နွားနို့နှင့် ချက်နို့ဆီတို့တွင် လူသေကိုမပုပ်သိုးစေရန်ထည့်သော Formaldehyde ဟုခေါ်သည့် ဖော်မလင် (Formalin) ထည့်ခြင်း၊ မုန့်ဟင်းခါးတွင် လက်ချား (Borax) ထည့်ခြင်းနှင့် ဆီပါသောအစားအစာများတွင် လေထဲရှိ အောက်ဆီဂျင် (Oxygen) နှင့်ထိတွေ့ပါက ဓာတ်တိုးပြီး (Oxidation) ဆီချေးနံ့ကို ဖြစ်ပေါ်စေသည့်အတွက် ယင်းဓာတ်တိုးမှုကို ဆန့်ကျင်သော Antioxidant များနှင့် ပဋိဇီဝဆေးများ Antibiotic ထည့်သွင်း၍ အစားအစာများကို မပုပ်သိုးမဆွေးမြည့်စေဘဲ တာရှည်အထားခံနိုင်အောင် အမျိုးမျိုးပြုပြင်ဖန်တီးလာကြသည်နှင့်အမျှ ဓာတုပစ္စည်းများ၏ အန္တရာယ်ကြောင့် ဖြစ်ပွားသည့် ရောဂါဘယပေါင်းစုံမှာလည်း တစ်နေ့တခြား တိုးပွားလာနေပါသည်။

ပြည်တွင်းရှိ စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ဘေးအန္တရာယ်ကင်းပြီး (Hazard-free) အာဟာရတန်ဖိုး (Nutritional Values) နှင့်ပြည့်စုံသည်ဟု စားသုံးသူများယုံကြည်လာစေရန်၊ မြန်မာစားသောက်ကုန်များ နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးများနှင့် ကိုက်ညီပြီး ပြည်ပသို့အလွယ်တကူ တင်ပို့ရောင်းချနိုင်စေရန်၊ စားသုံးသူအကာအကွယ်ပေးရေးနည်းဥပဒေ (Consumer Protection Rule) အမြန်ဆုံးအကောင်အထည်ပေါ်လာပြီး စားသုံးသူများအား ထိထိရောက်ရောက် စနစ်တကျကာကွယ်ပေးရန်၊ အာဆီယံလွတ်လပ်သော ကုန်သွယ်ဒေသ (AFTA)တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရန်အတွက် နိုင်ငံတော်ပိုင်းမှ ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များ၊ နိုင်ငံတကာ အသိအမှတ်ပြုအဆင့် (ISO 17025) ရောက်သည်အထိ စံချိန်စံညွှန်း ဓာတ်ခွဲခန်းများ ထူထောင်ပေးကာ စားသောက်ကုန်အရည် အသွေးပြည့်ဝခြင်းရှိ/မရှိ အလွယ်တကူစစ်ဆေးနိုင်ရန် စီမံဆောင်ရွက်ပေးပြီး အန္တရာယ်ကင်းရှင်းသော စားသောက်ကုန်ဖြစ်ကြောင်း သိရှိနိုင်ရန် အစားအသောက် အရည်အသွေးတံဆိပ် (Food Quality Mark) အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် စားသုံးသူများအနေဖြင့် စားသောက်ကုန်ထုပ်ပိုးပစ္စည်းပေါ် ဖော်ပြချက်များဖတ်ရှုပြီး စိတ်ကျေနပ်မှ ဝယ်ယူစားသုံးသည့် အလေ့အကျင့် အားနည်းခြင်းကြောင့် စားသောက်ကုန်ထုပ်ပိုးပစ္စည်းပေါ်တွင် ရေးသားချက်စံချိန်စံညွှန်း (Food Labeling Standard) များ၊ ထုတ်လုပ်သည့်နေ့စွဲ

စာမျက်နှာ ၇ သို့ ❑

ပြည်တွင်းရေးရာ

# ဧရာဝတီမြစ် ရေလမ်းကောင်းမွန်ရေး ကသာမြို့အဝင် သောင်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေ



**မန္တလေး မတ် ၂**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး မန္တလေးတိုင်းဒေသကြီးဦးစီးဌာန ဒေသ(၅)မှ ဧရာဝတီမြစ် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရန်ပုံငွေဖြင့် ဖေဖော်ဝါရီ ၂၇ ရက်က စတင်၍ ကသာမြို့ ဆိပ်ကမ်းအဝင်တွင် သောင်တူးဖော်နေကြောင်း သိရသည်။**(ဓါတ်ပုံ)**

အလားတူ မန္တလေး-ကသာရေလမ်းနှင့် မန္တလေး-ချောက်ရေလမ်းတို့တွင် ရေလမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

“မြစ်သဘာဝအရ သောင်ကတော့ ဖြစ်ထွန်းနေမှာပါ။ ဌာနအနေနဲ့ ရေလမ်းကြောင်းကောင်းမွန်ရေးနဲ့ ကမ်းပြိုကာကွယ်ရေးတွေကို လုပ်ဆောင်ပေးနေတယ်။ တိုင်းဒေသကြီးနဲ့ ပြည်ထောင်စုကချပေးတဲ့ ရန်ပုံငွေနဲ့ လုပ်ပါတယ်။ ကသာဆိပ်ကမ်းကို ရေယာဉ်တွေ အန္တရာယ်ကင်းစွာဝင်ထွက်သွားလာနိုင်မယ်”ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။

ကသာမြို့ ဆိပ်ကမ်းတွင် သောင်တူးဖော်ရာ၌ အလျား ၁၁၄၃ မီတာ၊ အကျယ် ၃၅ မီတာနှင့် အနက်ရေစစ်မျဉ်းအောက် သုံးမီတာဖြစ်ပြီး မတ်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ခန့်မှန်းကုန်ကျစရိတ် ကျပ်သိန်း ၇၀၀ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ချိန် တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

“ကသာမြို့က ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှာရှိတယ်။ ရေလမ်းကို အဓိကအသုံးပြုပြီး ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်နေကြပေမယ့် ခုနောက်ပိုင်းတော့ ကားလမ်းတွေကလည်း သွားနေကြတယ်။ သယ်ယူစရိတ်ကတော့ ရေလမ်းက သက်သာတယ်”ဟု ကသာမြို့မှ ကုန်သည်တစ်ဦးက ပြောသည်။

အဆိုပါဌာနအနေဖြင့် ရေလမ်းကောင်းမွန်ရေးအတွက် ကျားပါးစပ် ရေလမ်း၊ သစ်ဒေါင့်ကျွန်းရေလမ်း၊ ရွှေပေါက်ပင်ရေလမ်း၊ ရှမ်းကလေးကျွန်းအနီးရေလမ်းနှင့် နတ်စင်ကျောက်ရေလမ်းတို့တွင် စက်ယန္တရားများဖြင့် အရေးပေါ်သောင်တူးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ထူးခြားမြစ်ရေအခြေအနေ

**နေပြည်တော် မတ် ၂**

မတ် ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ခြောက်ရက်မှ ကိုးရက်အတွင်း ခုနစ်ပေမှ ၁၀ ပေခွဲခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ရက်မှ သုံးရက်အတွင်း ပေဝက်မှ သုံးပေခန့် ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါမြစ်ရေများသည် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့တွင် တစ်ရက်မှ လေးရက်အတွင်း တစ်ပေမှ လေးပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အလယ်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက် တစ်ရက်မှ နှစ်ရက်အတွင်း အောင်လံမြို့နှင့် ပြည်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ နောက် တစ်ရက်မှ သုံးရက်အတွင်း ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခွဲမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ်သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ **(ကြေးမုံ)**

## ရွှေပြည်သာတန်ဖိုးနည်းအိမ်ရာ မဲနှိုက်၊ မဲပေါက်သူများအား အသိပေးမည်

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာတန်ဖိုးနည်းအိမ်ရာ မဲနှိုက်ခြင်းကို ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးနေဝင်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံးမှ လက်ထောက်ဌာနမှူး ဒေါ်မော်မော်ကြည်၊ ဌာနစုမှူး ဦးညဏ်လင်းနှင့် အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများ အိမ်ခန်းလျှောက်ထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးနေဝင်းအောင်က တန်ဖိုးနည်းအိမ်ရာမဲနှိုက်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုပြောကြားပြီး အိမ်ရာလျှောက်ထားသူများက သတ်မှတ်မဲလိပ်များကိုရေတွက်သည်။ ထို့နောက် တိုက်ခန်းအမှတ်နှင့် လျှောက်လွှာအမှတ်တို့အားမဲနှိုက်ပြီး တာဝန်ရှိသူများက ကြော်ငြာဘုတ်တွင် ကြော်ငြာသည်။

ယနေ့မဲနှိုက်သော လျှောက်လွှာများသည် အုပ်စုနှစ်စုဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းလုပ်သက် အနှစ် ၂၀ အထက်နှင့် အငြိမ်းစားများတစ်အုပ်စုနှင့် ပြည်သူများက တစ်အုပ်စုဖြစ်ပြီး တိုက်ခန်းပေါင်း ၁၉၁ ခန်း မဲနှိုက်သွားပြီး အရန်အခန်း ၄၀ နှင့် စုစုပေါင်း ၂၃၁ ခန်းကို မဲနှိုက်ပေးပြီး ယခင်နေရာချထားပေးခဲ့သော ရွှေလင်ပန်းအိမ်ရာ၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ဗိုလ်ဗထူးအိမ်ရာ၊ ပုလဲကွန်ဒိုအိမ်ရာများတွင် မဲပေါက်ဖူးသူများပါရှိပါက စာရင်းမှပယ်ဖျက်ပြီး အရန်တန်းစီဇယားတွင် မဲပေါက်ထားသူများအား မဲပေါက်သည့်လျှောက်လွှာအဖြစ် သတ်မှတ်ပေးပြီး အဆိုပါတိုက်ခန်းများသည် ရှစ်ခန်းတွဲ ခြောက်ထပ်ဖြစ်ပြီး Level (1) အတွက် ၁၇၄ သိန်း၊ Level (2) ၁၅၄ သိန်း၊ Level (3) ၁၄၄ သိန်း၊ Level (4) ၁၃၃ သိန်း၊ Level (5) ၁၂၂ သိန်း၊ Level (6) ၁၀၉ သိန်းဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်းမဲပေါက်ပြီး အတည်ပြုထားသူများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (အဆောက်အအုံ) ဆယ်ထပ်ရုံးရှေ့တွင် အသိပေးကြော်ငြာပြီး City FM နှင့် မြို့တော်သတင်းစာတွင် ကြော်ငြာပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

■ **ဆူနာမီမှ**

တာဝန်ခံက “လက်ရှိမှာ မြေငလျင်လှုပ်ခတ်မှုအခြေအနေကို သိရှိနိုင်ဖို့အတွက် ကျွန်တော်တို့ဌာနက ကနဦး သတင်းထုတ်ပြန်ပေးထားပါတယ်။ မြေငလျင် နောက်ဆက်တွဲ ဆူနာမီလှိုင်းတွေ ဖြစ်ပေါ်မှု ရှိ မရှိကို ငလျင်လှုပ်ခတ်သွားတဲ့နေရာနဲ့ အနီးဆုံးနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ ဩစတြေးလျနိုင်ငံတို့က အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လျက်ရှိပြီး မြန်မာနိုင်ငံအနေနဲ့လည်း အဲဒီနိုင်ငံတွေက မိုးလေဝသဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိတဲ့အပြင် ဆူနာမီဆိုင်ရာ ဒေသတွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့တွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။ ဆူနာမီလှိုင်းအန္တရာယ်ဖြစ်ပေါ်လာနိုင်မှု ရှိ၊ မရှိကို အဆင့်အလိုက် မြန်မာနိုင်ငံအနေနဲ့လည်း အချိန်နဲ့တစ်ပြေးညီ လေ့လာစောင့်ကြည့်ပြီး ကြိုတင်သတိပေးချက်တွေ ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်”ဟု မြန်မာ့သတင်းစဉ်သို့ ပြောကြားသည်။ **(သတင်းစဉ်)**

❑ **စာမျက်နှာ ၆ မှ**

(Manufacturing Date) နှင့် နောက်ဆုံးသုံးစွဲရမည့်နေ့စွဲ (Expiry Date)၊ ထုတ်လုပ်သူ၏လိပ်စာ သို့မဟုတ် ဖြန့်ဖြူးရောင်းချသူ၏လိပ်စာ (Address) တို့ကို မြန်မာစာဖြင့်ဖြစ်စေ သို့မဟုတ် မြန်မာစာနှင့် အင်္ဂလိပ်စာတွဲဖက်၍ဖြစ်စေ ဖော်ပြပေးရန်အတွက် လေ့ကျင့်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ထို့နောက် နိုင်ငံတော်ပိုင်းမှ ကြီးကြပ်၍ စားသောက်ကုန် သန့်ရှင်းစင်ကြယ်ရေးသင်တန်း (Food Sanitation Training) များ စနစ်တကျဖွင့်လှစ်သင်ကြားပေးပြီး ထိုသူများပါမှသာ စားသောက်ကုန်လုပ်ငန်းအသစ်များ ထူထောင်ခွင့်ပြုရန်နှင့် မွမ်းမံသင်တန်း တက်ရောက်ပြီးသူများကိုသာ စားသောက်ကုန် သက်တမ်းတိုးခွင့်ပြုဆောင်ရွက်စေရန်တို့လိုအပ်ပါသည်။ ထို့အတူ စားသောက်ကုန်ကြမ်း ထုတ်လုပ်သူ စိုက်ပျိုးရေး၊ မွေးမြူရေးသမားများကလည်း မျိုးကောင်းမျိုးသန့်ရရှိရေးစီမံဆောင်ရွက်ရန်နှင့် Organic Fertilizer ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲရေး၊ Organic Farming လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး စီမံကိန်းချမှတ်အားပေးဆောင်ရွက်ရန်၊ ကောင်းမွန်သော စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့် (GAP)၊ ကောင်းမွန်သောမွေးမြူထုတ်လုပ်မှု အလေ့အကျင့် (GBP) စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် အစာဖြည့်စွက်ပစ္စည်း (Food Additive) တင်သွင်းရောင်းချသူများ၊ စားသောက်ကုန်ထုတ်လုပ်သူများမှလည်း ကောင်းမွန်သောထုတ်လုပ်မှုအလေ့အကျင့် GMP ဖြင့်ထုတ်လုပ်သွားရန်၊ စားသောက်ကုန်ရောင်းချသူများ၊ စားသောက်ကုန်အသင်းအဖွဲ့များ NGOs၊ နိုင်ငံတကာအဖွဲ့အစည်းများ INGOs နှင့် နောက်ဆုံးစားသုံးသူများ (Consumer) များစုပေါင်း၍ စားသုံးသူ အဖွဲ့အစည်းများ (Consumer Organization) ထူထောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ နောက်ဆုံးအနေဖြင့် အစားအသောက် အရည်အသွေး စံချိန်စံညွှန်းကို အာမခံပေးနိုင်မည့် မြန်မာနိုင်ငံ အစားအသောက် အရည်အသွေးထိန်းသိမ်းရေး အခြေခံအဆောက်အအုံ (National Food Quality Infrastructure) ကို ဖွဲ့စည်းတည်ထောင်စီမံဆောင်ရွက်သွားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



## ပြည်နယ်အစိုးရ၊ တပ်မတော်နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဘိန်းခင်းများ ဖျက်ဆီး

**မြစ်ကြီးနား မတ် ၂**

တပ်မတော်သားများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ ပူးပေါင်းပါဝင်သော လူထုစုပေါင်းဘိန်းခင်းဖျက်ဆီးရေးအဖွဲ့သည် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီဒေသရှိ ဝေမိုးရွာနှင့် ထန်းမိုခမ်း ပတ်ဝန်းကျင်တစ်ဝိုက်တို့၌ ဘိန်းခင်းများကို ဖေဖော်ဝါရီ ၂၉ ရက်နှင့် မတ် ၁ ရက်တို့တွင် ဖျက်ဆီးခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ဖေဖော်ဝါရီ ၂၉ ရက်တွင် အင်အား ၃၆၀ ဖြင့် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီဒေသ ဝေမိုးရွာပတ်ဝန်းကျင်တစ်ဝိုက်မှ ဘိန်းခင်း ငါးဧကခန့်ကိုလည်းကောင်း၊ မတ် ၁ ရက်တွင် အင်အား ၅၀၀ ကျော်ဖြင့် ထန်းမိုခမ်းကျေးရွာတစ်ဝိုက်မှ ဘိန်းခင်း ၁၂ ဧကခန့်ကိုလည်းကောင်း စုစုပေါင်း ၁၇ ဧကခန့်ကို ပူးပေါင်းဖျက်ဆီးခဲ့ကြသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၁ ရက်အထိ ဘိန်းခင်းများဖျက်ဆီးမှုအနေဖြင့် ကချင်ပြည်နယ်ဒေသအတွင်း ပူတာအို-ဆွမ်ပရာဘွမ်ဒေသတွင် ၉ ဒသမ ၇၅ ဧက၊ ချီဖွေ-ပန်ဝါဒေသတွင် ၅၇၀ ဒသမ ၄ ဧက၊ မိုးမိတ်ဒေသတွင် ၃၈ ဒသမ ၂ ဧက၊ တနိုင်းဒေသတွင် ၄၇ ဒသမ ၅ ဧက နှင့် ဆဒုံး-ကန်ပိုက်တီဒေသတွင် ၁၁၁၆ ဒသမ ၁ ဧက စုစုပေါင်း ၁၇၈၁ ဒသမ ၉၅ ဧကတို့ကို ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဘိန်းစိုက်တောင်သူဒေသခံပြည်သူများအား လတ်တလောစားသုံးရန်အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၂၀၀ နှင့် တပ်မတော်မှ ဆန်အိတ် ၁၀၀၊ ကုလားပဲ ၁၀ အိတ်၊ ဆား တစ်အိတ်၊ စားသုံးဆီ တစ်ပေပါတို့ကို ထောက်ပံ့ပေးအပ်ထားခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်သားများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံဘိန်းစိုက်တောင်သူများ ပူးပေါင်းပါဝင်သောအဖွဲ့သည် လူထုစုပေါင်းဘိန်းခင်းဖျက်ဆီးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

# မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ၂၀၁၆ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ပြီဖြစ် မကြာမီ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်လာနိုင်တော့မည်

**လူငယ်မောင်မယ်များအား တာဝန်ကျေပွန်သည့် နိုင်ငံ့သားကောင်းများဖြစ်စေရန်နှင့် ကိုယ်ကျင့်တရားနှင့်စာရိတ္တကောင်းစေရန်၊ မိမိကိုယ်ကိုအားကိုးတတ်စေရန်နှင့် အများအကျိုးဆောင်ရွက်နိုင်ပြီး လေ့ကျင့်ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ကင်းထောက်လူငယ်စခန်းချ တွေ့ဆုံပွဲ(ပုပ္ပားစခန်း)ကို ယနေ့ဖွင့်လှစ်ခဲ့ရာ စခန်းချပွဲသို့ ပါဝင်တက်ရောက်သည့် ကင်းထောက်ကြီးများနှင့် လူငယ်ကင်းထောက် မောင်မယ်များ၏ အတွေ့အကြုံများကို မျှဝေဖော်ပြလိုက်ပါသည်။**

သတင်းနှင့်ဓာတ်ပုံ
ကိုလတ်(သတင်းစဉ်)


ဒေါက်တာတင်ညို။


ဦးကျော်။


ဒေါ်အိအိခင်။


မောင်ကောင်းဆက်ဟိန်း ။


မအေးဘုန်းပြည့်ချို။

**မြန်မာနိုင်ငံအမျိုးသားကင်းထောက် ချုပ် ဒေါက်တာတင်ညို**

ဒီနေ့ဖွင့်လှစ်တဲ့ (ပုပ္ပားစခန်း) ကင်းထောက်လူငယ်များ စခန်းချ တွေ့ဆုံပွဲ ကျင်းပတဲ့နေရာဟာ လွန်ခဲ့တဲ့ နှစ်များစွာက ကင်းထောက်စခန်း တစ်ခုဖြစ်တဲ့အတွက် သမိုင်းဝင် ထူးခြားတဲ့နေရာဖြစ်ပါတယ်။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ရဲ့ အောင်မြင်ခဲ့တဲ့ ကာလတွေဟာ အခု အခါ ဂုဏ်ယူဖွယ်ပုံရိပ်တွေဖြစ်နေပါ ပြီ။ အတိတ်ရဲ့အောင်မြင်မှုတွေ လှုပ်ရှားဆောင်ရွက်မှုတွေကို ဆက်ခံ နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေ ကြတာပဲဖြစ်ပါတယ်။

၁၉၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ဟာ ၂၀၁၆ ခုနှစ်မှာ နှစ်တစ်ရာပြည့်ပြီ ဖြစ်တဲ့အတွက် ရာပြည့်အခမ်းအနား ကျင်းပနိုင်ဖို့ စီစဉ်နေပါတယ်။

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ရဲ့ လှုပ်ရှားကြိုးပမ်းမှုကြောင့် မကြာမီ ကာလအတွင်းမှာ ကမ္ဘာ့ကင်းထောက် အဖွဲ့ဝင်နိုင်ငံအဖြစ် တင့်တင့် တယ်တယ် ပြန်လည်ရပ်တည်လာနိုင် တော့မှာ ဖြစ်ပါတယ်။

ကင်းထောက်လူငယ်တွေဟာ မိမိ တို့ခံယူထားတဲ့ ကတိ(၃)ပါး၊ ကျင့်ဝတ် (၁၀)ပါးကို ရိုသေလိုက်နာပြီး လူ့အဖွဲ့ အစည်းအတွက် အသုံးဝင် အဖိုးတန် တဲ့ လူငယ်တွေအဖြစ် ရပ်တည်သွားဖို့ တိုက်တွန်းလိုပါတယ်။ အကြောင်း ကြောင်းကြောင့် ဖြစ်ပေါ်လာတတ်တဲ့ ရာသီဥတု ပြောင်းလဲမှုအပါအဝင် အခက်အခဲတွေ၊ ဘေးအန္တရာယ်တွေ ကျရောက်လာရင်လည်း ကင်းထောက် လူငယ်တွေအနေနဲ့ လူသား အကျိုးပြုလုပ်ငန်းတွေကို ကြိုးစား ဆောင်ရွက်ကြစေလိုပါတယ်။

**သီဟ ကင်းထောက်ကြီး ဦးကျော်**

ဒီနှစ်ပုပ္ပားစခန်းချပွဲမှာ ကျွန်တော် ကြိုက်တာတစ်ခုရှိပါတယ်။ တဲလေး တွေနဲ့ ကလေးတွေကို နေရာချထား တာဟာ စခန်းချအင်္ဂါရပ်တစ်ခုဖြစ်လို့ ညွှန်ကြားစီစဉ် လုပ်ကိုင်ပေးသူတွေကို ကျေးဇူးတင်မိပါတယ်။ တဲလေးတွေ ကိုချပြီး ကလေးတွေကို သူတို့အဖွဲ့ အလိုက်၊ ကင်းစိတ်အလိုက် တဲထိုး ခိုင်းရင် ပိုပြီးသဘာဝကျမှာပါ။ ဒါပေ မယ့် အချိန်က စကားပြောသွားတော့ အခုလိုအဆင်သင့်ထိုးထားပြီး နေစေ တာကိုလည်း တွေ့ရတာ စိတ်ချမ်း သာပါတယ်။

**ဒေါ်အိအိခင် (ဦးစီးအရာရှိ၊ မန္တလေး တိုင်းဒေသကြီး၊ ပညာရေးမှူးရုံး)**

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မြန်မာ နိုင်ငံ ကင်းထောက်လုပ်ငန်းတွေ ပြန်လည်စတင်ချိန်မှာ ကင်းထောက် သင်တန်းကို ဆန္ဒအရတက်ရောက် ခဲ့ပါတယ်။ ကင်းထောက်လုပ်ငန်းရဲ့ အနှစ်သာရနဲ့ အခြေခံသဘောတရား ရည်ရွယ်ချက်တွေဟာ ကျွန်မရဲ့ ခံယူ ချက်နဲ့ ထပ်တူကျတဲ့အတွက် ကျွန်မ ကင်းထောက်လုပ်ငန်းအပေါ် စွဲမက် ပျော်ရွှင်မိပါတယ်။

ဆင့်ပွားသင်တန်းတွေကို အခြေခံ ကျောင်းတွေ၊ ကိုယ်ပိုင်ကျောင်းတွေနဲ့ တက္ကသိုလ်တွေမှာ ရှစ်ကြိမ် ပြုလုပ် ပေးခဲ့ပါတယ်။ အာရှ-ပစိဖိတ်ဒေသ ဆိုင်ရာ ကင်းထောက်အဖွဲ့က ပြုလုပ် တဲ့ ခေါင်းဆောင်မှု သင်တန်း ၂၀၁၃ ခုနှစ်၊ ဂျပန်-မြန်မာချစ်ကြည်မှု စခန်းချသင်တန်းကို ၂၀၁၅ ခုနှစ်နဲ့ အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့က ပို့ချတဲ့ National Strategic Planning Workshop နဲ့ National Youth Programe တို့ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ တက်ရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာကျင်းပတဲ့ ကင်းထောက် လူငယ်များ စခန်းချတွေ့ဆုံပွဲကို ၂၀၁၅ ခုနှစ် မေလ (ပြင်ဦးလွင်)မှာ တစ်ကြိမ်၊ အခု ၂၀၁၆ ခုနှစ် မတ်လ (ပုပ္ပားစခန်း)မှာ တစ်ကြိမ် တက်ရောက်ရလို့ အတွေ့အကြုံတွေ ထပ်မံရရှိစေပါတယ်။ နိုင်ငံတကာ သင်တန်းအတွေ့အကြုံတွေနဲ့ ဂျမ်ဘိုရီ အတွေ့အကြုံတွေဟာ ကင်းထောက် လုပ်ငန်းတွေကို ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်ဖို့ ကျွန်မ အတွက် ခွန်အားဖြစ်စေသလို နောင် မျိုးဆက်သစ် လူငယ်တွေအတွက် အတွေ့အကြုံကောင်းတွေ ရရှိစေလို့ ရေရှည်ဆက်လက် ဆောင်ရွက်သင့် တဲ့ လုပ်ငန်းဖြစ်ပါတယ်။

**မောင်ကောင်းဆက်ဟိန်း (စတုတ္ထနှစ်၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်၊ ဒဂုံတက္ကသိုလ်)**

ကျွန်တော်ကတော့ ဒဂုံတက္ကသိုလ် မှာ နိုင်ငံတကာဆက်ဆံရေးဘာသာ ရပ်သင်ယူနေတဲ့ စတုတ္ထနှစ် ကျောင်းသား ဖြစ်ပါတယ်။ ပုပ္ပား ကင်းထောက်စခန်းချ တွေ့ဆုံပွဲက ကျွန်တော့်အတွက် ဒုတိယအကြိမ် ဖြစ်ပြီး ပထမတစ်ကြိမ်က မနှစ်က ပြင်ဦးလွင် ကင်းထောက်စခန်းချ တွေ့ဆုံပွဲဖြစ်ပါတယ်။ ကင်းထောက် ကို ဘာဖြစ်လို့ဝင်ရလဲဆိုတော့ မနှစ် က ကျွန်တော်တို့ တက္ကသိုလ်တွေမှာ ကင်းထောက်ဖွဲ့ဖို့ခေါ်တော့ ကျွန်တော် လည်း အခြေခံပညာကျောင်းတွေမှာ ကင်းထောက်ဖွဲ့နေတာကို မြင်ထား တော့ စိတ်ဝင်တစားနဲ့ ပါဝင်ဖြစ်ခဲ့ပါ တယ်။

ကျွန်တော်တို့ကို နွေရာသီမှာ ကင်းထောက်သင်တန်း ပေးခဲ့ပြီး ပြင်ဦးလွင်စခန်းချတွေ့ဆုံပွဲကို ပါဝင် ခွင့်ရခဲ့ပါတယ်။ အဲဒီတုန်းက ကင်းထောက် လှုပ်ရှားမှုတွေဖြစ်တဲ့ ကင်းထောက်စခန်းချခြင်း၊ ခြေလျင် တောင်တက်ခြင်း စတာတွေအပြင် အခြေခံအကျဆုံး ကြိုးချည်နည်းတွေ ကို ပြုလုပ်ခဲ့ရတယ်။ အတွေ့အကြုံ တွေ ဘာရလဲဆိုတော့ အသင်းအဖွဲ့နဲ့ အလုပ်လုပ်တတ်ဖို့ တောထဲမှာအပြင် လက်တွေ့ဘဝမှာပါ မိမိခြေထောက် ပေါ်မှာရပ်နိုင်အောင် ပြီးတော့ ကင်းထောက် ကတိ(၃)ပါးကို အမြဲ လိုက်နာတတ်ဖို့ လိုအပ်ကြောင်း တွေ့ခဲ့ရပါတယ်။

တစ်နိုင်ငံလုံးက ကျောင်းသားတွေ နဲ့တွေ့ခွင့်ရတဲ့အတွက် ပျော်ဖို့ ကောင်းပါတယ်။ ဒီပုပ္ပားစခန်းချ တွေ့ဆုံပွဲမှာလည်း အရင်နှစ်ကထက် ပိုပြီးအတွေ့အကြုံတွေမှာ ပါဝင် လုပ်ဆောင်ခွင့်ရမယ်လို့ ယုံကြည်မိပါ တယ်။ ကျွန်တော်တို့ မနှစ်က ပြင်ဦး လွင်စခန်းချတွေ့ဆုံပွဲ ပြီးသွားတော့ နီပေါလျှင်လှုပ်ထားပြီးသား အချိန် ဖြစ်နေလို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ စေတနာ့ဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပခဲ့တဲ့ (၂၅) ကြိမ်မြောက် အာရှ-ပစိဖိတ် ဒေသတွင်း ကင်းထောက်လူငယ်ဖိုရမ် ကို မြန်မာနိုင်ငံကိုယ်စားပြု လူငယ် ကင်းထောက်အနေနဲ့ တက်ရောက် ခွင့်ရပြီး ၂၀၁၅ ခုနှစ်ဒီဇင်ဘာလမှာ စင်ကာပူနိုင်ငံလုံးဆိုင်ရာ ကင်းထောက် ညီလာခံမှာ တက်ရောက်ခွင့်ရခဲ့ပါ တယ်။ ဒီလိုမျိုးသွားရောက်ခွင့်ရတဲ့ အတွက် နိုင်ငံတကာမှာရှိတဲ့ ကင်းထောက်တွေရဲ့ အတွေ့အကြုံ တွေကိုပါ ဖလှယ်ခွင့်ရတဲ့အပြင် ကင်းထောက်လုပ်ငန်းဆိုတာ နိုင်ငံ တိုင်းမှာရှိတဲ့ လူငယ်တွေကို နိုင်ငံ့ သားကောင်းတွေ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနေတဲ့ အဖွဲ့ အစည်းဖြစ်တယ်ဆိုတာ မြင်တွေ့ ရပါတယ်။

**မအေးဘုန်းပြည့်ချို (အဋ္ဌမတန်း၊ အထက-၂၊ ကမာရွတ်)**

ကင်းထောက်ကို ၂၀၁၅ ခုနှစ်မှာ ဝင်ခဲ့ပါတယ်။ စစချင်းတော့ကင်းထောက် အကြောင်းကိုသိပ်မသိပါဘူး။ နောက် ပိုင်း ကင်းထောက်လုပ်ဆောင်ချက် တွေကိုလုပ်ကြည့်မှ ကင်းထောက် လုပ်ငန်းဟာအလွန်ကောင်းမွန်တယ် လို့ ထင်မိပါတယ်။ ကင်းထောက် လုပ်ဆောင်ချက်တွေမှာ အကြိုက်ဆုံး ကတော့ စခန်းချခြင်းဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ၂၀၁၄ ခုနှစ် မတ်လ မှာ ပြင်ဦးလွင်၌ကျင်းပတဲ့ ဂျမ်ဘိုရီကို တက်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်မရဲ့ ပထမဆုံးအတွေ့အကြုံပါ။ အဲဒီ ဂျမ်ဘိုရီမှာ မြန်မာနိုင်ငံ အနှံ့ကလာတဲ့ ကင်းထောက်တွေနဲ့တွေ့ရလို့ သူငယ် ချင်းအသစ်တွေ၊ အထွေထွေဗဟုသုတ တွေ အများကြီးရပါတယ်။

၂၀၁၄ ခုနှစ် ကိုရီးယားမှာ ကျင်းပ တဲ့ 4th International Patrol Jamboree မှာ မြန်မာနိုင်ငံကိုယ်စား ပြုအနေနဲ့ သွားရောက်ခဲ့ပါတယ်။ အဲဒီမှာ နိုင်ငံတကာကလာတဲ့ ကင်းထောက်တွေနဲ့ တွေ့ရပြီး ကင်းထောက်လုပ်ဆောင်ချက်တွေ အများကြီး လုပ်ရပါတယ်။ အဲဒီလို လုပ်ဆောင်ချက်တစ်ခုပြီးရင် တံဆိပ် တစ်ခုရပါတယ်။ အခုလည်း ၂၀၁၆ ခုနှစ်မှာကျင်းပတဲ့ ပုပ္ပားကင်းထောက် စခန်းမှာ ပါဝင်နေပါတယ်။

ဒီလိုမျိုး Jamboree တွေကို တက်ရောက်တဲ့အတွက် အတွေ့ အကြုံသစ်တွေ အများကြီးရပါတယ်။ ကိုယ့်ဘာသာကို ရပ်တည်လာနိုင် တယ်။ အထူးသဖြင့် နိုင်ငံခြား Jamboree တွေမှာ တခြားနိုင်ငံတွေ ရဲ့ အထွေထွေဗဟုသုတတွေကို သိရ ပါတယ်။ ယဉ်ကျေးမှုတွေကိုလည်း သိရပါတယ်။ ဒီလိုရရှိလာတဲ့ ဗဟု သုတတွေရယ်၊ အတွေ့အကြုံတွေကို အခြားကင်းထောက်တွေကို မျှဝေ ပေးပါတယ်။ ကိုယ်တိုင်ကလည်း ကင်းထောက်လုပ်ငန်းကို စိတ်ဝင် စားပါတယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူတိုင်းကို ကင်းထောက်အဖွဲ့ အစည်းတိုင်းမှာပါဝင်စေချင်ပါတယ်။

## မိုးရေချိန်စံချိန်သစ်

**နေပြည်တော် မတ် ၂**

မတ် ၂ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ မတ်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**

**မိုးရေချိန်စံချိန်သစ်**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင် စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | နေပြည်တော် (လေဆိပ်) | ၃၈ | ၁. ၅၀ | ၁၅ | ၀. ၅၉ | ၂၉-၃-၂၀၁၁ | ၁၁ |

## နွေရာသီ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်သင်တန်း ဖွင့်မည်

**ရန်ကုန် မတ် ၂**

နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်လူငယ်ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်လျက် ဥက္ကလာဂေါက်သီးလေ့ကျင့်ရေးကွင်းမှစီစဉ်သော နွေရာသီ လူငယ်အခြေခံဂေါက်သီးရိုက်သင်တန်း အမှတ်စဉ် (၁/၂၀၁၆)ကို မတ် ၇ ရက်မှ ၁၈ ရက်အထိ အဆိုပါ ဂေါက်သီးလေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ပြီး (တနင်္လာနေ့မှ သောကြာနေ့အထိ) နေ့စဉ်နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်သည်။

လူငယ်အခြေခံဂေါက်သီးရိုက်သင်တန်းကို မြန်မာ့ လက်ရွေးစင်ကစားသမားများစွာ မွေးထုတ်သင်ကြား လေ့ကျင့်ပေးခဲ့သော နည်းပြချုပ်ဦးဆန်းထွန်း (PGA Golf Professional) နှင့်အတူ ဥက္ကလာဂေါက်သီးလေ့ကျင့်ရေး ကွင်း ဝါရင့်နည်းပြဆရာများက စနစ်တကျသင်ကြားပေး မည်ဖြစ်ပြီး အသက် ရှစ်နှစ်မှ (၁၆) နှစ်အကြား မျိုးဆက်သစ် လူငယ်မောင်မယ်များ တက်ရောက်သင်ကြားနိုင်မည် ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူ လူငယ်မောင်မယ်များ သည် မတ် ၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည် ဖြစ်ပြီး သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉- ၂၅၀၆၂၂၄၇၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်သည်။ **(ဖိုးသော်ဇင်)**

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နော့ဒစ်နိုင်ငံများ

နော့ဒစ်လေးနိုင်ငံဆိုင်ရာ သံရုံးများကို ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ်က စုပေါင်းရုံးအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ယင်းသို့လက်တွေ့ စီစဉ်ဆောင်ရွက်ခြင်းသည် နော့ဒစ်နိုင်ငံများအကြား တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အလားတူ ပူးပေါင်းဆောင်ရွက်ကြရန်အတွက် ကနဦးခြေလှမ်းတစ်ရပ် ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံတွင်ရှိသော နော့ဒစ်လေးနိုင်ငံ သံရုံးများ၏ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်အနေဖြင့်လည်းကောင်း၊ သံရုံးအသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်သည့် အထိမ်းအမှတ်အနေဖြင့်လည်းကောင်း "Open House" ဖွင့်ပွဲအခမ်းအနားကို နော့ဒစ်စုပေါင်းရုံး၌ မတ် ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဂျာမနီ၊ ဘင်္ဂလားဒေ့ရှ်၊ အာဖဂန်နစ္စတန် အစရှိသည့်နိုင်ငံများတွင် နော့ဒစ်နိုင်ငံသံရုံးများ တစ်နေရာတည်း၌ ရုံးဖွင့်ထားသော်လည်း ရန်ကုန်တွင်ရှိသောသံရုံးမှာမူ အမြင့်မားဆုံးသော ပူးပေါင်းဆောင်ရွက်မှုကို ဖော်ညွှန်းလျက်ရှိသည်။ ရန်ကုန်တွင်ရှိသော ကျွန်ုပ်တို့သံရုံးများသည် ရုံးနေရာအတူတည်ရှိရုံသာမဟုတ်ဘဲ ဘုံစီမံအုပ်ချုပ်မှု အောက်တွင်ရှိနေသည်။ ထိုသို့ နော့ဒစ်လေးနိုင်ငံအကြား နီးစပ်စွာပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် အဆိုပါသံရုံးများမှ တစ်ဆင့် မြန်မာပြည်သူများအတွက် ပိုမိုကျယ်ပြန့်ပြည့်စုံသည့် အထောက်အပံ့များပေးရန် အခွင့်အလမ်းများရရှိလာသည်။

နော့ဒစ်နိုင်ငံများသည် နှစ်ပေါင်းများစွာကတည်းက နော့ဒစ်ဒေသအတွင်း စည်းလုံးရန်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြရန် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများရှိသည်။ နော့ဒစ်ဒေသတွင်း နိုင်ငံများအကြားအဖွဲ့အစည်းအဖြစ် နော့ဒစ်ဝန်ကြီးများကောင်စီကို ၁၉၇၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းသည် နော့ဒစ်နိုင်ငံများပူးပေါင်းဆောင်ရွက်မှု၏ ထင်သာမြင်သာသည့် သာဓကတစ်ရပ်ဖြစ်သည်။

နော့ဒစ်ပုံစံ (Nordic Model) သည် လူ့အခွင့်အရေးကို လေးစားသော ဒီမိုကရေစီစနစ် နက်ရှိုင်းစွာအခြေခံသော လူ့အဖွဲ့အစည်းဟု ရည်ညွှန်းရမည်။ လူ့အခွင့်အရေးသည် နော့ဒစ်နိုင်ငံများ၏ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာကဏ္ဍများတွင် ခိုင်မြဲစွာတည်ရှိနေပြီး ကျွန်ုပ်တို့နော့ဒစ်နိုင်ငံများ၏ ခိုင်မာသော ဒီမိုကရေစီစနစ်နှင့်ကြွယ်ဝခြင်း၏ အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။

နော့ဒစ်ပုံစံသည် အထူးသဖြင့် တရားဥပဒေစိုးမိုးမှု၊ လူမှုအခြေပြုအဖွဲ့အစည်းများ၏ တက်ကြွပြီး လူသိများသည့် လှုပ်ရှားမှုများ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ တန်းတူညီတူဖြစ်မှု၊ သွေးစည်းညီညွတ်မှုနှင့် သဘာဝတရားနှင့် နီးစပ်မှုများအပေါ်အခြေခံကာ တည်ဆောက်ထားပါသည်။ ဒီမိုကရေစီစနစ်ကောင်းစွာ တည်ဆောက်ထားသည်နှင့်အညီ နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အောက်ခြေလူတန်းစားများအား ပူးပေါင်းပါဝင်စေခြင်း၊ လူထုအခြေပြုဆက်ဆံမှု၊ လူထုပါဝင်မှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းစသည့် ဓလေ့များအား နော့ဒစ်နိုင်ငံများအကြား ဘုံအစဉ်အလာတစ်ရပ်အဖြစ် ခိုင်မာစွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပါသည်။

အရေးကြီးသည်မှာ နော့ဒစ်နိုင်ငံများသည် သန့်ရှင်း၍ ပွင့်လင်းမြင်သာသော အစိုးရ၊ ပြည်သူများအတွက် ကောင်းမွန်သော လူမှုဖူလုံရေးစနစ်များဖြင့် တည်ဆောက်ထားခြင်းဖြစ်ပါသည်။ နိုင်ငံတကာပွင့်လင်း မြင်သာမှုအဖွဲ့က ထုတ်ပြန်သည့် ခြစားမှုတိုက်ဖျက်ရေး အညွှန်းကိန်းအစရှိသည့် နိုင်ငံတကာဆိုင်ရာ အဆင့်သတ်မှတ်အညွှန်းကိန်းများမှာ နော့ဒစ်နိုင်ငံများ၏ သန့်ရှင်း၍ ပွင့်လင်းမြင်သာသော အစိုးရ၊ ပြည်သူများအတွက် ကောင်းမွန်သော လူမှုဖူလုံရေးစနစ်များကျင့်သုံးမှုတို့ကို သက်သေခံလျက်ရှိပါသည်။

မြန်မာနိုင်ငံအတွက် နော့ဒစ်နိုင်ငံများ၏ အကူအညီများ လွန်ခဲ့သောဆယ်စုနှစ်များစွာကစတင်ခဲ့ပြီး အထူးသဖြင့် ဒီမိုကရေစီစနစ်ထွန်းကားရေးကြိုးပမ်းမှုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ကူညီပံ့ပိုးခြင်းတို့ဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့သည် နိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု၊ ကြွယ်ဝမှုတို့အတွက် မရှိမဖြစ် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ပါသည်။ ထို့အတွက်ကြောင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသူများအားလုံးကို ဆက်လက်ကူညီပံ့ပိုးရန် အခိုင်အမာဆုံးဖြတ်ထားပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေး၊ ယောကျ်ားလေးအားလုံး၏ ကွဲပြားသော လိုအပ်ချက်များ အကျိုးကျေးဇူးများကို ထည့်သွင်းစဉ်းစားရမည့်အပြင် အမျိုးသမီးများအား ညီမျှသော ပါဝင်ခွင့်ကိုလည်းပေးရပါမည်။

ကျွန်ုပ်တို့၏ အကူအညီများဖြင့် မြန်မာနိုင်ငံတွင် ဆင်းရဲမှုလျှော့ချရန်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ယူနိုင်မှုတို့ တိုးတက်ကောင်းမွန်လာစေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာတို့၏ အခန်းကဏ္ဍများ၊ ပိုမိုခိုင်မာလာစေရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ရန်တို့အတွက် ရည်ရွယ်ထားပါသည်။ နော့ဒစ်နိုင်ငံများ၏ ဖွံ့ဖြိုးရေးဆိုင်ရာ နည်းဗျူဟာတွင် ကျား၊ မ တန်းတူဖြစ်မှုတိုးတက်လာစေရန် အလေးပေးထားပါသည်။ လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျွန်ုပ်တို့၏လုပ်ဆောင်မည့် ကဏ္ဍတိုင်းတွင် ကျား/မတန်းတူညီမှုကို အလေးပေးထည့်သွင်းသွားပါမည်။

မြန်မာနိုင်ငံတွင် နော့ဒစ်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုသည် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းက သိသာထင်ရှားစွာ တိုးတက်လာခဲ့ပြီး ယခုအခါ ဆက်သွယ်ရေး၊ စွမ်းအင်၊ အထည်အလိပ်၊ စားသောက်ကုန်ပစ္စည်းများနှင့်ကုန်စည်ပို့ဆောင်ရေးကဏ္ဍများတွင် ဦးဆောင်လာနိုင်ပြီဖြစ်သည်။

အဆိုပါ စီးပွားရေးလုပ်ငန်းများသည် တန်ဖိုးရှိပြီး ကျယ်ပြန့်စွာအခြေခံသည့် ကြွယ်ဝမှု၊ အခွန်ဝင်ငွေများနှင့် ထုတ်လုပ်ကဏ္ဍဆိုင်ရာ အလုပ်အကိုင်များ ဖော်ဆောင်ပေးနိုင်ပြီး ရေရှည်တွင် ဆင်းရဲမွဲတေမှုပပျောက်ရေးအတွက် အလွန်အရေးပါသည်။ အထောက်အကူဖြစ်နိုင်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးထူထောင်ရန်နှင့် စီးပွားရေးလုပ်ငန်းများမှ လူ့အသိုက်အဝန်းအပေါ် တာဝန်ရှိမှုတို့အား အလေးပေးဖော်ဆောင်ပေးနိုင်ရေးတို့သည် နော့ဒစ်နိုင်ငံများ၏ စီးပွားရေးအသိုင်းအဝိုင်းမှ ခံယူထားသည့် အခြေခံသဘောတရားများဖြစ်ကြပါသည်။

လက်ရှိလုပ်ဆောင်နေသည့် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့ကို ကူညီရန်အတွက် မြန်မာနိုင်ငံမှ မိတ်ဖက်အဖွဲ့များနှင့် ပိုမိုရင်းနှီးစွာ အတူတကွလုပ်ဆောင်ကြရန် နော့ဒစ်နိုင်ငံများမှ မျှော်လင့်လျက်ရှိသည်။ မြန်မာနိုင်ငံသည် နိုင်ငံသူနိုင်ငံသားအားလုံးအတွက် လူ့အခွင့်အရေးမြှင့်တင်ပေးသော၊ မျှတသော၊ ရေရှည်တည်တံ့၍ အများပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အတူ ငြိမ်းချမ်းသော ဒီမိုကရေစီလူ့ဘောင်ကို အောင်မြင်စွာတည်ဆောက်နိုင်ရန် ကျွန်ုပ်တို့နော့ဒစ်နိုင်ငံများမှ ဆုမွန်ကောင်းခြွေလိုက်ပါသည်။

***(မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး ပီတာလီ(စ်) ဟို့(ဒ်)ဟန်ဆန်၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး အန်း အိုလီစတာ့(ဒ်)၊ ဖင်လန်နိုင်ငံသံတမန်ရေးရာ အခြေစိုက်ရုံး သံရုံးတာဝန်ခံ-ယာမိုကုသိလနှင့် ဆွီဒင်နိုင်ငံ ရန်ကုန်ရုံးခွဲအကြီးအကဲ ဂျိန်ဟန် ဟာလ်လန်တော့တို့က ရေးသားသည်။)***



# မီးစက်အိပ်ဇော မီးပွားလွင့်စင်ရာမှ မီးလောင်မှုဖြစ်ပွား လူနေအိမ် ၄၀ ခန့် မီးလောင်၊ အမျိုးသားတစ်ဦးသေဆုံး

**မြိတ် မတ် ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကံမော်နယ်မြေရဲစခန်း၏ အနောက်မြောက်ဘက် ရေမိုင် ၂၀ ခန့်အကွာ စခန်းသစ်ကျေးရွာအုပ်စု တောင်ပြိုကျေးရွာတွင် မတ် ၁ ရက် ည ၁၀ နာရီ မိနစ် ၂၀ ခန့်က မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေအလုံး ၄၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး အမျိုးသားတစ်ဦး မီးလောင်ကျွမ်းသေဆုံးခဲ့ကြောင်း မြိတ်ခရိုင်မီးသတ်ဦးစီးဌာန၏ အတည်ပြုချက်အရသိရသည်။

ဖြစ်စဉ်မှာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာအုပ်စု တောင်ပြိုကျေးရွာတွင် မတ် ၁ ရက် ည ၁၀ နာရီ မိနစ် ၂၀ ခန့်က ဦးအာဇီ(၅၈)နှစ် မြိတ်မြို့နေသူပိုင်ဆိုင်သော နေအိမ်တွင် နေထိုင်သည့် ဦးစိုးစိုး(၃၆)နှစ် ဥယျာဉ်လုပ် တောင်ပြိုကျေးရွာနေသူသည် မတ် ၁ ရက် ညနေ ၆ နာရီခွဲခန့်တွင် နေအိမ် ၌ မီးအသုံးပြုရန်အတွက် မီးစက်မောင်းထားပြီး နေအိမ်အပေါ်ထပ်တွင် TV ကြည့်ခဲ့ရာ ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် မီးစက်မှ ရေပိုက်ပြုတ်ထွက်၍ အပူလွန်ကဲကာ အိပ်ဇောပိုက်မှ ထွက်လာသော မီးပွားများမှတစ်ဆင့် မီးစက်ရုံအမိုး (ဓနိဖက်)အား မီးလောင်ကျွမ်းကာ မီးစက်မောင်းရန်ထားရှိသော ဆီပုံးအား မီးကူးစက်၍ မီးစတင် လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားရာနေရာသို့ စခန်းသစ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ အရန်မီးသတ်တပ်ခွဲမှူး ဦးခင်စိုးတို့ ဦးဆောင်သော စခန်းသစ်ကျေးရွာ ရေကန်အော်ကျေးရွာတို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀ နှင့် ရွာသူ/ရွာသားများ ပူးပေါင်းပြီး အပေါ့စား မီးသတ်ရေစုပ်စက်ငါးလုံးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး မတ် ၂ ရက် နံနက် ၀၀ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးမန်လာ(၄၁)နှစ် (စိတ်မနှံ့သူ)မှာ မီးစတင် လောင်ကျွမ်းခဲ့သည့် နေအိမ်တွင် အိပ်ပျော်နေခဲ့ရာမှ မီးလောင်ကျွမ်းခံခဲ့ရသဖြင့် သေဆုံးသွားခဲ့ကြောင်းသိရပြီး မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၄၀ ခန့် မီးလောင်ကျွမ်းခဲ့ကာ အိမ်ထောင်စု(၅၉)စုတို့မှ မီးဘေးသင့်အိမ်ထောင်စုများအား ကျေးရွာရှိ မူလတန်းလွန်ကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ကာ တာဝန်ရှိသူများက ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

■ ■

### ❂ဗီယက်နမ်မှ

ချင်းတွင်းမြစ် တစ်လျှောက်ပြေးဆွဲမည်ဖြစ်ပြီး စိတ်ဝင်စားဖွယ် သမိုင်းဝင်နေရာများ၊ မြန်မာ့ရိုးရာဓလေ့ထုံးတမ်းများ၊ယဉ်ကျေးမှုအမွေအနှစ်များရှိရာ သင်္ဘောဆိပ်ကမ်းများတွင် ဆိုက်ကပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြေးဆွဲမည့် အနော်ရထာသင်္ဘောသည် လေးထပ်သင်္ဘောဖြစ်ပြီး ပေအားဖြင့် ၂၁၃ ပေ အရှည်ရှိကာ ရေစူး ၃ ပေကျော်သာရှိသည့်အတွက် ရာသီဥတုမရွေး၊ နေရာဒေသမရွေး မြစ်အတွင်းသွားလာနိုင်ပြီး အခန်းပေါင်း ၂၃ ခန်းပါရှိကာ ခရီးသည် ၄၆ ဦးအတွက် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများဖြင့် ကျယ်ကျယ်ဝန်းဝန်း သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။

ခရီးစဉ်များအနေဖြင့် (ရန်ကုန်-ပုဂံ- ပုဂံ- ရန်ကုန်)၊ (ရန်ကုန်- မန္တလေး-မန္တလေး-ရန်ကုန်)၊(ပုဂံ-မန္တလေး၊မန္တလေး-ပုဂံ)၊(မန္တလေး -ဟုမ္မလင်း-ပုဂံ) ခရီးစဉ်များအပြင် (မန္တလေး-ကသာ ) ခရီးစဉ်ကိုပါ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Heritage Line ကုမ္ပဏီသည် ၂၀၀၉ ခုနှစ်မှစ၍ မဲခေါင်မြစ်ဝှမ်းတွင် Jayavarman သင်္ဘောတစ်စင်းဖြင့်စတင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံဟိုချီမင်းမြို့နှင့် ကမ္ဘောဒီးယားနိုင်ငံသို့ The Jahan.အမည်ရှိ သင်္ဘောဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအတွင်းရှိ ဒေသတွင်းရိုးရာယဉ်ကျေးမှုများ၊ ဓလေ့များကိုလေ့လာနိုင်ရန် Jinger , Jasmine, Violet. သင်္ဘောများဖြင့်လည်းကောင်း ပြေးဆွဲခဲ့ပြီး ယခုပြေးဆွဲသည့် Anawrahta(အနော်ရထာ) သင်္ဘောသည် မြန်မာနိုင်ငံတွင် ပထမဆုံးပြေးဆွဲမည့် သင်္ဘောဖြစ်ကြောင်း သိရသည်။

### ○ ကျောဖုံးမှ

လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်းတို့က ၁၃ မှတ်စီ မကွေးအသင်းနှင့် ဇေယျာရွှေမြေအသင်းတို့က ၁၂ မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ရှစ်မှတ်၊ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်းတို့က ခုနစ်မှတ်စီ Horizon အသင်းက လေးမှတ်၊ Southern အသင်းက နှစ်မှတ်တို့ ရရှိထားသည်။

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရတနာပုံအသင်းမှာ မကွေးအသင်းနှင့် အိမ်ကွင်းပွဲကျပ် ကစားရမည်ဖြစ်ပြီး ဒုတိယနေရာမှ ဟံသာဝတီအသင်းနှင့် တတိယနေရာမှ ဇွဲကပင်အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုကို အခွင့်ကောင်းယူနိုင်ခြင်း ရှိ၊ မရှိစောင့်ကြည့်ရမည်ဖြစ်သည်။ လေးပွဲဆက်အနိုင်ရထားသည့် ရန်ကုန်အသင်းမှာ ဇေယျာရွှေမြေအသင်းနှင့် အဝေးကွင်းပွဲတွင် နိုင်ပွဲဆက်မှုကို ထိန်းနိုင်ရန် ခက်ခက်ခဲခဲကြိုးပမ်းရဖွယ်ရှိနေသည်။

### ❖ဧရာဝတီလင်းပိုင်မှ

ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေး ဧရိယာကို စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းပုထိုးတော်ကြီး အနောက်ဘက်ကမ်းနှင့် မန္တလေးတိုင်းဒေသကြီး နန်းတော်ကျွန်း(အရှေ့ဘက်)ကမ်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့ ရေတော်ဘုရား(အနောက်ဘက်ကမ်း)မှ အရှေ့ဘက်ကမ်းမန္တလေးတိုင်းဒေသကြီးအထိ မြစ်အစိတ်အပိုင်းအား ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ရက်က သတ်မှတ်ခဲ့ကြောင်းသိရသည်။

"လင်းပိုင်မျိုးသုဉ်းမယ့် အန္တရာယ်ဝိုင်းဝန်းကာကွယ်ဖို့နဲ့ ရေသယံဇာတတွေ ထိန်သိမ်းရေးပညာပေးစာစောင်တွေ ဖြန့်ဝေပြီး ဟောပြောတယ်။ ရုပ်ရှင်တွေပြတယ်။ ဒီခရီးမှာ ဗန်းမော်ရောက်တော့ ရုတ်တရက်ရေကြီးလာပြီး အခက်အခဲဖြစ်လာလို့ အဆန်တုန်းက တွေ့ခဲ့တာကိုပဲ မှတ်တမ်းယူခဲ့တယ်"ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဒုဦးစီးမှူး ဦးဟန်ဝင်းက ပြောသည်။

လင်းပိုင်သုတေသနဆောင်ရွက်ခဲ့သည်မှာ (၁၄)နှစ်ခန့်ရှိပြီဖြစ်၍ ယခုခရီးစဉ်တွင် မှန်ဘီလူးများ၊GPS(Global Positioning System ), Depth (Meter), Distance (Sounder) နှင့် အကောင်းဆုံးကင်မရာများ အသုံးပြုကာ ဝဲဘက်၊ အလယ်၊ ယာဘက်စောင့်ကြည့်သုံးဦး၊ ပတ်ဝန်းကျင်စောင့်ကြည့်သူများဖြင့် နာရီပိုင်းလူလဲစနစ်သုံး၍ အချိန်ပြည့်မှတ်တမ်းပြုစုခြင်းဖြစ်သည်။

မျိုးသုဉ်းမည့်စာရင်းတွင်ပါဝင်နေသည့် ဧရာဝတီလင်းပိုင်များထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဒေသခံများနှင့် အများပြည်သူက ဝိုင်းဝန်းကူညီရမှာဖြစ်ပြီး လျှော့တိုက်ငါးဖမ်းခြင်း၊ မြစ်အတွင်းမှ စီးပွားဖြစ်ရွှေတူးဖော်ခြင်း၊ မြစ်ရေညစ်ညမ်းစေခြင်းစသည့် လင်းပိုင်များသွားလာနေထိုင်မျိုးပွားမှုအတွက် ထိခိုက်နိုင်သည့် လုပ်ရပ်များရှောင်ကြဉ်ရန်လိုအပ်သည်ဟုဆိုသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■

**မီးဘေးရှောင် မလောင်ခင်တား**

# မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များ၌ သောက်သုံးရေအခက်အခဲမဖြစ်ပေါ်စေရေး ဆောင်ရွက်

**မြိတ် မတ် ၂**

အယ်လ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြုံတွေ့ပါက အကျိုးသက်ရောက်မှုဒဏ်ခံနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိခြင်းဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝကို ကူညီပေးနိုင်ရန်ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ကြီးနယ်မြေတပ်ပြင်ရပ် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၉ နာရီခွဲက မြိတ်ခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းက ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် အယ်လ်နီညိုသက်ရောက်မှုကြောင့် အပူချိန်မြင့်မား၍ ရေတွင်း၊ ရေကန်များ ရေခန်းခြောက်မှုများဖြစ်ပေါ်လာပါက ရေပြတ်လပ်သောမြို့နယ်များအတွင်းရှိ ကျေးလက်ဒေသများသို့ ရေသယ်ယာဉ်များဖြင့် ပို့ဆောင်သည့်လုပ်ငန်းကို အဓိကထား လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သောစက်သုံးဆီများကို စီမံထားရှိရန် ပြောကြားခဲ့သည်။

ထို့နောက် မြိတ်ခရိုင်အတွင်းရှိ မြိတ်၊ ကျွန်းစု၊ ပုလော၊ တနင်္သာရီမြို့နယ်များမှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးများက မိမိတို့မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် နွေရာသီရောက်တိုင်း သောက်သုံးရေရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် သဘာဝစိမ့်စမ်းရေ သွယ်တန်းပေးခြင်း၊ တွင်းတိမ်၊ တွင်းနက် စက်ရေတွင်းတူးဖော်ပေးခြင်း၊ လက်ယက်တွင်းများတူးဖော်ပေးခြင်းစသည့် ရေရရှိမှုလုပ်ငန်းများဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် အယ်လ်နီညိုသက်ရောက်မှုကြောင့် ဖေဖော်ဝါရီလမှ ဇွန်လဆန်းအထိ ရေပြတ်လပ်မှု၊ ရေခန်းခြောက်မှု ပြဿနာများ ဖြစ်ပေါ်လာနိုင်သည့်အတွက် စီမံချက်ချပြီး ကွင်းဆင်းစစ်ဆေးမှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ဌာနဆိုင်ရာများ၊ မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အလှူရှင်များဖြင့် ပူးပေါင်း၍ အမှန်တကယ်ရေလိုအပ်သည့် ကျေးလက်ဒေသများသို့ ပို့ဆောင်နိုင်ရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ်သည် တနင်္သာရီကမ်းရိုးတန်းဒေသတွင်ပါရှိသဖြင့် မုတ်သုံမိုးကောင်းသည့် ဒေသတစ်ခုတွင် ပါဝင်ပြီး ရေပြတ်လပ်မှုရှိသော်လည်း အချိန်အတိုင်းအတာအရ အနည်းငယ်သာ ကြုံတွေ့ရသည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။ မြိတ်မြို့နယ်အတွင်း မြိတ်တောင်ကျေးရွာအုပ်စု တောထွင်ကြီးကျေးရွာ (အိမ်ခြေ ၃၁၉ အိမ်) လူဦးရေ ၇၀၅ ဦး၊ စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ (အိမ်ခြေ ၁၁၉၀) လူဦးရေ ၆၆၇၂ ဦး၊ သမုတ်ကျေးရွာအုပ်စုတွင် မော်စုန်းကျေးရွာ (အိမ်ခြေ ၁၃၈ အိမ်) လူဦးရေ ၆၆၅ ဦး၊ ဝါကုန်းကျေးရွာ (အိမ်ခြေ ၇၄ အိမ်) လူဦးရေ ၃၅၄ ဦး၊ ပဂျီရှောင်ကျေးရွာ (အိမ်ခြေ ၃၀၀) လူဦးရေ ၁၄၉၅ ဦး၊ သဘွတ်ကျေးရွာအုပ်စုတွင် ဝန်မယ်ကျေးရွာ (အိမ်ခြေ ၂၆၄ အိမ်) လူဦးရေ ၁၅၁၇ ဦး၊ ပင်းအိုကျေးရွာအုပ်စု ပင်းအိုကျေးရွာ (အိမ်ခြေ ၂၀၆ အိမ်) လူဦးရေ ၂၅၆ ဦး၊ အင်္ဂမော်ကျေးရွာအုပ်စု ရင်းတောင်ကျေးရွာ (အိမ်ခြေ ၅၃ အိမ်) လူဦးရေ ၁၃၃ ဦး၊ ပြင်းငယ်ကျေးရွာအုပ်စု ကျောင်းတောင်ကျေးရွာ (အိမ်ခြေ ၄၅ အိမ်)လူဦးရေ ၃၀၆ ဦး၊ မော်တောင်ကျေးရွာ (အိမ်ခြေ ၁၄၁ အိမ်) လူဦးရေ ၈၅၉ ဦးနှင့် မဇောကျေးရွာအုပ်စု သကန်တောင်ပု ကျေးရွာ (အိမ်ခြေ ၂၅၀) လူဦးရေ ၈၀၀ နေထိုင်ကြပြီး ယင်းကျေးရွာများတွင် ရေပြတ်လပ်မှုဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။



**မြင့်ဦး(မြိတ်)**



# စပယ်ဂူ-မယ်ကရို(ကားဇက်ကူးတို့)ခရီးလမ်းသစ်ဖွင့်

**ကျိုက်မရော မတ် ၂**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် စပယ်ဂူ- မယ်ကရို (ကားဇက်ကူးတို့)ခရီးလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီတွင် စပယ်ဂူဆိပ်ကမ်း၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာပြည်သူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

"အခုလို (ကားဇက်ကူးတို့)ပြေးဆွဲပေးလို့ ကျိုက်မရောမြို့ အတ္ထရံမြစ်အရှေ့ဘက်ကမ်းမှာနေထိုင်တဲ့ တောင်သူတွေ ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် များစွာအကျိုးဖြစ်ထွန်းစေမည့်အပြင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အတ္ထရံမြစ်အရှေ့ဘက်ကမ်းမှာ မယ်ကရို၊ ကော့ဒွန်း၊ ကော့ပနော၊ ကော့ဝမ်း၊ ဝင့်၊ မွန်စု၊ ရွာတန်းရှည်၊ ကော့ကျိုက်၊ ကော့ခလိန်၊ ကြာအင်းချောင်၊ ကကတောင်၊ အံကရဲ၊ ဖားပျောက်၊ ရှမ်းကျွန်း၊ ကြီးအုပ်၊ ကတုံစိ၊ ရွှေဝါချောင်း၊ ကြခတ်ကုန်း၊ ဝါးပုံကုန်း၊ မရင်းကုန်း၊ ဖာသိမ် စတဲ့ကျေးရွာတွေမှာရှိတဲ့ တောင်သူတွေဟာ အရင်က မော်လမြိုင်မြို့မှာ ကျေးရွာကုန်စည်တွေကူးသန်းရောင်းဝယ်ရင် အသွားအပြန်တစ်ရက်ခရီးလောက်ကြန့်ကြာမှုရှိပြီး ယခုဆိုရင် စပယ်ဂူ-မယ်ကရို (ဇက်ကူး ကူးတို့) ဆောင်ရွက်ပေးလို့ အချိန်ကုန်သက်သာပြီး များစွာအကျိုးဖြစ်ထွန်းစေမှာပါ"ဟု တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ (ဇက်ကူး ကူးတို့)ဆောင်ရွက်နိုင်ရေးကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသံလွင်ဌာနခွဲနှင့် အောင်ကျော်ကမ္ဘာကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းပြီး ဒေသတွင်းပြည်သူများအန္တရာယ်ကင်းရှင်းရေးနှင့် လမ်းပန်းဆက်သွယ်ရေး ချောမွေ့ကောင်းမွန်စေရန် ရည်ရွယ်၍ စပယ်ဂူ-မယ်ကရို (ဇက်ကူးတို့)ခရီးလမ်းကို ရေဘဝဲ (၁) ရေယာဉ်ဖြင့် လူတစ်ဦးလျှင် ကျပ် ၂၀၀၊ ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၅၀၀ စသည်ဖြင့် ယာဉ်အမျိုးအစားအလိုက် ကျပ် ၂၅၀၀ မှ ကျပ် ၂၀၀၀၀ အထိ သတ်မှတ်ထားပြီး ကုန်တစ်တန်လျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ထွန်း(ပြန်/ဆက်)**

# ပဲခူးရိုးမသစ်ခိုးထုတ်မှုကာကွယ်ရန် ပုဒ်မ ၁၄၄ ထုတ်ပြန်

**ပဲခူး မတ် ၂**

ပဲခူးမြို့နယ်အတွင်း တရားမဝင်သစ်များ ထုတ်လုပ်နေမှုအား သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမိန့်ထုတ်ပြန်ထားချက်အရ သိရသည်။

ပဲခူးမြို့နယ်အတွင်း ဇောင်းတူနှင့်တိုက်ကြီးတို့တွင် သစ်တောထွက်ပစ္စည်းများ အများအပြား တရားမဝင်ဝင်ရောက်လုပ်ကိုင်နေခြင်းဖြစ်ရာ ယခုအကြိမ် မြို့နယ်သစ်တောမှ သစ်တောဥပဒေဖြင့် ပြင်းပြင်းထန်ထန်အရေးယူဖွယ်ရာ ရှိနေသည်။

သစ်တောထွက်ပစ္စည်းများဖြစ်သော မီးသွေး၊ ဝါး၊ ထင်းနှင့် သစ်တောထဲမှထွက်ရှိသော တိရစ္ဆာန်ပစ္စည်းမျိုးစုံတို့ကို ထုတ်လုပ်ရောင်းဝယ်ခြင်းအား သစ်တောရေးရာဝန်ကြီးဌာန ခွင့်ပြုချက်ရယူပြီးမှသာ တရားဝင်ထုတ်လုပ်ရောင်းချနိုင်သည်။ ဇာမရီကြိုးဝိုင်း၊ ရွှေလောင်းကိုယ်တူကွဲစလူကြိုးဝိုင်း၊ တားမြစ်နယ်နိမိတ်အတွင်း သစ်ခုတ်၊ ဝါးခုတ်၊ ထင်း၊ မီးသွေး ထုတ်ယူခြင်းမပြုလုပ်ရန်နှင့် ဝင်ထွက်သွားလာမှုမပြုရန် ပုဒ်မ ၁၄၄ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

တောထဲ၌ ဈေးဆိုင်ဖွင့်ရောင်းချနေသော လူများအပါအဝင် တောထုတ်ကားများပါ တောထဲမှသတ်မှတ်ရက်တွင် နောက်ဆုံးထွက်ခွာရန် ညွှန်ကြားချက်ထုတ်ထားရာ တောထုတ်ကားများ၊ လမ်းအသုံးပြုသောနင်းကြမ်းများပါ ဖယ်ရှားရှင်းလင်းခိုင်းထားကြောင်း သိရသည်။

"သစ်ကားနင်းဖို့ တောလမ်းမှာ အသုံးပြုတဲ့ နင်းကြမ်းတွေပါ ဖယ်ရှားခိုင်းပါတယ်။ သစ်ကားကမိုးရွာလိုက်တာနဲ့တောလမ်းအသုံးပြုလို့မရတော့ နင်းကြမ်းခံထားရပါတယ်။ အခု နင်းကြမ်းပါဖယ်ခိုင်းလိုက်တော့ ကားတွေဘယ်လိုမှ ဆက်မနေနိုင်တော့ပါဘူး။ လူတွေ၊ ဈေးဆိုင်တွေပါ ဖျက်ခိုင်းနေပြီ"ဟု ဝါးကားမောင်းသူတစ်ဦးကပြောသည်။

သစ်များတရားမဝင်ခုတ်ယူနေမှုများ ကြာမြင့်လာသည်နှင့်အမျှ တရားဝင်ခုတ်ယူနေမှုအစဉ်အလာဖြစ်လာသည်။ တောတွင်းဝင်ရောက်ဖမ်းဆီးသော သစ်တောဝန်ထမ်းများအား တုတ်၊ ဓား၊ လေးများဖြင့် ကိုယ်ထိလက်ရောက်ပြုမှုများရှိနေရာ အသက်အန္တရာယ်ဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်များလည်းရှိကြောင်း သိရသည်။

"ချောင်းဖျားဇောင်းတူ၊ တိုက်ကြီးဇီးတောဘက်မှာ အဓိကခုတ်နေပင် ကျွန်းပင်တွေမြင်မကောင်းဘူး။ ဘောနတ်ကြီး၊ သစ်ဆိပ်ပင်က လမ်းဆုံနေရာဖြစ်တယ်။ အမြန်လမ်းမကို အသုံးပြုကြတယ်။ နေ့ခင်းဘက်ကားတွေကို ရွာတွေထဲဖွက်ထားပြီး ညဘက်မှ တင်ကြတယ်။ စူပါကာစတန်ကားတွေနဲ့ တင်တာပါ။ စကက်ဖောကားတွေနဲ့ တောထုတ်ပါတယ်။ ဒီလမ်းကအခြေအနေမကောင်းရင် ဟိုဘက်လမ်းကနေသွားပြီး သစ်တွေကားပေါ်ကလှန်ချလို့ရတယ်။ တောအုပ်တစ်ယောက် ဖောကားကိုဖမ်းပြီးကားသော့ယူထားတယ်။ သစ်သူခိုးတွေက အုပ်ဖွဲ့ပြီး ဓားနဲ့ထောက် ကားသော့ပြန်တောင်းပြီး သစ်တွေလှန်ချမောင်းထွက်သွားတာလည်း ရှိတယ်" ဟု သစ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

**(၄၂၈)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လယ်ယာသုံးနှင့် မွေးမြူရေးတိရစ္ဆာန်များ အယ်လ်နီညိုဒဏ်မခံရရန် ကြိုတင်ဆောင်ရွက်မှုများစတင်

**မုံရွာ မတ် ၂**

အပူပိုင်းဒေသတွင် ပါဝင်မှုများသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အယ်လ်နီညိုရာသီကြောင့် မွေးမြူရေးတိရစ္ဆာန်များ အစာရေစာပြတ်လပ်မှုမရှိစေရန် ကြိုတင်သတိပေးဆောင်ရွက်ထားသလို ဖြစ်ပွားတတ်သော အပူလျှပ်ခြင်းနှင့် ကူးစက်ရောဂါများကို ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)နှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)တို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါက်တာမြင့်စိုးထံမှ သိရသည်။

"မွေးမြူရေးတိရစ္ဆာန်တွေ အစာပြတ်လပ်မှုမရှိအောင် သက်ဆိုင်ရာခရိုင်၊ မြို့နယ်တိ/မွေး/ကုဦးစီးမှူးတွေအနေနဲ့စီမံဆောင်ရွက်နေပါတယ်။ အစာအတွက် ကြိုတင်စုဆောင်းမှုကို ဒေသဆက်စပ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အရင်နှစ်တွေကထက်ပိုအောင် စုဆောင်းသိုလှောင်တာတွေ လုပ်နေပါပြီ။ အသားစားကြက်၊ ဥစားကြက်နဲ့ ဝက်တွေမှာဖြစ်နိုင်တဲ့ အပူလျှပ်တာနဲ့ ကူးစက်ရောဂါတွေမဖြစ်အောင် ကြိုတင်ဆောင်ရွက်နေသကဲ့သို့ ရာသီဥတုအကူးအပြောင်းမှာဖြစ်တတ်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ဝက်နားရွက်ပြာရောဂါတွေအတွက် အထူးဂရုစိုက်ဆောင်ရွက်နေပါတယ်"ဟု ဒေါက်တာမြင့်စိုးက ပြောသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)နှင့် စစ်ကိုင်းတိုင်းဒေသကြီး တိ/မွေး/ကုဦးစီးဌာနတို့ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို မုံရွာကြက်မွေးမြူရေးဇုန်နှင့် မုံရွာငုံးမွေးမြူရေးဇုန်များတွင် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ မွေးမြူရေးခြံပိုင်ရှင်လုပ်သားများဖြင့် ဆွေးနွေးခဲ့သည်။

ထို့အပြင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE) နှင့်ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသများဖြစ်သည့် စစ်ကိုင်း၊ မုံရွာနှင့် ရွှေဘိုခရိုင်တို့မှ မြို့နယ်ရှစ်မြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ကိုင်သူများကို အထောက်အပံ့နှင့် ခွာနာလျှာနာရောဂါကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျွဲ၊ နွားတိရစ္ဆာန်များသောက်သုံးရေပြတ်လပ်မှုမရှိစေရန် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ကျေးလက်အလိုက် ဆက်စပ်အဖွဲ့အစည်းများဖြင့် ပူးပေါင်းကာဆောင်ရွက်လျက်ရှိသလို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကြက်မွေးမြူရေးဇုန် ခုနစ်ခုနှင့် ငုံးမွေးမြူရေးဇုန် တစ်ခုတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအနေဖြင့် ဇီဝလုံခြုံရေးပညာပေး ဟောပြောမှုများနှင့်အတူ မွေးမြူရေးခြံများအရောက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပံ့ပိုးမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ထောက်ပံ့မှုဖြင့် စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်နှင့် ရွှေဘိုခရိုင် လေးခရိုင်မှ ၁၉ မြို့နယ်မှ တစ်မြို့နယ်လျှင် သင်တန်းသား ၂၀ စီဖြင့် စုစုပေါင်းသင်တန်းသား ၃၈၀ကို အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားကာ တက်ရောက်သော သင်တန်းသားများကို လယ်ယာသုံးတိရစ္ဆာန်များ၊ မွေးမြူရေးတိရစ္ဆာန်များအတွက် အထောက်အကူပြုဆေးနှင့် ဆေးပစ္စည်း ၁၅ မျိုးကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ချင်းတွင်းရေကြည် ပန်းချီဆရာအောင်မောင်း၏ တစ်ကိုယ်တော်ရေဆေးပန်းချီပြပွဲ မန္တလေးတောင်ပြခန်းတွင် မတ် ၁၃ မှ ၁၇ ရက်ထိ ကျင်းပမည်

**မန္တလေး မတ် ၂**

ခေတ်သဘာဝအရ ခေတ်နှင့်လိုက်လျောညီထွေသည့် ကွန်တန်ပရယ်တီ မော်ဒန်ပန်းချီများ ရေးဆွဲလာကြရာ ရေဆေးပန်းချီအပေါ် စိတ်ဝင်တစားပြုလုပ်သူမှာ နည်းလာသောကြောင့် တစ်ကိုယ်တော်ရေဆေးပန်းချီပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း မုံရွာအခြေစိုက် ချင်းတွင်းရေကြည် ပန်းချီဆရာ ဦးအောင်မောင်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် မတ်လက (၁၃) ကြိမ်မြောက် တစ်ကိုယ်တော် ရေဆေးပန်းချီပြပွဲကို မန္တလေးမြို့ မန္တလေးတောင် ပန်းချီပြခန်းတွင် ပြသခဲ့ပြီး ယခု (၁၄) ကြိမ်မြောက် တစ်ကိုယ်တော် ရေဆေးပန်းချီပြပွဲကို မတ် ၁၃ ရက်မှ ၁၇ ရက်ထိ မန္တလေးတောင်ပန်းချီပြခန်း၌ ပြသသွားမည်ဖြစ်သည်။

(၁၄)ကြိမ်မြောက် တစ်ကိုယ်တော် ရေဆေးပန်းချီပြပွဲတွင်၂၀၁၅ ခုနှစ် မတ်လနောက်ပိုင်းမှ ၂၀၁၆ ခုနှစ် မတ်အထိ တစ်နှစ်တာကာလအတွင်း ဆရာဦးအောင်မောင်း ရေးဆွဲထားသော မုံရွာပတ်ဝန်းကျင်နှင့် မန္တလေး၊ ပုဂံဒေသတို့မှ ရှုခင်းများ၊ လူမှုဘဝအနုရသများကို လက်မ ၃၀၊ လက်မ ၂၀ ဆိုက်ကြီးများ၊ လက်မ ၂၀၊ ၁၅ လက်မအလတ်ဆိုက် စုစုပေါင်း ပန်းချီကား ၅၀ ကို ပြသသွားမည်ဖြစ်သည်။

"ပန်းချီ အောက်ဒိုးထွက်ဆွဲတဲ့ အလေ့အထကတော့ ကျောင်းကတည်းက ပါလာတယ်။ တစ်ပတ်မှာ တစ်ရက်၊ နှစ်ရက် အောက်ဒိုးထွက်ဆွဲပါတယ်။ အဲဒီက ပါလာတဲ့မျိုးစေ့က အခုရေးနေတဲ့ ရေဆေးအရောင်တွေကို ကောင်းကောင်း အထောက်အကူပြုစေပါတယ်။

ဝါတာကာလာရဲ့ သဘောကရေးချက် အချိန်တိုအတွင်း ရေးတဲ့ရေးနည်းပါ။ အောက်ဒိုးထွက်တယ်ဆိုတာကတော့ သဘာဝလမ်းကြောင်းပေါ်ဖြစ်တဲ့အတွက် သဘာဝကိုဖမ်းချင်တော့ အောက်ဒိုးထွက်ဆွဲတာ အကောင်းဆုံး နည်းလမ်းတစ်ခုပါပဲ။ ဓာတ်ပုံကြည့်ဆွဲတာနဲ့ မတူပါဘူး။ အောက်ဒိုးထွက်ဆွဲတာဟာ ကိုယ်ရောက်နေတဲ့၊ ကိုယ်ဆွဲမယ့်ပတ်ဝန်းကျင်ရဲ့အနုပညာနဲ့ ဒေသပတ်ဝန်းကျင်ရဲ့သဘာဝ အနုပညာတွေကို လက်တွေ့မှာ ရစေပါတယ်။

ပန်းချီဆရာရဲ့ ခံစားချက်ကလည်း ပန်းချီကားထဲမှာပါ အရောက်ဝင်သွားစေတဲ့ သဘောဖြစ်ပါတယ်။ အောက်ဒိုးသက်တမ်း အများဆုံး အုံနဲ့ကျင်းနဲ့ မုံရွာကအဖွဲ့တွေဆွဲခဲ့တာက နှစ်သက်တမ်းမနည်းတော့ပါဘူး။ ၁၉၇၃ ခုနှစ်လောက်ကတည်းက စဆွဲခဲ့တာဆိုတော့ နှစ်ပေါင်း ၄၀ ကျော်ရှိနေပါပြီ။ ကိုယ့်ရေးဖော် ရေးဖက်တွေ ၁၀ ယောက် ၁၅ ယောက်လည်းရှိ၊ ဒါမှမဟုတ် ငါးယောက် ခြောက်ယောက်လောက်နဲ့အောက်ဒိုး နှစ်ပေါင်း ၄၀ ကျော်ခရီးကို ဒီနေ့အထိ ထိန်းသိမ်းရေးဆွဲနေကြတာပါ"ဟု ဆရာဦးအောင်မောင်းက ပြောသည်။

ဆရာဦးအောင်မောင်း အနေဖြင့် တနင်္ဂနွေနေ့တိုင်း အပတ်စဉ် မုံရွာမြို့ဝန်းကျင် ရှုခင်းများကိုရေးဆွဲမှတ်တမ်းတင်ခြင်းကို ချင်းတွင်းရေကြည်အဖွဲ့ဖြင့် ပူးပေါင်းရေးဆွဲလျက်ရှိသလို ယခင်က အများသိပြီးသားနေရာဖြစ်သည့် မိုးညှင်းသမ္ဗုဒ္ဓေ၊ ဗောဓိတစ်ထောင်၊ ဖိုလ်ဝင်တောင် စသည့်နေရာများကို အဆွဲများရာမှ ယခုနောက်ပိုင်းကာလတွင် ကျေးလက်သဘာဝ၏ လူနေမှုသဘာဝ အလှ ဓလေ့စရိုက်များကို မြင်သာထင်သာရှိရန် ရေးဆွဲနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**





# မန္တလေးတိုင်းဒေသကြီးအတွင်း ဖရဲသီးအထွက်ကောင်းသော်လည်း ဈေးနှုန်းများကျဆင်း၊ တရုတ်နိုင်ငံသို့တင်ပို့ရောင်းချမှုရပ်ဆိုင်း

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကမ်း မြေနုကျွန်းများနှင့် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်၊ မိတ္ထီလာလွင်ပြင်ဒေသနှင့် တပ်ကုန်းမြို့နယ်တို့တွင် ဖရဲစိုက်ခင်းများရှိပြီး မိုးစပါးစိုက်ပျိုးပြီးစီးချိန် ရာသီသီးနှံအဖြစ် ဖရဲခင်းများစိုက်ပျိုးကြသည်။

မိုးစပါးရိတ်သိမ်းပြီး နိုဝင်ဘာလလယ်လောက်တွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလတွင် ရောင်းချကြကြောင်း အမရပူရမြို့နယ် ရှမ်းလေးကျွန်းဖရဲစိုက်တောင်သူများက ပြောသည်။

ဖေဖော်ဝါရီ ဒုတိယပတ် တရုတ်နှစ်သစ်ကူးကာလ ပြီးမြောက်ချိန် ဝယ်လက်နည်းလာပြီး တရုတ်ယွမ်ငွေတန်ဖိုး ကျဆင်းလာမှုကြောင့် တရုတ်နိုင်ငံသို့ ဖရဲသီးတင်ပို့ရောင်းချသူများ ဈေးနှုန်းကျဆင်းနေသဖြင့် မော်တော်ယာဉ်ခ၊ အလုပ်သမားစရိတ်များနှင့် မကိုက်သဖြင့် တင်ပို့မှုများ ရပ်ဆိုင်းလျက်ရှိသည်။

ရာသီဥတုကောင်းမွန်သဖြင့် ဖရဲစိုက်ခင်းများတွင် ဖရဲအထွက်ကောင်းသော်လည်း တရုတ်နိုင်ငံဈေးကွက် မကောင်းသဖြင့် ရန်ကုန်- မန္တလေးမော်တော်ကားလမ်းဟောင်း အမရပူရမြို့နယ် မြစ်ငယ်အနီးနှင့် စဉ့်ကိုင်မြို့နယ် ပလိပ်တို့တွင်လည်းကောင်း၊ မန္တလေးမြို့ပတ်လမ်း ရှမ်းကလေးကျွန်း၊ ရွှေကြက်ယက်အနီးတွင် ဖရဲသီးဆိုင်များဖွင့်ကာ ခရီးသွားပြည်သူများအား ရောင်းချလျက်ရှိသည်။

ပြည်တွင်းဈေးကွက်တွင် ဖရဲအကြီးတစ်လုံး ကျပ် ၁၅၀၀၊ အလတ် ကျပ် ၁၀၀၀၊ အသေး ကျပ် ၅၀၀ ဖြင့် ရောင်းချနေကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ဝက်သားပေါက်များဈေးကောင်းပေးဝယ်နေ၍ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးလုပ်ငန်း အကျိုးဖြစ်ထွန်း

**ငါ့သရောက် မတ် ၂**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် တောင်ယာလုပ်ငန်းသိမ်းဆည်းပြီးသည့် ယခုလိုအချိန်တွင် ကျေးရွာအချို့ရှိဒေသခံပြည်သူများက မိသားစုဝင်ငွေရရှိရေးအတွက် ဝက်သားပေါက် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသူများ အများအပြားရှိနေပြီး ဝက်သားပေါက်ဝယ်ယူရောင်းချသည့်လုပ်ငန်းမှာ မိသားစုအတွက်အဆင်ပြေသလို ဝက်သားပေါက်ငယ်များကို ဈေးကောင်းပေးဝယ်ယူနေကြသဖြင့် ဝက်သားပေါက်မွေးမြူရေးလုပ်ငန်းမှာ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ငါ့သရောက်မြို့နယ် မှာရှိတဲ့ အညာကျေးလက်ဒေသတွေက ဒေသခံပြည်သူတွေဟာ မြေယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကအားထား လုပ်ကိုင်ကြတာပါ။ အခုနောက်ပိုင်းမှာ ဒေသခံတွေက တောင်သူလုပ်ငန်းနဲ့ တွဲဖက်ပြီးတစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးလုပ်ငန်းကို စမ်းသပ်လုပ်ကိုင်လာတာ တောင်သူတွေအတွက် အကျိုးဖြစ်ထွန်းလာပါတယ်။ ဒါကြောင့် အခုနောက်ပိုင်းအညာကျေးလက်ဒေသတွေမှာ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်မွေးမြူလာကြပါတယ်။ ဝက်သားပေါက်မွေးမြူရေးလုပ်ငန်းက တစ်သားမွေးဖို့အတွက် လေးလလောက်ပဲစောင့်ရတာ တစ်နှစ်ကိုဝက်သားပေါက် သုံးသားမွေးပါတယ်။ ဝက်သားပေါက်တွေမွေးပြီး တစ်လခွဲသားရှိတာနဲ့ ဝက်သားပေါက်ဝယ်တဲ့သူတွေက အိမ်ကိုလာပြီး စရန်ငွေသဘောပေးပြီး အပြိုင်အဆိုင်ဝယ်ကြတာပါ"ဟု ငါ့သရောက်မြို့နယ် ပြုကြီးကျေးရွာမှ ဝက်သားပေါက်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်နေသူ တစ်ဦးကပြောသည်။

ဝက်သားပေါက်ငယ် တစ်ကောင်ကို ငွေကျပ် ၄၂၀၀၀ မှ ၄၅၀၀၀ခန့်အထိ ဈေးနှုန်းရှိပြီး ငါ့သရောက်မြို့နယ် အတွင်းရှိ ကျေးလက်ဒေသများတွင် တစ်ပိုင်တစ်နိုင် ဝက်သားပေါက် မွေးမြူရေးလုပ်ငန်းကို အများအပြား လုပ်ကိုင်လာကြသဖြင့် ဒေသခံများအတွက် များစွာအကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေဘေးသင့်ပြည်သူများ ချင်းပြည်နယ်တွင်နေထိုင်ခွင့်ရရှိရေး တွေ့ဆုံဆွေးနွေး

**ဖလမ်း မတ် ၂**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇန်မြို့နယ် တွီးခိန်ဇန် စိန်တုမ့်ကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ မတ် ၁ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင်လျန်ပေါင်၊ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သက်နိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇန်မြို့နယ် တွီးခိန်ဇန်(က) သဘာဝ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တွီးခိန်ဇန်(က) သဘာဝရေဘေးသင့်ပြည်သူများ၏ လိုအင်ဆန္ဒအတိုင်း ချင်းပြည်နယ်အတွင်း နေထိုင်ခွင့်ရရှိရေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော်မြေတိုင်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းရွှေက ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်နိမိတ်တိုင်းတာတွက်ချက်ခြင်းအပေါ် ရှင်းလင်းဆွေးနွေးပြီး တွီးခိန်ဇန်(က) ဒေသခံပြည်သူတစ်ဦးက သဘာဝရေဘေးသင့်ပြည်သူများသည် မူလနေရာ ချင်းပြည်နယ်တွင် နေထိုင်လိုကြောင်းနှင့် ပြည်သူများ၏ လိုအပ်ချက်များကိုတင်ပြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်းသိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ၂၀၁၆ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များလိုက်နာရန် စည်းကမ်းချက်များထုတ်ပြန်

**မန္တလေး မတ် ၂**

မန္တလေးမြို့တော် ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော် အလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ လိုက်နာရန်စည်းကမ်းချက်များထုတ်ပြန်ခဲ့ရာ နန်းမြို့ကျုံးပတ်လည်မှအပ မန္တလေးမြို့တွင်း မဏ္ဍပ်များ၏လမ်းထောင့်မှ ၂၅ ပေ ခွာဆောက်လုပ်ရန်၊ ရေကစားမဏ္ဍပ်ဆောက်လုပ်ရာတွင် လမ်းပိတ်ဆို့ခြင်းမရှိစေရန်အတွက် လမ်းဘေးပလက်ဖောင်းအတွင်း ဆောက်လုပ်ရန်၊ ခွင့်ပြုချက်မရဘဲ မြို့ရေပေးရေး မီးသတ်ပိုက်ခေါင်းများမှ ရေထုတ်ယူ၍ရေမကစားရန်၊ လေအိုးသုံးရေပိုက်၊ မီးသတ်ပိုက်ခေါင်းများနှင့် ရေပက်ခြင်းလုံးဝမပြုလုပ်ရန်၊ ရေပိုက်များနှင့်ပတ်သက်၍အချင်း၃/၈-အရွယ်အစားထက်မကြီးသော Nozzle ခေါင်း(၁၀၀)ထက်မပိုရန်၊ အချင်း၄လက်မအရွယ်အစားရှိ ရေစုပ်စက်ထက်မကြီးရန်၊ ပွဲတော်ရက်အတွင်း ရေကစားမဏ္ဍပ်များတွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် ညနေ ၃နာရီမှ ညနေ ၆ နာရီအထိသာ ရေကစားရန်သတ်မှတ်ထားသည်။ လျှောက်လွှာတွင် သင်္ကြန်မဏ္ဍပ်အမည်ကိုပေါ်လွင်ထင်ရှားစွာရေးရန်၊ မြန်မာ့ရိုးရာသင်္ကြန်၏ သရုပ်ကိုဖော်ဆောင်သောရုပ်ပုံများကိုသာ ထည့်သွင်းရေးဆွဲရမည်ဖြစ်ပြီး သင်္ကြန်မဏ္ဍပ်များတွင် အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးများ ရောင်းချခြင်းမပြုရန်နှင့် ရေကစားမဏ္ဍပ်များကို ဧပြီ ၉ ရက်အပြီးတည်ဆောက်၍ ဧပြီ ၂၃ ရက်တွင် အပြီးဖျက်သိမ်းရန်ဖော်ပြထားသည်။

သင်္ကြန်မဏ္ဍပ်များတွင် စီးကရက်၊ ဆေးလိပ်၊ ဘီယာ၊ အရက်ကြော်ငြာများကပ်ခြင်း၊ ချိတ်ဆွဲခြင်းမပြုရန်၊ ရေကစားမဏ္ဍပ်များတွင် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများမပြုလုပ်ရန်၊ မဏ္ဍပ်များလုံခြုံရေးအတွက် CCTVများ တပ်ဆင်ရန်၊ အလှပြမဏ္ဍပ်တွင် ရေကစားခြင်းမပြုရန်၊ မဟာသင်္ကြန်သီချင်းများ သီဆိုဖျော်ဖြေရာတွင် မြန်မာနိုင်ငံတော်နှင့်အစိုးရ၏ ဂုဏ်သိက္ခာထိပါးစေနိုင်သည့် တစ်ဖက်သတ်စွပ်စွဲပုတ်ခတ်ရေးသားသီဆိုမှုများမပါရှိစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေနိုင်သည့် ရေးသားသီဆိုမှုများ မပါရှိစေရန်၊ မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသည့်စာသား၊ ဝတ်စားဆင်ယင်မှု၊ တင်ဆက်မှု၊ သရုပ်ဖော်မှုများမပါရှိစေရန်၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်(သို့)အဖွဲ့အစည်းအပေါ် တစ်ဖက်သတ် စွပ်စွဲပုတ်ခတ်မှုများမပါရှိစေရန်တို့ဖြစ်ပြီး စည်းကမ်းဖောက်ဖျက်ပါက မန္တလေးမြို့တော် စည်ပင်သာယာတည်ဆဲဥပဒေအရ အရေးယူခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

**မောင်ပြည်သူ(မန္တလေး)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၃ - ၃ -၂၀၁၆ (ကြာသပတေးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ အနုပညာသတင်းအစီအစဉ်
၈:၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ်
၉:၃၅ ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (သမိုင်းဘာသာရပ်)
၁၀:၃၅ အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ်
၁၁:၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁:၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ"(အပိုင်း-၃)
၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၁၄)
၁:၅၀ လှပစုံလင်အာဆီယံတစ်ခွင်
၂:၀၀ မှတ်မှတ်သားသားပုံပြင်များ "ကောက်ပင်ရိတ်လှီး"
၂:၂၀ "National Symphony Orchestra"
၃:၃၅ ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (ပထဝီဝင်ဘာသာရပ်)
၄:၃၅ Football Magazine (ရှမ်းယူနိုက်တက်အသင်း)
၅:၃၅ ပြည်သူတို့ရဲ့စကားသံများ
၅:၅၀ "မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင် ရေးအသင်း"
၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၇:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၁၅)
၈:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၄)
-ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
-မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## MRTV- 4

၅:၀၀ ပဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ်
၅:၄၀ "ကရင်ပြည်နယ်မှ ငြိမ်းချမ်းရေး" တရားတော်(အပိုင်း-၂) [ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (သီတဂူဆရာတော်)]
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၂၀)
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (14th International Conference on Computer Applications)
၈:၀၀ "မင်္ဂလာပါ" The Morning Show
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၃၉)
၁၀:၁၀ ခေတ်သစ်ပျို့မေ
၁၀:၅၅ အနုပညာမိုးကောင်းကင်
၁၁:၁၅ Food & D'ecor
၁၁:၄၅ MRTV-4 Stage
၁၂:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၂၅)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၃၂)
၃:၅၅ Cartoon Series (Welcome To Sky Ville)
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၂၁)
၇:၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၃၃)
၈:၁၅ ရသစုံညွှန်းတမ်းများ
၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၄၀)
၉:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၂၆)
၉:၅၀ အနုပညာမိုးကောင်းကင်
၁၀:၁၀ MRTV-4 Stage
၁၀:၃၅ World Of Knowledge (Locked Up Abroad : Kuwait)

## မြဝတီ

၆:၀၃ တရားတော်
၆:၁၅ မေတ္တာပို့
၆:၂၀ ဓမ္မပူဇာတေး
၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆:၅၀ မြန်မာသံစဉ်ချိုနားဝင်
၇:၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည်
၇:၂၅ အမျိုးသားရေးတေးကဗျာ
၇:၃၀ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၂၅ DVD Hits
၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉:၂၀ သူနှင့်သူ၏သီချင်းများ
၄:၀၆ တစ်ပတ်အတွင်းစီးပွားရေးသတင်း
၄:၂၅ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ဇာတ်လမ်းတို
၄:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၀ လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
၆:၃၀ "ရွာ" ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၄၂) ဒါရိုက်တာ-မိုးဇော်ကို
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၇)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
VOA အင်္ဂလိပ်စာသင်ခန်းစာ
သံစဉ်များနှင့်ကမ္ဘာ
ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်

## mitv

07:26 A Historic Town: 9 Pagodas
07:39 Impressionist Myanmar Master Artist - U Lun Gywe
07:56 Myanmar Street Foods
08:26 Myanmar Classic Cars Rally 2015 (Ep-II)
08:38 Maha Myatmuni Buddha Image In Rakhine
08:51 Next Weekend
09:26 Myanmar Handicrafts
10:26 Yatana Theinga City and Shwe Bon Yatanamingalar Palace
10:45 The Beauty In The North Of Myanmar
07:26 A Journey To Southern Shan State (Ep-1)
07:46 The Iron Rider
08:26 Exquisite Myanmar Silk
08:45 Chef Life: Avi Bitton (Israeli Chef)

# "Mrs. Cop 2" ထုတ်လွှင့်ပြသမည့်ရက်ကြေညာ သရုပ်ဆောင်တစ်ဦးချင်းစီ၏ ပိုစတာဓာတ်ပုံများ ပြသ

တောင်ကိုရီးယား ဒရမ်မာရုပ်ရှင်သစ် "Mrs. Cop 2"တွင် ပါဝင်သရုပ်ဆောင်ထားကြသော အဓိကဇာတ်ဆောင်များ၏ ပိုစတာဓာတ်ပုံများကို တရားဝင်ထုတ်ဖော်ပြသခဲ့ပြီး ယင်းရုပ်ရှင်သစ် စတင်ထုတ်လွှင့်မည့်ရက်ကိုလည်း ကြေညာခဲ့ကြောင်း စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းပိုစတာဓာတ်ပုံတွေဟာ သရုပ်ဆောင်တစ်ဦးချင်းစီရဲ့ ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်စရိုက်ကို ပီပီပြင်ပြင်လှစ်ဟပြနိုင်တဲ့ ဓာတ်ပုံတွေဖြစ်ကြောင်းနဲ့ အဆိုပါဒရမ်မာ ဇာတ်လမ်းတွဲရုပ်ရှင်သစ်ကို တောင်ကိုရီးယားနိုင်ငံမှာ မတ် ၅ ရက်က စတင်ပြီး ထုတ်လွှင့်သွားမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

"Mrs. Cop 2"ဟာ အက်ရှင်ဇာတ်လမ်းအမျိုးအစားဖြစ်ကာ တောင်ကိုရီးယားရဲ့ ထိပ်တန်း မင်းသားတစ်ဦးဖြစ်တဲ့ ကင်မ်ဘန်က ခေါင်းဆောင်ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ ကင်မ်ဘန်အပြင် ယင်းရုပ်ရှင်မှာ ပါဝင်တဲ့ အခြားသော သရုပ်ဆောင်တွေကတော့ ကင်မ်ဆန်းရန်၊ ကင်မ်မင်ဂျွန်၊ အင်မ်ဆူလွန်၊ စန်းဒမ်ဘီ၊ ဂျန်ယန်ဆန်း၊ လီဂျွန်ဟွတ်ခ်နဲ့ လီမီဒိုတို့ပဲ ဖြစ်ကြပါတယ်။





# အော်စကာဆုရှင် ဂျော့ဂျ်ကန်နေဒီ ကွယ်လွန်

အမေရိကန် သရုပ်ဆောင်မင်းသားကြီး ဂျော့ဂျ်ဟားရစ်ကန်နေဒီဂျူနီယာဟာ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ရိုက်တာစ်ဒေါ့ကွန်းက ပြီးခဲ့တဲ့တနင်္လာနေ့က ဖော်ပြခဲ့ပါတယ်။ မင်းသားကြီးဟာ အသက်(၉၁)နှစ်အရွယ်မှာ ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

ကန်နေဒီကွယ်လွန်သွားခဲ့တဲ့သတင်းကို သူ့ရဲ့မြေးဖြစ်သူက ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပြီး မင်းသားကြီးဟာ ဖေဖော်ဝါရီ ၂၈ ရက် (တနင်္ဂနွေနေ့)က ကွယ်လွန်သွားခဲ့တာဖြစ်ကြောင်းလည်း မြေးဖြစ်သူက ယင်းလူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

မင်းသားကြီး ကန်နေဒီဟာ ၁၉၆၇ ခုနှစ်က အော်စကာဆုကို "Cool Hand Luke"ရုပ်ရှင်နဲ့ သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူဟာ အဆိုပါရုပ်ရှင်နဲ့ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ရရှိခဲ့တာပါ။ သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် ရုပ်ရှင်ကားပေါင်း ၂၀၀ ကျော်နဲ့ ရုပ်သံအစီအစဉ်ပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တဲ့ အောင်မြင်တဲ့မင်းသားကြီးတစ်ဦး ဖြစ်ပါတယ်။

ကန်နေဒီကို ၁၉၂၅ ခုနှစ်က နယူးယော့က်မှာ နေထိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင် မိသားစုတစ်စုကနေ မွေးဖွားခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာတော့ ကန်နေဒီဟာ တပ်မတော်ထဲဝင်ခဲ့ပြီး ၁၆ နှစ်ကြာ စစ်မှုထမ်းပြီးတဲ့နောက် ဒဏ်ရာရခဲ့တာကြောင့် တပ်မတော်ကနေ ထွက်ခွာခဲ့ပါတယ်။ အဲဒီနောက် အနုပညာနယ်ပယ်ထဲ ဝင်ရောက်ကာ သရုပ်ဆောင်တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းခဲ့တာပဲဖြစ်ပါတယ်။

**အေးပြည့် စုစည်းသည်**

## ကြေးမုံ ရုပ်ရှင်အညွှန်း

# ဒါရိုက်တာ အဏ်ထော်ဏီ၏လက်ရာသစ် ကမ္ဘာ့ပထမဆုံးလေယာဉ်ပြန်ပေးဆွဲမှု ဖြစ်ရပ်မှန်ဇာတ်ကား ရုံတင်ပြသ

ကြေးမုံရုပ်ရှင် အညွှန်းကဏ္ဍအတွက် ဒီတစ်ပတ်မှာ အသစ်ရုံတင်ပြသမယ့် ဒါရိုက်တာ အဏ်ထော်ဏီရဲ့လက်ရာ ကမ္ဘာ့ပထမဆုံးလေယာဉ် ပြန်ပေးဆွဲမှုဖြစ်ရပ်မှန်မြင်ကွင်းကျယ်ရုပ်ရှင်ဇာတ်ကား "ရောင်နီဦး၏အလင်း ရောင်နှင့်အတူ"လို့အမည်ရတဲ့ မြန်မာရုပ်ရှင်ဇာတ်ကားကို မိတ်ဆက်တင်ပြ ပါ့မယ်။

ဒီဇာတ်ကားကို ဖြိုးနှင့်မင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဦးလှသောင်း၏ ကမ္ဘာ့ပထမဆုံးလေယာဉ်ပြန်ပေးဆွဲစာအုပ်ကို အခြေခံကာ ဦးစောကျော်အေး၊ ဦးသန်းဆွေ၊ ဗိုလ်မှူးကြီးစောဒေါ်ဒေါ်တို့၏ ပြောပြချက်များ ကို ဇာတ်လမ်းနှင့် ဒါရိုက်တာ ဓာတ်ပုံ အဏ်ထော်ဏီက ပုံဖော်ရိုက်ကူးပေး ခဲ့ခြင်းဖြစ်ပါတယ်။

ရောင်နီဦး၏အလင်းရောင်နှင့်အတူ ဇာတ်ကားမှာ စိုင်းလျှံ၊ မိုးမြင့်သဇင်၊ မင်းသုခ၊ သခ်၊ ရှိန်းဦး၊ စောမင်းယျာ၊ ရောင်ခြည်လင်း၊ ဆေခရာ၊ နွယ်နီဝင့် အောင်၊ ဆုသဲဖြူနဲ့ သရုပ်ဆောင်ပေါင်းများစွာက ပါဝင်အားဖြည့်ပေးထားကြပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံကြီးများတွင် အေအုပ်စုဇာတ်ကားအဖြစ် တစ်ပြိုင်တည်းပြသမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာဆိုရင်တော့ သမ္မတ၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ တော့ရှိုင်ရယ်၊ မင်္ဂလာစံပြနဲ့ ဝင်းလိုက်ရုပ်ရှင်ရုံတွေမှာ မတ် ၄ ရက်က စတင်ရုံတင်ပြသသွားမှာ ဖြစ်ပါတယ်။

ရုံပြိုင်စနစ်နဲ့ ပြသနေခြင်းဖြစ်တဲ့အတွက် အခြားမြန်မာဇာတ်ကား အနေနဲ့ ဘီအုပ်စုမှာ ရုံတင်ပြသနေဆဲဖြစ်တဲ့ နာမည်ကြီး မင်းသမီးငါးဦး ခေါင်းဆောင်ပါဝင်ထားတဲ့ "ရုပ်ကွက်ဘုရင်မ"ဇာတ်ကားကို ပရိသတ်များ ဆက်လက်ကြည့်ရှုနိုင်မှာဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရ ပါတယ်။

**ဖြိုးစန္ဒာမြင့်**



## ဇယားထိပ်၌ ငါးမှတ်ပြတ်ဦးဆောင်နိုင်ခွင့် လက်စတာလွဲခဲ့ရပြီး ချယ်လ်ဆီးက နော့ဝှစ်ချ်အား တန်းဆင်းဇုန်အတွင်းအရောက်ပို့ခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၂၈)ပွဲစဉ်များကို မတ် ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာစီးတီးအသင်းသည် အိမ်ကွင်း၌ ဝက်စ်ဘရွန်းအသင်းကို တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့ပြီး ချယ်လ်ဆီးအသင်းမှာမူ အဝေးကွင်းတွင် နော့ဝှစ်ချ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လက်စတာစီးတီးအသင်းသည် သရေရလဒ်ကြောင့် အမှတ်ပေးဇယားထိပ်တွင် ငါးမှတ်ပြတ်ဦးဆောင်နိုင်မည့် အခွင့်အရေးနှင့်လွဲခဲ့ရပြီး ဒုတိယနေရာမှ စပါးအသင်းကို သုံးမှတ်သာဖြတ်ထားနိုင်ခဲ့သည်။ စပါးအသင်းသည် ပွဲစဉ်(၂၈)အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ကစားရမည်ဖြစ်ပြီး ဝက်စ်ဟမ်းကိုနိုင်ခဲ့ပါက စပါးအသင်း အမှတ်ပေးဇယားထိပ်ရောက်လာမည်ဖြစ်သည်။ လက်စတာစီးတီးအသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့ပွဲစဉ်တွင် လက်စတာစီးတီးအတွက် သွင်းဂိုးများကို ဒရင့်ဝါးတားနှင့် အန်ဒီကင်းတို့ကသွင်းယူပေးခဲ့ပြီး ဝက်စ်ဘရွန်းအတွက် သွင်းဂိုးများကို ရန်ဒန်နှင့် ဂါ့ဒ်နာတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် လက်စတာစီးတီးအသင်းသည် အာဆင်နယ်အသင်း ပွဲစဉ် (၂၈) မကစားရသေးသည့်အချိန်တွင် ခြောက်မှတ်အထိဖြတ်ထားနိုင်ခဲ့သည်။ ဝက်စ်ဘရွန်းအသင်းသည် ပြီးခဲ့သည့်ပွဲစဉ် ၁၀ ပွဲတွင် နှစ်ပွဲသာလျှင်ရှုံးနိမ့်ခဲ့ခြင်းကြောင့် လက်ရှိတွင် တန်းဆင်းဇုန်အထက် ၁၂ မှတ်ဖြတ်ကာ အဆင့်(၁၃)နေရာတွင် ရပ်တည်လျက်ရှိသည်။

လက်စတာစီးတီးအသင်း ဇယားထိပ်တွင် ငါးမှတ်ဖြတ်ဦးဆောင်ခွင့် လွဲခဲ့ရသော်လည်း ချယ်လ်ဆီးအသင်းမှာမူ နော့ဝှစ်ချ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် နော့ဝှစ်ချ်အသင်းကို တန်းဆင်းဇုန်အတွင်း အရောက်ပို့နိုင်ခဲ့သည်။ ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအတွက် သွင်းဂိုးများကို ကနေဒီနှင့် ကော်စတာတို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး နော့ဝှစ်ချ်အတွက် ချေပဂိုးကို ရက်မွန့်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**





## ခက်ခဲမှုတွေကို ရက်ရှ်ဖို့ဒ်ရင်ဆိုင်ရနိုင်ကြောင်း ဗန်ဟားလ် မှန်းဆ

မန်ယူနည်းပြ ဗန်ဟားလ်က ရက်ရှ်ဖို့ဒ် ပွဲဦးထွက်ပွဲစဉ်နှစ်ပွဲတွင် ပြသခဲ့သောခြေစွမ်းကြောင့် ဖိအားတိုးလာမည်ဖြစ်ပြီး အနာဂတ်တွင် ခက်ခဲမှုများ ကြုံတွေ့လာနိုင်ကြောင်း သူ၏ အတွေ့အကြုံအပေါ် အခြေခံ၍ သုံးသပ်ခဲ့သည်။ အသက်(၁၈)နှစ်အရွယ် လူငယ်ကစားသမားလေး ရက်ရှ်ဖို့ဒ်မှာ မန်ယူပထမအသင်းကြီးနှင့် ပွဲဦးထွက်စတင်ကစားခွင့်ရခဲ့သည့် ပွဲစဉ်နှစ်ပွဲတွင် လေးဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် သူ၏ သွင်းဂိုးများစွာကို မန်ယူပရိသတ်များက ပိုမိုမျှော်လင့်လာကြသည်။

သို့သော် ဗန်ဟားလ်က "ပရိသတ်တွေဟာ သူလေးဂိုးသွင်းပြီးတော့ သူ့ရဲ့ ငါးဂိုးမြောက်သွင်းဂိုးကို မျှော်လင့်လာကြတယ်။ သူဟာ ထူးခြားတဲ့ အရည်အသွေးရှိသူဖြစ်တာကြောင့် သူ့နည်းသူ့ဟန်နဲ့တော့ ဂိုးတွေသွင်းနိုင်မှာပါပဲ။ ဒါပေမယ့် အခုအချိန်မှာတော့ သူ့ရဲ့ ခြေစွမ်းအပေါ် စောင့်ကြည့်သူတွေ များလာသလို ဖိအားတွေလည်း တိုးလာခဲ့ပါပြီ"ဟု ဆိုလိုက်သည်။

မန်ယူအသင်းသည် အသင်းခေါင်းဆောင် ဝိန်းရွန်းနီနှင့် မာရှယ်လ်တို့နှစ်ဦးလုံး ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့သော်လည်း ဇန်နဝါရီဈေးကွက်အတွင်း တိုက်စစ်မှူးတစ်ဦး ထပ်မံမဝယ်ယူခြင်း၏ အဖြေကို ရက်ရှ်ဖို့ဒ်၏ခြေစွမ်းက အဖြေပေးပြီးသားပင်ဖြစ်လိမ့်မည်ဖြစ်ကြောင်းလည်း ဗန်ဟားလ်က ရှင်းလင်းခဲ့သည်။

## ယူရို-၂၀၁၆ ပြိုင်ပွဲတွင် စပိန်အသင်းထပ်မံဗိုလ်စွဲခဲ့ပါက အလွန်ထူးခြားသည့်ကိစ္စတစ်ရပ်ဖြစ်လာလိမ့်မည်ဟု ကားဆီးလက်စ် ပြောကြား

စပိန်လက်ရွေးစင်အသင်းသည် ၂၀၀၈၊ ၂၀၁၂ ခုနှစ်တို့တွင် ကျင်းပပြီးစီးခဲ့သည့် ယူရိုဖလားပြိုင်ပွဲများတွင် ဗိုလ်စွဲပြီးနောက် တတိယအကြိမ်အဖြစ် ယူရို-၂၀၁၆ ပြိုင်ပွဲတွင်လည်း ထပ်မံဗိုလ်စွဲရန် မျှော်လင့်နေပြီး ယင်းသို့ စွမ်းဆောင်နိုင်ခဲ့လျှင် အလွန်ထူးခြားသည့် ကိစ္စရပ်ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း စပိန်လက်ရွေးစင်ဂိုးသမား ကားဆီးလက်စ်က ဆိုလိုက်သည်။ ယူရို-၂၀၁၆ ပြိုင်ပွဲကို ယခုနှစ် ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ပြင်သစ်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်အသင်းမှာ ချန်ပီယံဖြစ်ရန် အလားအလာ အကောင်းဆုံးအသင်းဖြစ်နေသည်ဟု ကားဆီးလက်စ်က ယုံကြည်ထားသည်။

သို့သော် စပိန်အနေဖြင့်လည်း ဂျာမနီ၊ အီတလီအသင်းတို့ကဲ့သို့ ပြင်သစ်အသင်းနှင့်အပြိုင် ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်း အပြည့်ရှိဆဲ အနေအထားပင်ဖြစ်ပြီး စပိန်အသင်း လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်နိုင်ရန် မျှော်လင့်နေခြင်းဖြစ်သည်။ ယခုနှစ် ယူရိုပြိုင်ပွဲဝင် စပိန်အသင်းတွင် မန်ယူဂိုးသမား ဒီဂီယာမှာ ပထမဂိုးသမားအဖြစ်ရွေးချယ်ခံရရန် အလားအလာများနေပြီး ကားဆီးလက်စ်မှာ အရန်ဂိုးသမားအဖြစ်သာ အသုံးပြုခံရဖွယ်ရှိနေသည်။ ကားဆီးလက်စ်သည် ယူရို-၂၀၀၈ နှင့် ၂၀၁၂ ပြိုင်ပွဲများတွင် စပိန်အသင်း ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး ချန်ပီယံဖလားကို နှစ်ကြိမ်တိုင်ကိုင်မြှောက်နိုင်ခဲ့သည်။ ထို့ပြင် စပိန်အသင်းသည် ဥရောပဘောလုံးသမိုင်းတွင် ချန်ပီယံဆုကို နှစ်ကြိမ်ဆက်တိုက် ဆွတ်ခူးထားနိုင်သည့် ပထမဦးဆုံးသော အသင်းလည်းဖြစ်သည်။

ရှိုင်းယန်ဟေဒင်ရေးသားသည်

# ပွဲကြပ်တွေဆက်နေတဲ့ အာဆင်နယ် သရေလောက်သာ ကစားနိုင်မယ့်

## ပရီမီယာလိဂ်ရင်ခုန်သံ – ၂၉

***ပရီမီယာလိဂ်ပွဲစဉ်(၂၉)ကို လာမယ့် မတ်လ ၅၊ ၆ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ စပါးနဲ့အာဆင်နယ်၊ အဲဗာတန်နဲ့ဝက်စ်ဟမ်းတို့ ဆုံတွေ့တဲ့ ပွဲကောင်းတွေပါဝင်နေပြီး ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာဦးမလဲဆိုတာ ဆက်လက်လေ့လာချင်စရာကောင်းနေသလို မန်ယူ၊ လီဗာပူး၊ ချယ်လ်ဆီးတို့အနေနဲ့လည်း နိုင်ပွဲရယူနိုင်မလားဆိုတာစိတ်ဝင်စားဖို့ကောင်းပါတယ်။***

ရှိုင်းမင်းမင်း

**စပါး- အာဆင်နယ် — ည ၇း၁၅ (၅-၃-၁၆)**

အာဆင်နယ်အနေနဲ့ ချန်ပီယံဖြစ်ဖို့အထိ ရည်မှန်းနေတာကြောင့် ဒီလိုပွဲစဉ်မျိုးမှာ အမှားခံမှာမဟုတ်ပါဘူး။ ဒါပေမယ့် လက်ရှိအချိန်မှာ စပါးရဲ့ ခြေကလည်း အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဒါ့အပြင် စပါးဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံကောင်းမွန်မှုပိုရှိတတ်ပြီး တိုက်စစ်ကစားပုံလည်း ကောင်းမွန်နေပါတယ်။ အာဆင်နယ် သရေလောက်ရယူနိုင်ဖို့ရှိပါတယ်။

**မန်စီးတီး - ဗီလာ — ည ၉း၃၀ (၅-၃-၁၆)**

ဗီလာက တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေပေမယ့် ခြေကအားနည်းမှုတွေရှိနေပါတယ်။ ဗီလာအသင်းလိုက်ကစားပုံကောင်းမွန်လာပေမယ့် ခံစစ်ကစားပုံကတော့ အားနည်းမှုတွေများလွန်းနေတာကြောင့် ရလဒ်ပိုင်းတွေ ကောင်းမွန်မှုမရှိဖြစ်နေပါတယ်။ မန်စီးတီးခြေက တည်ငြိမ်မှုမရှိပေမယ့် အမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို တိုက်စစ်ဖွင့်ကစားလာရင် ဗီလာတို့ပိုမိုထိန်းချုပ်ဖို့ ခက်ခဲနိုင်ပါတယ်။ မန်စီးတီးကသာ အိမ်ကွင်းမှာ ဖိအားပေးကစားပြီး နိုင်ပွဲရယူသွားမှာပါ။

**နယူးကာဆယ် - ဘုန်းမောက် — ည ၉း၃၀ (၅-၃-၁၆)**

တန်းမဆင်းရဖို့အတွက်ရုန်းကန်နေတဲ့ နယူးကာဆယ်ခြေက အခုနောက်ပိုင်းမဆိုးပါဘူး။ ဒါပေမယ့်တိုက်စစ်ကတော့ ဂိုးသွင်းခြေ တည်ငြိမ်မှုမရှိတာကြောင့် အိမ်ကွင်းပွဲတွေမှာတောင် နိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်နေရပါတယ်။ ဒါပေမယ့် ဘုန်းမောက်ကလည်း နောက်ပိုင်းပွဲတွေမှာ ခြေကတည်ငြိမ်မှုမရှိဘဲ ခံစစ်ကကျစ်လျစ်မှုမရှိတာကို တွေ့နေရပါတယ်။ နယူးကာဆယ်အိမ်ကွင်းလည်းဖြစ်နေတာကြောင့် နယူးကာဆယ်ကသာ ကပ်နိုင်သွားနိုင်ပါတယ်။

**ဆွမ်ဆီး - နော့ဝှစ်ချ် — ည ၉း၃၀ (၅-၃-၁၆)**

နော့ဝှစ်ချ်က လက်ရှိအချိန်မှာ တန်းမဆင်းရဖို့အတွက် အာမခံချက်လုံးဝမရှိသေးပါဘူး။ ဒါကြောင့် နောက်ပိုင်းပွဲတွေမှာ ပွဲတိုင်းအားစိုက်ကစားနေပေမယ့်လည်း ခံစစ်ကပွဲတိုင်းနီးပါးဂိုးတွေပေးနေရတဲ့အထိ အားနည်းနေပါတယ်။ အဝေးကွင်းပွဲတွေမှာလည်း နော့ဝှစ်ချ်ခြေက ပိုမိုကျဆင်းတတ်လို့ ဆွမ်ဆီးတို့ အခွင့်အရေးရနိုင်ပါတယ်။ ဆွမ်ဆီးခြေက သာမန်သာရှိပေမယ့် အိမ်ကွင်းလည်းဖြစ်တာကြောင့် ဒီပွဲမှာတော့ နိုင်ပွဲရယူသွားနိုင်မှာပါ။

**ချယ်လ်ဆီး - စတုတ် — ည ၉း၃၀ (၅-၃-၁၆)**

ချယ်လ်ဆီးခြေက အခုနောက်ပိုင်းကောင်းမွန်နေပါတယ်။ တိုက်စစ်ကလည်း ထက်မြက်မှုရှိပြီး အသင်းလိုက်ကစားပုံကောင်းမွန်မှုလည်းရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့အပြင် အမှတ်လိုအပ်မှုများနေတာကြောင့်လည်း ချယ်လ်ဆီးအမှားခံမှာမဟုတ်ဘူး။ စတုတ်ခြေက မဆိုးဘူးလို့ဆိုနိုင်ပေမယ့်လည်း ချယ်လ်ဆီးကသာ အိမ်ကွင်းမှာ ဖိအားပေးကစားပြီး အနိုင်ရယူသွားမှာ သေချာတယ်။

**ဆောက်သမ်တန် - ဆန်းဒါးလန်း — ည ၉း၃၀ (၅-၃-၁၆)**

ဆန်းဒါးလန်းက အခုနောက်ပိုင်းတန်းမဆင်းရဖို့ အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်းမဆိုးပါဘူး။ တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ကလည်း ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေသလို ခံစစ်ကလည်းကျစ်လျစ်မှုရှိနေလို့ ဆန်းဒါးလန်းတိုက်စစ်ကို ထိန်းချုပ်နိုင်မှာ သေချာနေပါတယ်။ အထူးသဖြင့် ဆောက်သမ်တန်ဟာ အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာတော့ ဆောက်သမ်တန်ကသာ အနိုင်ရသွားမှာပါ။

**အဲဗာတန် - ဝက်စ်ဟမ်း — ည ၉း၃၀ (၅-၃-၁၆)**

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ အဲဗာတန်ဟာ လက်ရှိခြေစွမ်းက ကောင်းမွန်နေပါတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေထက်မြက်မှုရှိနေပြီး အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းကလည်း ခြေစွမ်းပိုင်းကောင်းမွန်မှုရှိတဲ့ အသင်းဖြစ်သလို တိုက်စစ်လည်း ဂိုးသွင်းခြေရရှိနေပါတယ်။ အထူးသဖြင့် ဝက်စ်ဟမ်းဟာ ဥရောပဝင်ခွင့်မျှော်လင့်နေတာကြောင့် နိုင်ပွဲရဖို့ အားစိုက်လာမှာသေချာပါတယ်။ ဒါကြောင့် အပြန်အလှန်ရှိမယ့် ပွဲစဉ်ဖြစ်လာနိုင်သလို အဲဗာတန်က ကပ်နိုင်သွားဖို့ရှိပါတယ်။

**ဝက်ဖို့ဒ် - လက်စတာ — နံနက် ၀၀း၀၀ (၆-၃-၁၆)**

ချန်ပီယံဖြစ်ဖို့အထိ ရည်မှန်းလာတဲ့လက်စတာဟာ နိုင်ပွဲရဖို့ အားစိုက်လာမှာသေချာနေပါတယ်။ လက်စတာအနေနဲ့ အဝေးကွင်းမှာ ကစားရမှာဖြစ်ပေမယ့်လည်း လက်ရှိခြေကအကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဒါ့အပြင် ဝက်ဖို့ဒ်ခြေကလည်းသာမန်သာရှိတာကိုသတိပြုရမှာပါ။ ဝက်ဖို့ဒ်ဟာအိမ်ကွင်းပွဲတွေမှာ အသင်းလိုက်ကစားပုံ ပိုကောင်းတတ်ပေမယ့် လက်စတာကိုတော့ ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ခက်ပါလိမ့်မယ်။ လက်စတာကပဲ ကပ်နိုင်သွားမှာပါ။

**ပဲလေ့စ် - လီဗာပူး — ည ၈း၀၀ (၆-၃-၁၆)**

ပဲလေ့စ်ခြေက အခုနောက်ပိုင်းမှာ တည်ငြိမ်မှုမဲ့လာတာကိုတွေ့ရပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းလည်း ကျစ်လျစ်မှုကျဆင်းလာတာကို တွေ့နေရပါတယ်။ ဒါပေမယ့် ပဲလေ့စ်ဟာ အမှတ်ဆုံးရှုံးမှုတွေများခဲ့တာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ လီဗာပူးခြေကလည်း သာမန်သာရှိတာကြောင့် ပဲလေ့စ်တို့အိမ်ကွင်းမှာ သရေလောက်ကစားသွားနိုင်မှာပါ။

**ဝက်စ်ဘရွန်း - မန်ယူ — ည ၁၀း၃၀ (၆-၃-၁၆)**

အခုနောက်ပိုင်းမှာ မန်ယူဟာကစားပုံအနည်းငယ်ပြန်ကောင်းလာပေမယ့် ဒဏ်ရာရကစားသမားတွေများနေမှုနဲ့အတူ ခြေကတော့ ထင်သလောက်တည်ငြိမ်မှုမရှိသေးပါဘူး။ အထူးသဖြင့် မန်ယူဟာ အဝေးကွင်းပွဲတွေမှာ ခြေကတည်ငြိမ်မှုပိုမိုကျဆင်းတတ်ပါတယ်။ ဒါ့အပြင် ဝက်စ်ဘရွန်းဟာ အိမ်ကွင်း ခြေကကောင်းမွန်မှုရှိတတ်ပြီး ခံစစ်ကစားပုံလည်းကောင်းလို့ ဒီပွဲမှာ မန်ယူတို့ရုန်းကန်ရဦးမှာပါ။ မန်ယူနိုင်ရင်တောင် မပြတ်သားဘူး။

# ဟိုပုံးမြို့၌ ဘိန်းခင်း ဧက ၆၀ ကျော် ဖျက်ဆီး

**ဟိုပုံး မတ် ၂**

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာနှင့် နှစ်တို/ နှစ်ရှည်စီမံကိန်းများချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဘိန်းခင်းများဖျက်ဆီးရုံသာမက ဘိန်းစိုက်ပျိုးမှုများ ပပျောက်ရေးအတွက် အစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေး၊ ပြည်သူလူထုများအား အသိပညာပေးရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်း ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ ကျေးရွာများတွင် ရေသွင်းစိုက်ပျိုးထားသည့် ဘိန်းခင်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖျက်ဆီးခဲ့ရာ ဘိန်းခင်းဧက ၆၅ ဒသမ ၅ ဧကဖျက်ဆီးခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘိန်းဖျက်ရာသီတွင် ဘိန်းခင်းဧက ၃၈၁၁ ဒသမ ၅ ဧကဖျက်ဆီးနိုင်ခဲ့ပြီး ယခုရေသွင်းစိုက်ပျိုးသည့် ဘိန်းခင်းဧက ၆၅ ဒသမ ၅ ဧက ထပ်မံဖျက်ဆီးရာ ယခုနှစ်အတွင်း ဘိန်းခင်းဧက စုစုပေါင်း ၃၈၇၇ ဧက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အနာဂတ် မျိုးဆက်သစ်များအတွက် အလွန်အန္တရာယ်ကြီးမားသည့် ဘိန်းခင်းများ၊ စိတ်ကြွရူးသွပ်ဆေးပြားများပပျောက်ရေးအတွက် ပြည်သူလူထုအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ကြစေလိုကြောင်း ဒေသခံရပ်မိရပ်ဖတစ်ဦးက ပြောကြားခဲ့သည်။

**နန်းဦးခမ်း(ဟိုပုံး)**



# ကျောက်တံခါးမြို့နယ်တွင် တရားမဝင်သစ်မျိုးစုံ၊ မော်တော်ယာဉ်နှင့် ချိန်းဆောများ သိမ်းဆည်းရမိ

**ကျောက်တံခါး မတ် ၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲခူးရိုးမ ရဲနွယ်ကြိုးဝိုင်းနှင့် အိုင်တုံကွန်း ကြိုးဝိုင်းများတွင် သစ်များ တရားမဝင်ခိုးထုတ်သယ်ယူနေကြောင်း သတင်းအရ သစ်တောဦးစီးဌာန(ရုံးချုပ်)စစ်ဆေးရေးဌာန နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျ ဦးစီးသောအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ ကျောက်တံခါး၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ရွှေကျင်မြို့နယ်တို့မှ သစ်တောဦးစီးမှူးနှင့် သစ်တောဝန်ထမ်းများ အင်အား ၃၀ ခန့်ဖြင့် ရှာဖွေမှုများပြုလုပ်ရာ အိုင်တုံကွန်း ကြိုးဝိုင်းအကွက် အမှတ် ၇(စ)တွင် တောင်သရက်ခွဲသား ၄၄ ချောင်း (၂ ဒသမ ၄၆၄၈တန်)၊ ထောက်ကြံ့ခွဲသားအချောင်း ၅၀ (၂ ဒသမ ၂၅၁၆တန်) နှင့် ခြောက်ဘီးအစိမ်းရောင်ယာဉ်တစ်စီးတို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် ဖေဖော်ဝါရီ ၂၉ ရက်က ရှာဖွေမှုများပြုလုပ်ရာ ရဲနွယ်ကြိုးဝိုင်းအကွက် အမှတ်(၆)တွင် ပျဉ်းကတိုးခွဲသားအချောင်း ၈၀ (၃ ဒသမ ၃၁၈၈ တန်)၊ ထောက်ကြံ့ခွဲသားငါးချောင်း (သုည ဒသမ၂၀၅၀တန်)၊ ၄၅ ပေါင်ဝင်မီးသွေး ၅၅ အိတ် (၉ ဒသမ ၁၆၀၀တန်)၊ တရုတ်ချိန်းဆောတစ်လက်တို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ယင်းတို့ကို မြို့ချောင်းဘိနယ်သစ်တောရုံးသို့သယ်ယူကာ သစ်ခိုးထုတ်သူများအား ဆက်လက်ရှာဖွေဖော်ထုတ် ဖမ်းဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

# မရမ်းကုန်းမြို့နယ် Ocean Center အပေါ်ထပ် ၁၀ လွှာမှ ကိုရီးယားနိုင်ငံသားတစ်ဦး ခုန်ချသေဆုံး

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက်ရှိ Ocean Center အပေါ်ထပ် ၁၀ လွှာမှ ကိုရီးယားနိုင်ငံသားတစ်ဦး ယနေ့နံနက် ၆ နာရီခန့်က ခုန်ချ၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က အဆိုပါ Ocean Center ကားပတ်လမ်းအပေါ်၌ နိုင်ငံခြားသား အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်တို့က သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူသည် လမ်းမပေါ်၌ ပက်လက်အနေအထားဖြင့် ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာ၊ ယာနားသွေးထွက်ဒဏ်ရာ၊ဝဲ/ယာ တံတောင်ဆစ်ပွန်းဒဏ်ရာများ ရရှိသေဆုံးနေကြောင်း တွေ့ရှိခဲ့သည်။

စစ်ဆေးမှုအရ Ocean Center ရှိ CCTV မှတ်တမ်းကို ကြည့်ရှုရာနံနက် ၆ နာရီ ၁ မိနစ် ၇ စက္ကန့်က Ocean Center အပေါ်ရှိ သီရိကွန်ဒို လူနေတိုက်ခန်းမှ ပြုတ်ကျလာသည်ကို တွေ့ရှိရသဖြင့် လူနေတိုက်ခန်းများကို စိစစ်ခဲ့ရာ ၁၂ လွှာရှိသည့်အနက် ၁၀ လွှာ (မြေပြင်မှ အမြင့် ၁၂၄ ပေခန့်ရှိ)၊ အခန်းအမှတ် (၁၀/၀၉) တွင် ကုမ္ပဏီဖွင့်လှစ်ထားသော အခန်း၌ နေထိုင်သူ ကိုရီးယားနိုင်ငံသား Mr.Kin Hyo Gun (၃၅) နှစ်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ မတ် ၃၀ ရက် အထိ Business Visa ဖြင့်နေထိုင်သူဖြစ်ကြောင်း သိရသည်။

ယင်းနောက် ၎င်း၏အခန်းအတွင်း ဆက်လက်စစ်ဆေးရာ စားပွဲပေါ်ရှိ စာရွက်ပေါ်တွင် ကိုရီးယားဘာသာစကားဖြင့် ရေးသားထားသည့် သေတမ်းစာတစ်စောင်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါဖြစ်စဉ်မှ သေဆုံးသူ ကိုရီးယားနိုင်ငံသားကို မြောက်ဥက္ကလာပဆေးရုံသို့ ပို့အပ်ခဲ့ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် မရမ်းကုန်းမြို့နယ် မြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၄/၂၀၁၆)ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# ရိုးပြတ်များအား မီးရှို့ရာမှတစ်ဆင့် ကူးစက်လောင်ကျွမ်းသဖြင့် ကျပ်သိန်း ၁၀၀ ဖိုးခန့်ဆုံးရှုံး

**ဘိုကလေး မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာအုပ်စု အပြင်မရမ်းရွာ၌ ဖေဖော်ဝါရီ ၂၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် အဆိုပါရွာရှိ ကိုတင်မျိုးဇော်၏ လယ်ထဲတွင် နေထိုင်သည့် ပျဉ်းမကုန်းရွာနေ ဦးမြင့်(၆၀)နှစ်၊ ဇနီးဖြစ်သူ ဒေါ်နု(၅၅)နှစ်၊ သမီး မသွယ်ဇင်(၂၀)နှစ်တို့သုံးဦးသည် တဲရှေ့လယ်ကွက်ရှိ စပါးရိုးပြတ်များအား မီးရှို့ရာမှတစ်ဆင့် ဦးမြင့်သန်း၊ ကိုဘာဘူ၊ ကိုထွန်းဝေနှင့် ကိုအောင်ကျော်မိုးတို့၏ လယ်အတွင်းရှိ ရိုးပြတ်များ၊ ကိုအောင်ကျော်မိုး၏ လယ်ထဲရှိ အလျား ပေ၂၀၊ အနံ ၁၅ ပေ၊ ခနိမိုး၊ ခနိကာ၊ ပျဉ်ခင်းနေအိမ်နှင့် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ သစ်သားတိုင်၊ ခနိမိုးအဆောက်အအုံနှင့် အတွင်းရှိ လယ်ယာသုံးစက်ကိရိယာများ (စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၀၀ ဖိုးခန့်)အား ဆက်လက်ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပုံမှန်အခွန်ထမ်းဆောင်နေသူများ၊ အခြေခံဝင်ငွေနည်းပါးသူ ပြည်သူများအပေါ် ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အခွန် ၅ဆတိုးမြှင့် ကျသင့်စေသည်မှာ မဟုတ်မှန်ကြောင်း အသိပေးရှင်းလင်းခြင်း

* ၁-၄-၂၀၁၆ရက်မှ စတင်အကျိုးသက်ရောက်မည့် ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် လစာဝင်ငွေမှ ဝင်ငွေကျပ် ၄၈သိန်းအထိ ရရှိသူများကို ဝင်ငွေခွန်ကင်းလွတ်ခွင့် ပြုထားပါသည်။
* လစာဝင်ငွေမှ ကျပ် ၄၈သိန်းအထက် ရရှိသူ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဖြစ်သော ဆရာဝန်၊ သူနာပြု၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ အနုပညာရှင်၊ စာရင်းကိုင်စသည့် မိမိကျွမ်းကျင်သည့် အတတ်ပညာဖြင့် လုပ်ကိုင်မှုမှ အခကြေးငွေ ရရှိသူ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အထက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားများမှအပ ဖြစ်သည့် အခြားဝင်ငွေရလမ်းများမှ ဝင်ငွေရရှိသူ (ဥပမာ-တရားမဝင်ပစ္စည်းများဖမ်းဆီးရရှိမှုအတွက် ရရှိသည့်ဆုကြေးရရှိသူ)၊ အခြေခံသမဝါယမအသင်းတို့အတွက် ကျသင့်မည့် အောက်ဖော်ပြပါ အခွန်နှုန်းများမှာ ၂၀၁၅ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအတိုင်းဖြစ်၍ တိုးမြှင့်သတ်မှတ်ထားခြင်းမရှိပါ-

| ဝင်ငွေအလွှာ | | ငွေပမာဏ | နှုန်း | ကျသင့်အခွန် | အဆင့်ဆင့်ပေါင်း |
|---|---|---|---|---|---|
| မှ | ထိ | | | | |
| ၁ | ၂၀၀၀၀၀၀ | ၂၀၀၀၀၀၀ | ၀% | - | - |
| ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၃၀၀၀၀၀၀ | ၅% | ၁၅၀၀၀၀ | ၁၅၀၀၀၀ |
| ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၅၀၀၀၀၀၀ | ၁၀% | ၅၀၀၀၀၀ | ၆၅၀၀၀၀ |
| ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၀၀၀၀၀၀၀ | ၁၅% | ၁၅၀၀၀၀၀ | ၂၁၅၀၀၀၀ |
| ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၁၀၀၀၀၀၀၀ | ၂၀% | ၂၀၀၀၀၀၀ | ၄၁၅၀၀၀၀ |
| ၃၀၀၀၀၀၀၁ နှင့်အထက် | | | ၂၅% | | |

* ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ခြင်းမပြုမီ ရရှိသော စုစုပေါင်းဝင်ငွေမှ နုတ်ပယ်ခွင့်ပြုသည့် အောက်ဖော်ပြပါသက်သာခွင့်များမှာလည်း ၂၀၁၅ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအတိုင်းပင် ဖြစ်ပါသည်-
  - ♦ အခြေခံသက်သာခွင့် (စုစုပေါင်း ဝင်ငွေ၏ ၂၀% ကျပ်သိန်း ၁၀၀ထက်မပိုစေရ)
  - ♦ အတူနေမိဘ(အတူနေသူ မိဘတစ်ဦးလျှင် ကျပ် ၁၀သိန်း)
  - ♦ အိမ်ထောင်ဖက်အတွက် သက်သာခွင့် (အိမ်ထောင်ဖက်တစ်ဦးအတွက် ကျပ် ၁၀သိန်း)
  - ♦ သားသမီးများအတွက် သက်သာခွင့်(သားသမီး တစ်ဦးလျှင် ကျပ် ၅သိန်း)
* ဖော်ပြပါ အခွန်နှုန်းများ၊ သက်သာခွင့်များအရ အိမ်ထောင်ဖက်မရှိသူ၊ မိဘများနှင့်အတူ မနေသူ တစ်ဦးအတွက် ဝင်ငွေနှစ်အတွင်း စုစုပေါင်းဝင်ငွေ ၂၅ သိန်း ဝင်ငွေရှိစေကာမူ အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်းအဖြစ် ကျပ် ၅ သိန်းကို စုစုပေါင်း ဝင်ငွေမှ နုတ်ပယ်ခွင့်ရရှိပြီး အခွန်နှုန်းတွင် ၁ ကျပ် မှ ကျပ်သိန်း ၂၀ အထိ အခွန်နှုန်း သုညရာခိုင်နှုန်း ဖြစ်သဖြင့် အခွန်ကျသင့်မည် မဟုတ်ပါ။
* ကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများ ထမ်းဆောင်ရမည့် အခွန်နှုန်း ၂၅ ရာခိုင်နှုန်းမှာလည်း ၂၀၁၅ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအတိုင်းပင် ဖြစ်ပါသည်။
* သို့ဖြစ်ပါ၍ ပုံမှန်အခွန်ထမ်းဆောင်နေသူများ၊ အခြေခံဝင်ငွေနည်းပါးသူ ပြည်သူများအတွက်အခွန်နှုန်း ၅ ဆ တိုးမြှင့် ကောက်ခံမည်ဆိုသည်မှာ လုံးဝ (လုံးဝ) မဟုတ်မမှန်ပါ။
* ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၂၄ တွင် အောက်ဖော်ပြပါအတိုင်း ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများရရှိရန် အသုံးပြုသည့် ငွေကြေးများအတွက် ဝင်ငွေရလမ်း ရှင်းလင်းစွာ မတင်ပြနိုင်သူများ ထမ်းဆောင်ရမည့်အခွန်နှုန်းကို သတ်မှတ်ထားပါသည်-

| ဝင်ငွေ(ကျပ်) | | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| ၁ | - | ၃၀၀,၀၀,၀၀၀ | ၁၅% |
| ၃၀၀,၀၀,၀၀၁ | - | ၁၀၀၀,၀၀,၀၀၀ | ၂၀% |
| ၁၀၀၀,၀၀,၀၀၁ နှင့်အထက် | | | ၃၀% |

* အထက်ဖော်ပြပါ အခွန်နှုန်းသည် ဝင်ငွေခွန်ထမ်းဆောင်ထိုက်သည့်ဝင်ငွေ ရရှိခဲ့ပါလျက် ဝင်ငွေခွန်မထမ်းဆောင်ခဲ့သူများ၊ ဝင်ငွေခွန်ထမ်းဆောင်ရန် ဝင်ငွေကို အပြည့်အဝဖော်ထုတ်ခြင်း မရှိခဲ့သူများ၊ ဝင်ငွေရလမ်းကို ရှင်းလင်းစွာ တင်ပြနိုင်ခြင်းမရှိသူများကို ပုံမှန်အခွန်ထမ်းဆောင်နေသူများ၊ အခွန်တာဝန်ကျေပွန်ပြီးသူများထက် ပိုမိုသောအခွန်နှုန်းဖြင့် ကျသင့်စေရန် သတ်မှတ်ထားခြင်း ဖြစ်ပါကြောင်း ရှင်းလင်းအသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ပျောက်ဆုံး**

ကျွန်တော် ဦးလှဝင်း[၁၂/ဒဂန(နိုင်)၀၁၉၅၁၉]၏ မြန်မာသီလဝါအများပိုင်ကုမ္ပဏီရှယ်ယာလက်မှတ် ၇၀၃၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြား ပေးပါရန်။

**ဦးလှဝင်း(ဖုန်း-၀၉ ၇၉၄၅၂၈၂၇၇)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/အေ)၊ မြေကွက်အမှတ်(၂၂၅)၊ ဦးမောင်မောင်သန်း (ISN-၀၆၇၅၀၄) မြေချပါမစ်မူရင်းအား ပြန်လည်အပ်နှံ၍ ဦးမောင်မောင်သန်း (ဘ) ဦးဘသိန်း (ISN-၀၆၇၅၀၄) (ကွယ်လွန်) အမည်ပေါက် မြေငှားစာချုပ်မူရင်းနှင့် လဲလှယ်ထုတ်ယူခွင့်ပြုပါရန် ဇနီးဖြစ်သူ ဆေလ်ဗီယာတင်ထွန်း(ခ) ဒေါ်သီတာ[၁၂/အစန(နိုင်)၁၅၂၁၁၅]မှ ကျမ်းကျိန်လွှာ၊ သေစာရင်းမိတ္တူ၊ မြေချပါမစ်မူရင်း၊ ငွေကျေကြောင်း ဘဏ်ထောက်ခံချက် စာရွက်စာတမ်းများတင်ပြ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဒဂုံတက္ကသိုလ်၊ အဝေးသင်(ဓာတုဗေဒ၊ ဒုတိယနှစ်)မှ မောင်အောင်သူရစိုး၊ PSH ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်းမှ မခင်ချမ်းမြေ့စိုးနှင့် အမက(မူလွန်) အောင်မင်္ဂလာ၊ ဆဋ္ဌမတန်းမှ မောင်ဟိန်းထက်ဇော်တို့၏ဖခင် ဦးသန်းမြင့်စိုး(ခ) ဦးသန်းမြတ်စိုး[၁၂/လကန(နိုင်)၀၃၅၁၈၈]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းမြင့်စိုး(ခ)ဦးသန်းမြတ်စိုး**

**ပြည်ထောင်စုနေ့စဉ်သတင်းစာ**

**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၁။ ပြည်နိုင်ဖြိုးပုံနှိပ်တိုက်အတွက်လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ်စက်များအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | | အရေအတွက် |
|---|---|---|---|
| (က) | Web Offset | | 1 Nos |
| | (1) 4HI Tower | 2 Nos | |
| | (2) Mono Unit | 2 Nos | |
| | (3) Folder | 1 Nos | |
| (ခ) | 2 Unit Sheetfed Offset (Used) | | 1 Nos |

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၄ နာရီခွဲ
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၁၁-၃-၂၀၁၆ရက်(သောကြာနေ့)
အိတ်ဖွင့်တင်ဒါရွေးချယ်မည့်အချိန် - မွန်းလွဲ ၂ နာရီ(၁၄း၀၀နာရီ)

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃-၃-၂၀၁၆ရက်မှ စ၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ပြည်ထောင်စုနေ့စဉ်သတင်းစာ
ဖုန်း-၀၁-၈၅၀၀၇၅၀၊ ၀၁-၈၅၀၀၇၅၁၊ ၀၉၇၃၂၃၅၁၄၀
E-mail: uniondaily@gmail.com, Fax: 01-8500749

၄၅၆၁၉၈ နေ့ရောသီ သဈော်သီးသန့် လစဉ် ၃၀၀၀ကျပ်

YC နွေရာသီ

ဥပဓတန်းဘာသာစုံ (၃)လပြတ်

(မတ်၊ဧပြီ၊မေ)လစဉ် ၈၀၀၀ဝိ/ ၃ လပြတ်အပြီး (နှစ်သိန်း)

၉တန်း၊ နေ့လည် (၁း၃၀ မှ ၄း၃၀)ထိ

၁၀တန်း၊နေ့လည် (၁၂း၀၀ မှ၄း၃၀)ထိ

မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ➡ ဦးတင်ကို
သင်္ချာ ➡ ဆရာပိုင်(ပိုင်သင်္ချာ)
ဓာတု ➡ ဦးမြင့်ဝင်းကျော်
ရူပ ➡ ဦးဆက်မွန်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်

၁၆၅၊ ပ-ထပ်(ထောင့်ခွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ Ph: 09-73105201

**ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိရာ အပတ်စဉ် ကြာသပတေးနေ့တိုင်းတွင် စာရေးဆရာ "ဝင်းအောင်ကြီး"၏ ဆောင်းပါးများကို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ စာရေးဆရာဝင်းအောင်ကြီးသည် မောင်အောင်မွန် နာမည်ဖြင့် ဘာသာပြန်နှင့် ပင်ကိုရေးဝတ္ထုစာအုပ်များ ရေးသူလည်းဖြစ်သည်။**

(စာတည်း)



ဝင်း
အောင်
ကြီး

# ဖဆပလအကွဲလိုက်ဆဲရင်း သတင်းစာသိက္ခာမြောင်းထဲဆင်း

တစ်ကယ်တော့ မြန်မာ့နိုင်ငံရေးတွင် အကွဲအပြဲဆိုသည် ရှိစမြဲပါ။

ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်ပါတီထဲက ကွဲထွက်လာသည့် ဆိုရှယ်နီစသည်တို့ကိုလေ့လာကြည့်ပါ။ သို့သော်လည်း ၁၉၅၈ ခုနှစ်တွင် အာဏာရဖဆပလအဖွဲ့ချုပ်အကွဲကား မြန်မာပြည်လွတ်လပ်ရေးရစ သက်တမ်းနုနု ဒီမိုကရေစီ ဇီဝိန်ချုပ်ဖို့လမ်းစဖြစ်လာပြီ။

အာဏာပုဂ္ဂိုလ်ရေးတွေနှင့် ရှုပ်ထွေးလေ့ရှိသော မြန်မာ့နိုင်ငံရေးကို ဖဆပလအဖွဲ့ချုပ်၏အကွဲ၌ ရှင်းလင်းပီပြင်စွာမြင်တွေ့နိုင်သည်။ ဦးနုကို နိုင်နေကျ ဦးကျော်ငြိမ်းအား သူ၏ နိုင်ငံရေးအခြေခံ (Political Base) ဟုဆိုရမည့် ဖဆပလအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ရာထူးကဖယ်ရှားရေးကနေပြီး ကွဲကြဖို့ဖြစ်လာ၏။

ထိုစဉ်က အသက် (၂၀) ကျော် တက္ကသိုလ်မှထွက်စ လက်ဝဲသမားမို့ ဖဆပလအခက်၊ ပမညတအချက်ဟု သဘောထားကာ ကျွန်တော်ပျော်သယောင်ယောင်။ ယခု ဤဆောင်းပါးရေးချိန်တွင်မူ သတင်းသမားသက်တမ်းပင်လျှင် နှစ်(၅၀)ကျော်နေပြီမို့ သုံးသပ်ချက်များ၊ အကိုးအကားများဖြင့်ရေးရပါမည်။

သူ သတင်းစာမဖတ်ဟု ကိုယ်တိုင် (တာတေစနေသားတွင်) ဝန်ခံထားသော ဦးနုသည် တစ်ပတ်ခြားသတင်းစာရှင်းလင်းပွဲလုပ်နေကျမို့ သတင်းစာဆရာများနှင့် အထိအတွေ့ရှိသည်။ နီးစပ်သည်။ ဖဆဆိုရှယ်ဟု နောက်ပြောင်ရေးသားသည်အထိ သတင်းစာများနှင့် ပြဿနာတက်တိုင်း ဦးနုက အယ်ဒီများအား ထမင်းဖိတ်ကျွေးကာ မေတ္တာရပ်ခံ၍ ပြေလည်ရာပြေလည်ကြောင်း လုပ်ဆောင်လေ့ရှိ၏။

တည်မြဲခေါင်းဆောင် ဆိုရှယ်လစ် ဦးကျော်ငြိမ်းကိုမူ သခင်တင်၏ မိန်းမရှုပ်မှု သတင်းဖော်ပြသော သတင်းစာလေးစောင်အနက် ပြည်သူ့ဟစ်တိုင်၊ အိုးဝေ၊ စီးပွားရေးသတင်းစာတိုက်များအား ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးရန် စီစဉ်ပြီး ကိုယ်တိုင်အမိန့်ပေးခဲ့သူ ပြည်ထဲရေးဝန်ကြီးအဖြစ် သတင်းစာများက မမေ့နိုင်ကြသေးပါ။

ကွန်မြူနစ်နေ့စဉ်တိုက်သို့ မသွားဝံ့သော သူရဲကောင်းအဖြစ်လည်း သတင်းစာတို့က သရော်ခဲ့ဖူးသည်။ ခုတော့ သခင်တင်က နုတင်ဘက်က၊ ဦးကျော်ငြိမ်းက ဆွေငြိမ်းခေါင်းဆောင်။ ဖျက်ဆီးရေးအဖွဲ့ကို ဦးဆောင်သူ ပါလီမန်အတွင်းဝန် သခင်ချစ်မောင် (သာယာဝတီ) က ယခုအခါ ပမညတ။

ဦးကျော်ငြိမ်းအား အငြိုး အာဃာတကြီးစွာ ညှင်းပန်းနှိပ်စက်သူ အဖြစ်လူမုန်းများပုံလည်း သတင်းစာများရေးဖို့ အခွင့်ကြုံပြီ။ ဒေါက်တာဘမော်နှင့် အတူ အချုပ်ခံနေရသော သူ့သမက် ဗိုလ်ရန်နိုင်အား ထောင်ဝင်စာ အကြိမ်ကြိမ်တောင်းသော ဒေါ်သဉ္ဇာမော်နိုင်အား နောက်ဆုံးခွင့်ပြုတော့ အဖေကိုသာတွေ့ခွင့်ရ၊ ခင်ပွန်းအား မတွေ့ရဟု လုပ်ခဲ့ပုံပြန်ရေးကြသည်။

ကျောင်းသားခေါင်းဆောင် ကိုထွန်းရှိန်၊ ရွှေတောင်တိုက်ပွဲဖြင့် နာမည်ကြီးသူ ရဲဘော်သုံးကျိပ်ဝင် စသဖြင့် ဗိုလ်ရန်နိုင်၏ ဂုဏ်ပုဒ်များ ဖော်ညွှန်းကာ သတင်းစာတို့၏ ထိုးနှက်ချက်ကို ဦးကျော်ငြိမ်း မရှုမလှုခံရသည်ကို ကျွန်တော်ကောင်းစွာမှတ်မိနေ၏။

ဦးနုနှင့် ဦးကျော်ငြိမ်းတို့ အပြန်အလှန်ရေးကြသောစာနှစ်စောင် သတင်းစာတွေထဲ ပါလာသောအခါ အစဉ်အလာကြီးမားသည့် ဖဆပလ၏ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးအကြား၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးချုပ်တို့အကြားဟု မည်သည့်နည်းနှင့်မှ ယုံကြည်၍မရနိုင်လောက်အောင် ငယ်ကျိုး ငယ်နာများ ပြည့်နေ၏။

စာနှစ်စောင်လုံးကိုဖော်ပြသော သတင်းစာများ၊ စာတစ်စောင်ကိုသာ ထည့်သွင်းကာ တစ်ဘက်ကို ကလော်တုပ်သော သတင်းစာဟူ၍ ဖဆပလအကွဲတွင် သတင်းစာများတွင်လည်း ပိုင်ရှင်နှင့် အယ်ဒီတာကြား၊ အယ်ဒီတာနှင့် သတင်းထောက်တို့အကြား သဘောထားကွဲကုန်ကြတော့သည်။

သို့သော်လည်း ကျွန်တော်မှတ်မိသလောက် ထွန်းနေ့စဉ်၊ The Nation တို့ကမူ တပ်မတော်က မည်သို့ဝင်လာပတ်သက်လာမည်ကို ခန့်မှန်းရေးသားသည်။ ဖဆပလအာဘော် မဏ္ဍိုင်သတင်းစာက ထောက်ခံမှုအများစု တည်မြဲတို့ရရှိနေပုံ သတင်းများ ဖော်ပြရေးကာ ဆွေငြိမ်းတို့ဘက်မှ ထောက်ခံရေးသား၏။

ဦးနုနှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသူ ဦးအုန်းခင်က ပိုင်ရှင်အယ်ဒီတာချုပ်မို့ "ကျော်ငြိမ်း ငါ့ညီ၊ မင်းငယ်ပါသေးတယ်" စသဖြင့် ဗမာ့ခေတ်သတင်းစာတွင် နှိမ့်ချရေးသားပုံ ရေပန်းစားကာ ပြောစမှတ်အဖြစ်ကျန်ခဲ့၏။

သို့သော် သတင်းစာကျင့်ဝတ်နှင့် ညီပါလေစဟု မေးစရာဖြစ်နေပြီ။

ဖဆပလအစိုးရသည် သတင်းစာတိုက်များအား မကြာခဏချိုပ်ပိတ်လေ့ရှိပြီး ပထဆုံးထိသော သတင်းစာမှာ သူရိယသတင်းစာဖြစ်သည်။ ဗမာ့ခေတ်သတင်းစာ၌သုံးနေသည့် အစိုးရပုံနှိပ်စက်ဟောင်းများကို ရမယ်ရှာလာသောအခါ ဗမာ့ခေတ်က ခိုးရာပါမဟုတ်၊ တရားဝင်ဝယ်ထားခြင်းဖြစ်ကြောင်း သက်သေအထောက်အထားများဖြင့် ရုံးတော်တွင် ပြသနိုင်၏။

သို့သော်လည်း အမှု၏ သက်သေအဖြစ် ရွှေ့မရနိုင်သော ပုံနှိပ်စက်ကြီးကို အပိုင်းပိုင်းခွဲကာ တစ်ပိုင်းကို လူ ၁၀ ယောက်မပြီး ရုံးတော်တွင် တစ်နှစ်ကျော်၊ ဝန်ကြီး ဦးကျော်ငြိမ်းညှင်းဆဲထားပုံ ဦးအုန်းခင် အဘယ်မှာလျှင် မေ့နိုင်ပါမည်နည်း။

ထိုစဉ်က ကျွန်တော်မသိနိုင်ပါ။ ယခုဆောင်းပါးရေးရန် အကိုးအကားရှာသောအခါ ဦးကျော်ငြိမ်းက "အဲဒီတုန်းက ကျုပ်ကငယ်တော့ ဒေါသရှိတယ်။ ဒါ့ကြောင့် နိုင်တဲ့နည်းနဲ့ ညှင်းမိတာပါ" ဟု ပြောသည်ကို ကြေးမုံဦးသောင်းက သူ၏ ဗမာ့ခေတ်မှ ကြေးမုံသို့ စာအုပ် (စာမျက်နှာ ၇၇) တွင်ဖော်ပြထား၍ ကိုးကားရေးသားနိုင်ခြင်းပါ။

ကာတွန်းဆရာများလည်း ဟိုဘက်ပါ၊ ဒီဘက်လိုက်နှင့် ကွဲကြလေရာ "ကျော်မကောင်း ကျားမကောင်း" ကာတွန်းဖြင့် ဦးနု လိုလားသူက တည်မြဲကို ထိုးနှက်သည်။ ကျော်ဆိုသည်က ဦးကျော်ငြိမ်းနှင့် ကျားဆိုသည်မှာ ကျားကြီး ဗဆွေတို့အား ရည်ညွှန်းကြောင်း သတင်းစာဖတ်သူများ သိထားကြပါ၏။

ဗိုလ်ချုပ်အောင်ဆန်း လက်ထက်ကတည်းက ထားရှိခဲ့သော ဖဆပလ အဆောက်အအုံကြီးနှင့် ပစ္စည်းများကို တစ်ဝက်စီခွဲယူမည်ဟု ဦးနုက ဆိုပြီး တည်မြဲတို့ဘက်ကမူ တစ်ပြည်လုံးထောက်ခံမှုရထားသဖြင့် မဏ္ဍိုင်သတင်းစာကဲ့သို့ သူတို့သာ ရထိုက်ကြောင်း သဘောထားထုတ်ပြန်ချက်ကို သတင်းစာတချို့က ဖော်ပြ၊ သတင်းစာတချို့က မှောင်ချကြ၏။

နောင်နှစ်ပေါင်းများစွာကြာလာသောအခါ မြန်မာတစ်ပြည်လုံးတွင် သူ့အား ထောက်ခံသည့် ဖဆပလတိုက်နယ်ဟူ၍ ၃ နယ်၊ ၄ နယ်လောက်သာရှိပြီး ကျန်အားလုံးက တည်မြဲတို့ကိုသာ ထောက်ခံကြကြောင်း ဦးနုက အသိအမှတ်ပြုရေးသားထားသည်ကို ကျွန်တော်တို့ ဖတ်ရသည်။

ရွေးကောက်ပွဲတွင် ထည့်သွင်းမဲဆွယ်နေကျ ဗိုလ်ချုပ်အောင်ဆန်း၏ဓာတ်ပုံကိုကော ဘယ်လိုခွဲမလဲဟု သတင်းစာတစောင်က ကလိသလိုနှင့် အရေးကြီးမေးခွန်း ထုတ်လိုက်ပြီ။ ထိုအခါ ဦးနုက ဝန်ကြီးချုပ်ရာထူးက နုတ်မထွက်နိုင်၊ ပါလီမန်ထဲ အားပြိုင်မည်ဟု ကြေညာသည်။

ပါလီမန် ဒီမိုကရေစီစနစ်အစဉ်အလာအရ ပါတီတွင်း အများစုထောက်ခံမှု မရလျှင် နုတ်ထွက်ကာ အိမ်စောင့်ဝန်ကြီးချုပ်အဖြစ်နှင့် ရွေးကောက်ပွဲလုပ်ပေးရပုံ ထောက်ပြသော သတင်းစာ၏ အသံက ကွဲသံ၊ ပြသံဆူညံနေသည့်ကြားတိုးမပေါက်ခဲ့ပါ။

ပါလီမန်လွှတ်တော်တွင်း တည်မြဲဖဆပလ၊ သန့်ရှင်းဖဆပလနှင့်အပြိုင် ပမညတအမတ်များက တတိယအင်အားစု ဖြစ်လာလေပြီ။ သာမန်အားဖြင့် တပ်မတော်ကို အားကိုးသော တည်မြဲဖဆပလနှင့် တပ်မတော်ကမလိုလားသော ပမညတတို့ တွဲကာ အာဏာယူဖို့ နှစ်ဘက်စလုံးက စိတ်ဝင်စားပုံ မပြကြပါ။ အကွက်မြင်သော ပမညတ က တစ်ချိန်လုံး တောင်းဆိုနေသာ ပြည်တွင်းစစ်ကို စေ့စပ်ဆွေးနွေးသည့်နည်းဖြင့် အဆုံးသတ်ရေး ဦးနုက လုပ်ဆောင်ပေးမည်ဟု ကတိပေး ကြေညာလိုက်သည်။

ထိုအခါ အလားတူ တောင်းဆို တိုက်တွန်းရေးသားနေခဲ့ကြသည့် သတင်းစာများ၊ အထူးသဖြင့် လက်ဝဲသတင်းစာများလည်း သန့်ရှင်းဖဆပလဘက်သို့ ရောက်သွားလေပြီ။ ပြည်နယ်များမှ လူမျိုးစုအမတ်များ ထောက်ခံမှုရရှိရေးနှစ်ဘက် အပြိုင်ဆွယ်ကြရပြန်၏။

၁၀ နှစ်နီးပါး အာဏာရဖဆပလနှင့် တွဲခဲ့ရ၍ ပုဂ္ဂိုလ်ရေး ခင်မင်နီးစပ်မှုကြောင့် လိုက်ကွဲကြသော်လည်း အမတ်အစုလိုက်၊ အတွဲလိုက်မရနိုင်သဖြင့် တစ်ဦးချင်းလိုက်စုရ၏။

ရခိုင်တိုင်း (ထိုစဉ်က ပြည်နယ်မဖြစ်သေး) ရတည ( ရခိုင်တိုင်းသားညီညွတ်ရေး) ပါတီကို အင်အားကြီး ဖဆပလမကွဲခင်ကတည်းက ရှုံးနေကျ၊ ကျောက်ဖြူတစ်နေရာတွင်သာ ဦးဘစော (ဖဆပလ) နိုင်၍ တိုင်းမြို့တော် စစ်တွေကိုကျော်ကာ ကျောက်ဖြူတွင် ကောလိပ်ဖွင့်ပေးထား၏။

သို့သော်လည်း ပမညတ၏ မဟာမိတ်အနေဖြင့် ရတည အမတ်များ၏ ထောက်ခံမဲကိုလည်း သန့်ရှင်းဖဆပလဘက်က ရရှိတော့မည်။

သို့တိုင်အောင် ဦးနုဝန်ကြီးချုပ် ဆက်ဖြစ်ရေး မသေချာသေး။

ဝန်ကြီးနေရာပေးမည်ဟု ကတိပေးမက်လုံးပေးနှင့် ဦးနုက မဲဆွယ်ရာ သန့်ရှင်းဖဆပလကို ထောက်ခံအားပေးနေသော သတင်းစာတို့ကလည်း မသိမသာ ခပ်ဆွယ်ဆွယ်မဟုတ်၊ ပြောင်ပြောင်တင်းတင်းပင် တိုက်တွန်းရေးသားကြသည်။

တည်မြဲဖဆပလက သူတို့အားထောက်ခံသော အမတ်များစာရင်းကို မဏ္ဍိုင်သတင်းစာထဲကနေ ထည့်သွင်းကြညာလိုက်သောအခါ သတင်းစာတချို့လိုက်ရေးကြပြန်၏။ အခြေအနေကြည့်ကာ နောက်ဆုံးကျမှ ကပ်ပြီး အနိုင်ရမည့်ဘက်ထောက်ခံမည့် ခြံစည်းရိုးခွထိုင် သာကူးအမတ်များကို ကာတွန်းဖြင့် ကလိကြပြန်သည်။ သတင်းစာများသည် မိမိတို့၏ရပ်တည်ချက်ကနေ ခွာပြီး သကာလ သတင်းစာဖတ်သူတို့ စိတ်ဝင်စားရာနောက်လိုက်နေမိမှန်းမသိလိုက်နေမိကြလေပြီ။

ဖဆပလအကွဲအပြဲကို လူအများ စိတ်ဝင်စားကြ၊ လိုက်ကွဲကြ၊ ဆဲကြသည့်အထဲ သတင်းစာများစွာပါသွားလေရာ တစ်ချိန်က အတိုက်အခံမရှိသောပါလီမန်လွှတ်တော်အတွက် တာဝန်ယူခဲ့ဖူးသော အစဉ်အလာဂုဏ်သိက္ခာလည်းပျက်၊ ထိုဖဆပလအကွဲအပြဲကနေ တိုင်းပြည်မည်သည့်ဘက်ဆီ ဦးတည်နေသည်ကို သတိထား ဝေဖန်ရေးသားဖို့ ဝေလာဝေး၊ မိမိတို့သတင်းစာများ၏ အနာဂတ်ကိုပင်မတွေး၊ ဆဲလို့ကောင်းရင်း မြောင်းထဲဆင်းနေကြသည်ဟု ကျွန်တော်သုံးသပ်မိပါ၏။

> **ဖဆပလအကွဲအပြဲကို လူအများ စိတ်ဝင်စားကြ၊ လိုက်ကွဲကြ၊ ဆဲကြသည့်အထဲ သတင်းစာများစွာပါသွားလေရာ တစ်ချိန်က အတိုက်အခံမရှိသောပါလီမန်လွှတ်တော်အတွက် တာဝန်ယူခဲ့ဖူးသော အစဉ်အလာဂုဏ်သိက္ခာလည်းပျက်၊ ထိုဖဆပလအကွဲအပြဲကနေ တိုင်းပြည်မည်သည့်ဘက်ဆီ ဦးတည်နေသည်ကို သတိထား ဝေဖန်ရေးသားဖို့ ဝေလာဝေး၊ မိမိတို့ သတင်းစာများ၏ အနာဂတ်ကိုပင်မတွေး၊ ဆဲလို့ကောင်းရင်း မြောင်းထဲဆင်းနေကြသည်**

## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မင်းတပ် မတ် ၂**

ကျေးရွာစာကြည့်တိုက်များခိုင်မာရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်သည့် စာကြည်တိုက် ဝင်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို မင်းတပ်မြို့ စံပြရပ်ကွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ခရိုင်ရုံး)ရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် မတ် ၁ ရက်က ကျင်းပပြုလုပ်သည်။

ယင်းအခမ်းအနားတွင် တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်မှူး ၃၀ တို့က စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရှင်သန်လာစေရန်၊ စာကြည့်တိုက်တွင် စာဖတ်ပရိသတ်များပြားလာအောင် ဆောင်ရွက်ရမည့် အချက်များနှင့် ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများကို ဆွေးနွေးကြရာ မင်းတပ်ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးလိန်းကီးက ဆောင်ရွက်ခဲ့ပြီးဖြစ်သည့် စာကြည့်တိုက်လုပ်ငန်းအပေါ် သုံးသပ်ဆွေးနွေးပြီး နောင်ဆောင်ရွက်ရမည့်လုပ်ငန်းကို ပိုမိုအဆင်ပြေစေရန်ပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးဆုတ်ယုတ်စေသည့် မူးယစ်ဆေးဝါးပြဿနာ ပူးပေါင်းအဖြေရှာ

**ခ** (သတင်းဆောင်းပါး – မောင်ပြည်)

ဝိုင်းမော်မြို့နယ်အတွင်း ဆဒုံးမြို့နှင့် ကန်ပိုက်တည်မြို့တို့၌ ဘိန်းခင်းများကို ဖျက်ဆီးရန်အတွက် ၁၈-၂-၂၀၁၆ ရက်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မြစ်ကြီးနားမြို့ ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (Kachin Baptist Convention- KBC) ကကြီးမှူး၍ ကချင်လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (Patjasan- ပတ်ချီဆန်)အဖွဲ့မှ ဦးဖရဲဆောင်ယော် ဦးဆောင်သောပြည်သူ ၁၇၀၀ ခန့် ပါဝင်သည့်အဖွဲ့သည် ဝိုင်းမော်မြို့နယ်၊ မိုင်တိုင်အမှတ် (၁၃) အနီးရှိ ဘားကျွင့်တံတားသို့ရောက်ရှိလာရာ မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီ ဦးစီးအဖွဲ့က အဆိုပါ ဘိန်းခင်းဖျက်ဆီးမည့် အဖွဲ့နှင့်ဒေသခံများ ထိပ်တိုက်တွေ့လျှင် မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရန် လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရေး သွားရောက်ညှိနှိုင်း ဆွေးနွေးခဲ့သည်။

နောက်နေ့တွင် ဘိန်းခင်းဖျက်ဆီးမည့် အဖွဲ့မှ ဦးဇုန်းတိန့်ပါ (၄) ဦးနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ကျော်ကျော်ဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးချစ်ဦးတို့ တွေ့ဆုံဆွေးနွေးခဲ့ရာ လုံခြုံရေးအဖွဲ့အစည်းများမပါဘဲ ဘိန်းခင်းများ ဖျက်ဆီးပါက မလိုလားအပ်သည့် လူမျိုးရေးပဋိပက္ခဖြစ်ပွားလာနိုင်သည့်အတွက် လုံခြုံရေးအဖွဲ့များနှင့်အတူ ပြည်သူလူထု ပူးပေါင်းပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်း သဘောတူညီခဲ့ကြသည်။

အလားတူ ၂၀-၂-၂၀၁၆ ရက်နေ့တွင်လည်း ကချင်ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦး ဦးစီးအဖွဲ့နှင့် သင်းအုပ်ဆရာ ဦးဘရန်ရှောင်ပါ (၆) ဦးအဖွဲ့သည် ဘိန်းခင်းဖျက်ဆီးရာတွင် လုံခြုံရေးအဖွဲ့၊ ဌာနဆိုင်ရာအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။

နောက်တစ်ရက်တွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း ဦးဆောင်၍ ပြည်နယ်လုံခြုံရေးကော်မတီ အစည်းအဝေးကျင်းပခဲ့ပြီး ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့၌ အနယ်နယ်အရပ်ရပ်မှ လူမျိုးပေါင်းစုံ၊ အသက်အရွယ်မျိုးစုံ ပါဝင်နေသဖြင့် မလိုလားအပ်သည့် ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေး၊ ပြည်သူများ၏ အသက်အိုးအိမ်များ ထိခိုက်ပျက်စီးမှု မရှိစေရေးတို့အတွက် တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးနိုင်မှုအပေါ် မူတည်၍ အဖွဲ့များဖြန့်ခွဲကာ ဘိန်းခင်းများ ဖျက်ဆီးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

၂၃-၂-၂၀၁၆ ရက်နေ့ နံနက်ပိုင်းတွင် ဘိန်းခင်းဖျက်ဆီးမှုနှင့် ပတ်သက်၍ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်ဦးစီးအဖွဲ့နှင့် ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့မှ ဦးယုံဝါပါ (၇) ဦး ဆွေးနွေးခဲ့ကြပြီး ပူးပေါင်းအဖွဲ့ အနေဖြင့်၂၃-၂-၂၀၁၆ရက်နေ့မှစတင်၍ ဘိန်းခင်းများအား ဖျက်ဆီးနိုင်ရန်အတွက် အဖွဲ့(၆)ဖွဲ့ သတ်မှတ်ဆောင်ရွက်သွားရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

၂၄-၂-၂၀၁၆ ရက်နေ့တွင် ပူးပေါင်းအဖွဲ့(၁)သည် ကန်ပိုက်တည် (တောင်ခြမ်း) ထန်မိုခမ်း၊ တရုတ်မဂ္ဂါ၊ ကူခန်းရှိ ဘိန်းခင်းများ ဖျက်ဆီးရန်နှင့် ပူးပေါင်းအဖွဲ့(၂)သည် ကန်ပိုက်တည်(တောင်ခြမ်း) ကနော့ဘွမ်ရှိ ဘိန်းခင်းများ ဖျက်ဆီးရန်၊ ၂၅-၂-၂၀၁၆ ရက်နေ့တွင် ပူးပေါင်းအဖွဲ့(၃) သည် ကန်ပိုက်တည်(မြောက်ခြမ်း) ယင်းဒန်၊ လုံဆာရှိ ဘိန်းခင်းများ ဖျက်ဆီးရန်နှင့် ပူးပေါင်းအဖွဲ့(၄) သည် ကန်ပိုက်တည်ဒေသ ချောင်းမော၊ ဝေါ်ရာနှင့် ရှမ်းကျူရှိ ဘိန်းခင်းများ ဖျက်ဆီးရန်၊ ၂၆-၂-၂၀၁၆ ရက်နေ့တွင် ပူးပေါင်းအဖွဲ့(၅)သည် ကန်ပိုက်တည်(မြောက်ခြမ်း) ကုံမိုင်၊ မော်စီတုံးရှိ ဘိန်းခင်းများ ဖျက်ဆီးရန်နှင့် ပူးပေါင်းအဖွဲ့(၆)သည် ကန်ပိုက်တည်ဒေသ တာကြာဟော့နှင့် လငန်ရှိ ဘိန်းခင်းများ ဖျက်ဆီးရန် သတ်မှတ်ခဲ့သည်။ အဖွဲ့တစ်ဖွဲ့စီတွင် အင်အား ၃၄၂ ဦးပါဝင် ဖွဲ့စည်းခဲ့ပြီး ဘိန်းခင်းဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။

ဘိန်းခင်းများကို ယခုကဲ့သို့ ဖျက်ဆီးနိုင်ခြင်းသည် ကမ္ဘာ့လူသားများ၏ အသက်ကို ကယ်တင်နိုင်ခြင်းပင် ဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာပေါ်တွင် တစ်စတစ်စ ကျယ်ပြန့်ကြီးမား လာနေသည်။

မူးယစ်ဆေးဝါးရောင်းဝယ်မှုသည် မကြာမီနှစ်များမှစ၍ ကမ္ဘာ့နိုင်ငံ အသီးသီးရှိ ပြည်သူများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကို အဓိကခြိမ်းခြောက်နေသည့် အန္တရာယ် တစ်ခုအဖြစ် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ ထို့အပြင် မူးယစ်ဆေးဝါးပြဿနာသည် နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးဆုတ်ယုတ်သည့် အကျိုးသက်ရောက်မှုများ ဆက်လက်ဖြစ်ပေါ်စေလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါး တားဆီးရေး၊ နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သီတာစစ်ဆင်ရေးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရွှေလီစစ်ဆင်ရေး၊ ၂၀၁၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းစစ်ဆင်ရေး၊ မန္တလေးတိုင်းဒေသကြီးတွင် ရတနာပုံ (၁)၊ (၂) စစ်ဆင်ရေး၊ မွန်ပြည်နယ်တွင် ရာမည စစ်ဆင်ရေး၊ ကရင်ပြည်နယ်တွင် ဇွဲကပင်စစ်ဆင်ရေး၊ ၂၀၁၅ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း မဲခေါင် (၁)၊ (၂)စစ်ဆင်ရေး၊ ရခိုင်ပြည်နယ်အတွင်း ဓညဝတီစစ်ဆင်ရေး၊ နေပြည်တော်ကောင်စီနယ်မြေတွင် ပေါင်းလောင်းစစ်ဆင်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုလျော့နည်းပပျောက်စေရေး ဆောင်ရွက်ရာတွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ အပါအဝင် နိုင်ငံတကာအထောက်အပံ့ဖြင့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် မြေယာများဖော်ထုတ်ခြင်း၊ သီးနှံမျိုးစေ့၊ နှစ်ရှည်ပင်များဖြန့်ဖြူးပေးခြင်း၊ မူးယစ်ဆေးဝါး စိုက်ပျိုးနိုင်သည့် ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများကို UNODC နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်နှင့် လွိုင်လင်မြို့နယ်များတွင် အဆင့်မြင့် ကော်ဖီဟက်တာ (၄၀၀)ခန့် စိုက်ပျိုးထားရှိပြီး ကော်ဖီစိုက်ပျိုးသူများ သမဝါယမအသင်း ထူထောင်ကာ ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အတွင်းရှိ ကျေးရွာ ၅၆ ရွာတွင် ထိုင်းနိုင်ငံမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့နှင့်ပူးပေါင်း၍ ရေရှည်အကျိုးဖြစ်ထွန်းသည့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘတ်ငွေသန်း (၃၅၀) ရင်းနှီးမတည်၍ (၆) နှစ်စီမံကိန်း ဆောင်ရွက်လျက်ရှိသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးဒေသနှင့် တာမိုးညဲဒေသတို့တွင် တရုတ်နိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်နှင့်ပူးပေါင်း၍ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးသည့် မြို့နယ် (၅၁) မြို့နယ်တွင် စိုက်ပျိုးပညာပေးစခန်း (၇၄) ခု ဖွင့်လှစ်ထားရှိလျက် နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း၊ နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများဖြန့်ဖြူးခြင်း၊ စိုက်ပျိုးပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းများအား ဆောင်ရွက်လျက်ရှိသည်။

ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးဌာနတွင် ဝက်နှင့် နွားမွေးမြူခြင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်ရှိ ကျေးရွာများတွင် ကြက်၊ ဝက်များ မွေးမြူခြင်း၊ ချင်းပြည်နယ်၊ ဟားခါးရှိ ချွန်ကျုံးစံပြမွေးမြူရေးကျေးရွာတွင် ဝက်ဖြူကြီးမျိုး မွေးဘက်ပေးစနစ်ဖြင့်မွေးမြူခြင်း၊ မျိုးစပ်မွေးမြူခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ဘိန်းစိုက်ပျိုးသည့် မြို့နယ် (၅၁) မြို့နယ်တွင် တိရိစ္ဆာန်များအား ရောဂါကာကွယ်ခြင်း၊ ကုသခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်နိုင်ငံလုံးတွင် မူးယစ်ဆေးစွဲ ရောဂါကုဌာနကြီး (၂၆) ခုနှင့် ဌာနငယ်(၄၇)ခု စုစုပေါင်း (၇၃)ခု တို့အား ဖွင့်လှစ်ထားရှိသည်။

ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာတတ်သော နောက်ဆက်တွဲဆိုးကျိုးများ လျော့ပါးရေးအတွက် (Harm Reduction) လုပ်ငန်းအစီအစဉ်အရ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် အာရှဒေသအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများ လျော့ပါးရေးကွန်ရက်(AHRN-Asian Harm Reduction Network)၊ မူးယစ်ဆေးဝါးသုံးစွဲမှု သုတေသနအဖွဲ့(SARA-Substance Abuse Research Association)၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA - Myanmar Anti Narcotic Association ) အဖွဲ့များနှင့် ပူးပေါင်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မူးယစ်ဆေးစွဲသူ လူငယ်များအတွက် အန္တရာယ်လျော့ချရေး ဝန်ဆောင်မှုများ ပေးခြင်း၊ ဆေးကုသနိုင်ရန် ပို့ဆောင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်တွင် ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးစခန်းကို ၁-၈-၁၉၈၃ ရက်နေ့တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်တွင် ရွှေပြည်သစ်လူငယ်များ ပြုစုပျိုးထောင်ရေး စခန်းအား ၈-၉-၂၀၀၃ ရက်နေ့တွင် လည်းကောင်း၊ ပြည်မြို့ (ဝက်ထီးကန်)တွင် ရွှေပြည်သာ လူငယ်များ ပြုစုပျိုးထောင်ရေးစခန်းအား ၁၅-၁၂-၁၉၉၅ ရက်နေ့တွင်လည်းကောင်း ဖွင့်လှစ်ထားရှိခဲ့သော်လည်း ရွှေပြည်အေးနှင့် ရွှေပြည်သစ်လူငယ်ပြုစုပျိုးထောင်ရေးစခန်းတို့မှာ နယ်မြေလုံခြုံရေးအခြေအနေအရ ခေတ္တပိတ်ထားရာမှ အဆောက်အအုံများ ယိုယွင်းလာသဖြင့် ရွှေပြည်သာလူငယ်ပြုစုပျိုးထောင်ရေး စခန်းတစ်ခုသာ ပုံမှန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့် နောက်ဆက်တွဲ ရောဂါတို့၏ အန္တရာယ်ကို သိရှိရှောင်ကြဉ်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ မိဘဆရာအသင်းနှင့် ပြည်သူများလက်တွဲ ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ထုတ်လုပ်မှု လျော့ချရေး၊ အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျော့ချရေး၊ တားဆီးနှိမ်နင်းရေး စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရေးစသည့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ဝေးလံခေါင်ဖျားကုန်းမြင့်ဒေသနေ ပြည်သူများသည် ဝမ်းစာအတွက် ဘိန်းစိုက်ပျိုးသည်။ ထို့ပြင် မူးယစ်ဆေးဝါး၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသော အစပျိုးဓာတုပစ္စည်း (Precursor) များကို အိမ်နီးချင်းနိုင်ငံများ၏ တရားမဝင် နယ်စပ်ဝင်ပေါက်များမှ ဖြတ်ကျော်၍ တရားမဝင်မှောင်ခိုသယ်ဆောင်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသည့် ဒေသများတွင် မူးယစ်ဆေးဝါး ထုတ်လုပ် လျက်ရှိသည်။

တရားမဝင် ဓာတုပစ္စည်းများမှောင်ခိုသယ်ဆောင်ရောင်းဝယ်မှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်မှုမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အမှုပေါင်း (၂၄၅) မှုမှ အဓိကအားဖြင့် ဆူဒိုအက်ဖီဒရင်း အလေးချိန် (၃၇၃၉၁၃ ဒသမ ၅၂) ကီလို၊ ကဖင်း အလေးချိန် (၂၅၈၄၅ ဒသမ ၄၈) ကီလို၊ အက်ဖီဒရင်းဆေးပြား (၂၆၈၅၀၀)၊ အမိုနီယမ်ကလိုရိုက်(၃၆၄၅ ဒသမ ၇၂)ကီလို၊ အင်သရာနယ်လစ်အက်ဆစ် ကီလို(၁၁၀၀)၊ ဖီနိုင်းအက်စီတစ်အက်ဆစ်ခဲ (၂၂၄၅)ကီလို၊ ဟိုက်-ဒီကလိုရစ်အက်ဆစ် (၉၇၀၀ ဒသမ ၅၉)လီတာ၊ ဓါတုဆေးရည် (၂၀၆၁၇ ဒသမ ၆၅)လီတာ၊ ဆာလဖြူရစ်အက်ဆစ်(၆၅၀၉ ဒသမ၆၅)လီတာ၊ ဖီနိုင်းပရိုပီနုန်း(၁၄၂၁၉ ဒသမ ၂၅)လီတာ တို့ကို ဖမ်းဆီးရမိခဲ့သည်။

နှစ်စဉ် ဘိန်းစိုက်ပျိုးရာသီဖြစ်သည့် စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာတို့မှစတင်ပြီး တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သော တရားဥပဒေစိုးမိုးရေးအဖွဲ့များ၊ ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းများနှင့် နယ်မြေခံပြည်သူလူထုတို့ ပူးပေါင်း၍ ဘိန်းခင်းများအား ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် (၁၇၄၄၀ ဒသမ ၂၅)ဧက၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် (၅၈၇၃၅ ဒသမ ၆၉)ဧက၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် (၃၀၂၈၈ ဒသမ ၁၈) ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် (၃၇၅၃၀ ဒသမ ၇၅)ဧက၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် (၃၂၈၀၂ ဒသမ ၄၇) ဧက၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဘိန်းစိုက်ခင်း ဧကပေါင်း (၁၈၀၆၄ ဒသမ ၂၁) ဧက အား ဖျက်ဆီးနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အမှုပေါင်း (၂၄၆၆၁)မှု၊ တရားခံပေါင်း (၃၅၄၈၁) ဦး ဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း အမှုပေါင်း (၅၉၃) မှု၊ တရားခံပေါင်း (၈၇၀) တို့အား ဖမ်းဆီး အရေးယူနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ကချင်ပြည်နယ်အတွင်း လူထုအခြေပြုမူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့များက လုံခြုံရေးအဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ မပါရှိဘဲ ဘိန်းခင်းများဖျက်ဆီးစဉ် ထိခိုက်သေဆုံးမှုများ ဖြစ်ပွားခဲ့သည့်ဖြစ်စဉ် သုံးခု ရှိခဲ့သည်။

(၁၅-၁-၂၀၁၆) ရက်နေ့တွင် မြစ်ကြီးနားမြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့မှ ကက်သလစ်အသင်းတော် ဓမ္မဆရာ ဦးအောင်နူး ဦးဆောင်သောလူအင်အား(၆၀၀)ခန့်တို့သည် တနိုင်းမြို့နယ်၊ တနိုင်းချောင်း၊ တရုံချောင်း၊ တဝမ်ချောင်းနယ်မြေအတွင်း ဘိန်းခင်းများ ဖျက်ဆီးစဉ် တူမီးသေနတ်ဖြင့် ချောင်းမြောင်း ပစ်ခတ်ခံရ၍ တူးဆိုင်ဆိုသူ သေဆုံးခဲ့ပြီး မောင်ခွန်ပျော်အောင်တွင်ဒဏ်ရာ ရရှိခဲ့သည်။

ထို့ပြင်(၃၀-၁-၂၀၁၆) ရက်နေ့တွင် အထက်ပါအဖွဲ့သည် ဝိုင်းမော်မြို့နယ်၊ ချောင်းမောကျေးရွာ လျှိုအတွင်းရောက်ရှိစဉ် ဆွဲမိုင်း (၁) လုံး ပေါက်ကွဲခဲ့သဖြင့် မောင်ဘောမ်ဆန်း၊ ဦးဇယ်ခေါင်နှင့် ဦးဘောမ်ချမ်းတို့တွင် ဒဏ်ရာများ ရရှိခဲ့သည်။

အလားတူ (၄-၂-၂၀၁၆) ရက်နေ့တွင် ဦးလဆယ်လန် ဦးဆောင်သော ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့ (၈၀)တို့သည် ဝိုင်းမော်မြို့နယ်၊ မော်စီတုံး ကျေးရွာတွင် ဘိန်းခင်းဖျက်ဆီးရန်သွားနေစဉ် မော်စီတုံးကျေးရွာ၊ နော်ကူကျေးရွာ၊ တာကျားဟော်ကျေးရွာနှင့် လနန်ကျေးရွာတို့မှ ရွာသူ၊ ရွာသား (၁၀၀) ခန့်တို့က ၎င်းတို့အဖွဲ့အားအော်ဟစ်ဆဲဆိုခြင်း၊ ခဲများဖြင့် ပစ်ပေါက်ခြင်းပြုလုပ်ခဲ့ရာ အပြန်အလှန်ခဲပေါက်မှုများဖြစ်ပွားခဲ့ပြီး ဒေသခံရွာသား ဦးဝမ်ကင်း၊ မောင်ကိုဝူးနှင့် ဒေါ်ရန်မြင့်ဝှမ်းတို့ (၃)ဦးတွင် ဒဏ်ရာအသီးသီး ရရှိခဲ့ကြသည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့က လူထုအခြေပြု ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့အား "တားဆီးခဲ့ခြင်းမဟုတ်ဘဲ" မလိုလားအပ်သည့် ဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှု မထိခိုက်စေရေးတို့အတွက် ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့များအနေဖြင့် လုံခြုံရေးအဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေးကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပတ်သက်၍ သိရှိနိုင်ကြရန် ရေးသားတင်ပြလိုက်ရပါသည်။

**ကချင်ပြည်နယ် အစိုးရအဖွဲ့က လူထုအခြေပြု ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့အား "တားဆီးခဲ့ခြင်းမဟုတ်ဘဲ" မလိုလားအပ်သည့်ဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှု မထိခိုက်စေရေးတို့အတွက် ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့များအနေဖြင့် လုံခြုံရေးအဖွဲ့နှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ခြင်းဖြစ် . . .**



ရန်ကုန်မြို့တော်ကြီးတွင်မော်တော်ယာဉ်များ များပြားလာသည်နှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း တိကျစွာလိုက်နာခြင်းဖြင့် ယာဉ်အန္တရာယ်များကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ သို့သော်စည်းကမ်းဖောက်ဖျက်သည့် ယာဉ်တစ်စီးကြောင့် လူအများဒုက္ခရောက်နိုင်ခြင်း ရှောင်တိမ်းရာမှ ယာဉ်တိုက်မှုများကြုံတွေ့နိုင်သဖြင့် အနေးယာဉ်များကိုလည်း စည်းကမ်းကြပ်မတ်သင့်သည်။ ဖေဖော်ဝါရီလ ၂၉ ရက် နံနက်က တာမွေမြို့နယ် ဗလီထိပ်မီးပွိုင့်၌ အနေးယာဉ်တစ်စီးလမ်းပြောင်းပြန်မောင်းနှင်လျက်ရှိလေသည်ကို တွေ့ရစဉ်။ သတင်းနှင့်ဓာတ်ပုံ- ၅၉၇

# ၂၀၁၅ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေပြေကျေမှု ဆုချီးမြှင့်

**မင်းဘူး မတ် ၂**

မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးရာသီဘဏ်ချေးငွေ ပြေကျေမှု ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက မင်းဘူး(စကု) မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အဖွင့်အမှာစကားပြောကြားပြီး မင်းဘူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဝင်းဇော်က ဘဏ်ချေးငွေပြေကျေစွာ ဆပ်ခဲ့သောကျေးရွာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာအုပ်စုအလိုက် ဘဏ်ချေးငွေများ ပြေကျေစွာ အမြန်ဆုံးဆပ်နိုင်ခဲ့သော ရပ်ကွက်၊ ကျေးရွာအုပ်စု ချေးငွေစိစစ်ရေးဥက္ကဋ္ဌ(အုပ်ချုပ်ရေးမှူး)များနှင့် အတွင်းရေးမှူးများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးရေးဘဏ် မန်နေဂျာနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါချီးမြှင့်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများ၊ ကျေးရွာအုပ်စု ဘဏ်ချေးငွေစိစစ်ရေးအဖွဲ့ အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြပြီး ၂၀၁၅ ခုနှစ် ဘဏ်ချေးငွေများ မြို့နယ်လုံးကျွတ် ရာနှုန်းပြည့် ပြေကျေစွာ ပေးဆပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# မြေလွတ်မြေရိုင်းများအား တိုင်းဝန်ကြီးကွင်းဆင်းကြည့်ရှု

**နွားထိုးကြီး မတ် ၂**

မန္တလေးတိုင်းဒေသကြီး စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး ဦးအောင်ဇံသည် မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့်အတူ နွားထိုးကြီးအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ရဲ၊ မြို့နယ်မှူး ရဲမှူးဝင့်မြင့်တို့ လိုက်ပါလျက် နွားထိုးကြီးမြို့နယ် ဆေးခင်းကြီးကျေးရွာအနီး ဦးပိုင်(၃၄၈) နတ်ကန်ကွင်းတွင် ဖော်ထုတ်နေသော မြေရိုင်းဧက ၇၀ ကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြေမဲ့ယာမဲ့များအားဝေငှရန် နွားထိုးကြီး မြို့နယ်တွင် မြေရိုင်းဖော်ထုတ်နေရာ တောဖောက်ကွင်း မင်းမြတ်စံကုမ္ပဏီမှ ၁၄၁ ဒသမ ၂၉ ဧကကိုလည်း ဖော်ထုတ်ပြီးစီး၍ ဆေးခင်းကြီးရွာအနီး ဧက ၇၀ ထပ်မံဖော်ထုတ်ခြင်း ဖြစ်သည်။

ယခု ဦးပိုင် ၃၄၈ နတ်ကန်ကွင်းတွင် မင်းမြတ်စံကုမ္ပဏီက ဘတ်ဟိုးသုံးစီး၊ မြေသယ်ယူယာဉ် ငါးစီးနှင့် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်နေသည်။

**ဌေးမြင့်မောင်**



# ရေကြီးရေလျှံမှုမှကာကွယ်ရန် ချောင်းရေလမ်းကြောင်းချဲ့ထွင်ကာ ပေါင်မြှင့်တင်

**ကျွန်းလှ မတ် ၂**

ကျွန်းလှမြို့ပေါ်ရပ်ကွက်များ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရန် မကျီးလျှိုချောင်း ရေလမ်းကြောင်းချဲ့ထွင် ပေါင်တင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှစတင်၍ ယင်းချောင်းရိုး တစ်လျှောက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကျီးလျှိုချောင်းသည် အင်ကြင်းမြိုင်ရပ်ကွက်၊ ပိတောက်မြိုင်ရပ်ကွက်၊ ပျဉ်းမမြိုင်ရပ်ကွက်၊ သစ်ရာမြိုင်ရပ်ကွက် စသည့် မြို့ပေါ်ရပ်ကွက်များကို ဖြတ်သန်းစီးဆင်းသွားသည့် ချောင်းဖြစ်သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီတို့၏ စီမံကြီးကြပ်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၂၀၁၅ ခုနှစ် ရေကြီးရေလျှံခဲ့စဉ်က ပျက်စီးမှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်ရန် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် ရန်ပုံငွေမှဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့မိမြို့ဖ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(မြို့နယ်ပြန်/ဆက်)**

# ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်

**စစ်တွေ မတ် ၂**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် စစ်တွေမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီး၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး စစ်တွေခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝေစိန်ဖြူက ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောလှိုင်နှင့် အဖွဲ့ဝင်များက ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော် မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်နိုင်ထွန်း (စစ်တွေ)**





New Motion
NEW MOTION Travels & Tours
Myanmar Tourism Federation Myanmar Tourism Marketing
UMTA

ဗုဒ္ဓဂယာ Mar 9, 23
စင်ကာပူ Mar 18
ဗီယက်နမ် Mar 18
ဘန်ကောက် Mar 22

☆အမေရိကားခရီးစဉ် - April 7,12
☆ဥရောပခရီးစဉ် - April 9
☆အင်္ဂလန်ခရီးစဉ် - April 10
☆သြစတြေးလျခရီးစဉ် - April 10
☆ဒူဘိုင်းခရီးစဉ် - April 11
☆ဟောင်ကောင်ခရီးစဉ် - April 11,12
☆ဘာလီခရီးစဉ် - April 12
☆ဗီယက်နမ်ခရီးစဉ် - April 12
☆စင်ကာပူခရီးစဉ် - April 12,13
☆တရုတ်ပြည်မကြီးခရီးစဉ် - April 12
☆ဗုဒ္ဓဂယာခရီးစဉ် - April 11
☆ကော့ရှ်မီးယားခရီးစဉ် - Apr 11
☆ကိုရီးယားခရီးစဉ် - April 11,12
☆ဂျပန်ခရီးစဉ် - April 11,12
☆ ဘန်ကောက်ခရီးစဉ် - April 11,12
☆ဖူးခက်ခရီးစဉ် - April 12
☆ဖူးခက်- ဘန်ကောက်ခရီးစဉ် - April 11
☆စင်ကာပူ-မလေးရှားခရီးစဉ် - April 11,12
☆စင်ကာပူ-ဘာလီခရီးစဉ် - April 12
☆မလေးရှားခရီးစဉ် - April 11

မန္တလေးမှ ထွက်မည့်ခရီးစဉ်များ
☆စင်ကာပူ-မလေးရှားခရီးစဉ် - April 12
☆စင်ကာပူခရီးစဉ် - April 12
☆ကိုရီးယားခရီးစဉ် - April 12
☆ ဘန်ကောက်ခရီးစဉ် - April 11
☆ဖူးခက်ခရီးစဉ် - April 12

Yangon Office: No.20, Kyuntaw Road, Sanchaung Tsp
Tel: 01-508124, 523253, 09-73148933~44~55~66
Mandalay Office: No.234, 33rd Street, Bt 81 & 82 St.
Tel: 09-4314787909, 259033443, 797522254



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
HIACE အန်စာတုံးခေါင်းမြင့်ဆိုက်ကြီး
GL WAC POWER SLIDE 15 SEAT 2005 2011
ဒီဇယ်၊ ဓာတ်ဆီ၊ ဂျပန်ကားများကို ၁၂၃-B၊ သံလွင်လမ်းတွင် ကြည့်ရှုဝယ်ယူနိုင်ပါသည်။ ဖုန်း – ၀၉၅၁၀၇၅၈၀

Bus Car ဝယ်မည်
Hyundai (ကြောင်မျက်လုံး)
37 – ယောက်စီး
29 Ft – နံပါတ်ထွက်ပြီးသား
Second - Hand ကားသန့်သန့် ဝယ်လိုသည်
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ရန်
ဆက်သွယ်ရန် -09 49709415 (နံ့းချိန်တွင်း)


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ၊ အုပ်စုအမှတ်(၁၄)၊ ကွင်းအမှတ်(၅၂၁/C)၊ ဦးပိုင်အမှတ်(၅/၁)၊ မူလပိုင်ရှင် ဒေါ်ခင်ကြိုင် အမည်ပေါက် ကိုးလုံးကွင်းကျောင်းပိုင်း၊ ဘုန်းတော်ကြီး ကျောင်းလမ်းတွင်ရှိသော အလျားပေ၁၄၀×အနံပေ၁၃၀အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ သီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မိဘများကွယ်လွန်သွား၍ သားသမီးများဖြစ်ကြသော ၁။ ဦးအမ်လှထွဲ[၁၂/တမန(နိုင်)၀၈၄၂၇၄]၊ ၂။ဒေါ်အမ်လီလီဆန်း [၁၂/တမန(နိုင်)၀၅၁၆၁၇]၊ ၃။ဒေါ်အမ်လုလုဆန်း[၁၂/တမန(နိုင်)၀၅၁၀၇၃]တို့မှ ဆက်ခံပိုင်ဆိုင်သည်ဟု အဆိုပြုကာ ရောင်းချရန် ကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ် ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်စိုးထွန်း(ထီးချိုင့်)**
**(စဉ်-၈၂၂၅)[LL.B(Q)D.B.L]**

**ဒေါ်စိုးစိုးသိန်း(LL.B, D.I.R)**
**(စဉ်-၄၁၅၀၂)(အထက်တန်းရှေ့နေ)**

**တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေရေးရာအတိုင်ပင်ခံ LINO MASTER LAW FIRM**
**အမှတ်(၂၂၉)၊ ပထပ်(ယာ)၊ ၃၈-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**www.linomasterlawfirm.com**
**Ph: 01-372203, 09-73097203, 09-250000587, 09-420049380**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၁)လမ်းထိပ်၊ အမှတ်(၃၅၆)နေ ဒေါ်ခက်ခက်ဝင်း[၁၂/မရက(နိုင်)၀၆၆၀၂၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

ဒေါ်ခက်ခက်ဝင်းနှင့် ကွယ်လွန်သူ ခင်ပွန်းဦးအောင်ခိုင်ဝင်းတို့ လက်ထက်ပွားပစ္စည်းဖြစ်သော မရမ်းကုန်းမြို့နယ်၊ မြေကွက်အမှတ်(၇/၅၃)၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ လူနေရပ်ကွက်အမှတ်-ကံ့ဘဲ့၊ မြေအကျယ် (၀. ၀၂၈)ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ(၃)ထပ်ခွဲအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်အရပ်အားလုံးကို ဦးအောင်ခိုင်ဝင်းနှင့် ဒေါ်ခက်ခက်ဝင်းတို့၏ သမီး မခက်ဒီပါအောင်[၁၂/မရက(နိုင်)၁၄၈၆၁၇]နှင့် သား အောင်ကျော်မင်း[၁၂/မရက(နိုင်)၁၅၄၆၄၄]တို့အား မေတ္တာဖြင့် အပြီးအပိုင်လွှဲအပ်ပေးထားပြီးဖြစ်ပါ၍ မခက်ဒီပါအောင်နှင့် မောင်အောင်ကျော်မင်းတို့နှစ်ဦး၏ စာဖြင့်ရေးသားသဘောတူညီမှုမရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း မပြုရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**(ဒေါ်သန်းသန်းနီ)**
**(စဉ်-၇၇၂၆)**

**(ဒေါ်ရတနာလှိုင်)**
**(စဉ်-၁၈၀၉၈)**

**အထက်တန်းရှေ့နေများ**
**အမှတ်(၄၁၉)၊ ဘုရင့်နောင်လမ်း၊ ၁၉(A)-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၀၀၃၃၇၁**





## အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်တာယာစက်ရုံမှ ထုတ်လုပ်သော Bias Tyre (နိုင်လွန်တာယာ) များအား ကျွန်တော်များ အရောင်းကိုယ်စားလှယ်ကြီး(၄)ဦး မှတစ်ဆင့်မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချခဲ့ပြီးတိုင်းဒေသကြီး နှင့်ပြည်နယ်အသီးသီးမှ ၂၀၁၅ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး တာယာအရောင်းဆိုင်ကြီး(၁၀၀)အား ဂုဏ်ပြုချီးမြှင့်ဆုများကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် ရန်ကုန်တာယာ Show Room ၌ ပေးအပ်ခြင်းအတွက် ရန်ကုန်တာယာစက်ရုံဒါရိုက်တာအဖွဲ့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ယခုကဲ့သို့ ကျွန်တော်များအရောင်းကိုယ်စားလှယ်ကြီးများထံမှ ဝယ်ယူအားပေးခြင်းအတွက် တာယာအရောင်းဆိုင်ကြီးများအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ရန်ကုန်တာယာစက်ရုံမှထုတ်လုပ်သော Bias Tyre (နိုင်လွန်တာယာ) နှင့် Steel Radial Tyre (စတီးရေဒီယာယ်တာယာ) များအား ဆက်လက်ဝယ်ယူအားပေးကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။

**"Yangon Tyre" အရောင်းကိုယ်စားလှယ်ကြီးများ**

ဦးတော်မိ
ကေဒီပတာယာဆိုင်
ရန်ကုန်မြို့
၀၁ – ၆၈၀၆၁၆ , ၆၈၂၆၅၄

ဦးအီဆပ်
ရွှေမြိုင်တာယာဆိုင်
ရန်ကုန်မြို့၊ မန္တလေးမြို့
၀၁ – ၆၈၂၉၂၉ , ၆၈၆၃၇၀
၀၉ – ၇၉၉၂၉၉၄၁၁ , ၀၉ – ၇၉၉၂၉၉၁၈၈

ဦးသန်းမြင့်
မန်းပါဝါတာယာဆိုင်
မန္တလေးမြို့၊ ရန်ကုန်မြို့
၀၁ – ၆၈၆၇၁၉ , ၀၂ – ၃၂၉၁၉ , ၃၀၁၈၄
၀၉-၇၃၂၃၇၈၄၄

ဦးမောင်မောင်
B.S တာယာရောင်းဝယ်ရေး
မန္တလေးမြို့၊ ရန်ကုန်မြို့
၀၁ – ၅၀၅၅၅၂ , ၅၀၃၇၃၂
၀၂ – ၂၃၂၃၀ , ၃၅၀၈၈

## ပဲခူးမြို့ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး

## (၂၅၉၈) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်

## (၁၃၇၇/၁၃၇၈) (၂၀၁၆)

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ယခုလာမည့် (၁၃၇၇-၇၈ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်) ၁၇-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့)မှ တန်ခူးလပြည့်ကျော် (၄)ရက် ၂၆-၄-၂၀၁၆ရက်(အင်္ဂါနေ့)အထိ (၁၀)ရက်တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲရွှင်ပွဲအတွက် မြေနေရာများကို ၁၃-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း၊ ဈေးဆိုင်မြေနေရာများကို ၃-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း နံနက် ၁၀ နာရီတွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**

ဖုန်း-၀၅၂-၂၂၂၁၀၆၈၊ ၀၅၂-၂၂၂၄၂၅၅

## တိပိဋကဓရ(ယော)ဆရာတော်ကြီး၏
## တိပိဋကဘွဲ့ရ (၃၁)နှစ်ပြည့်ကုသိုလ်ပွဲ
## ရိပ်သာကျောင်းတိုက်တည်(၁၈)နှစ်ပြည့်ဓမ္မအောင်ပွဲပူဇော်ပွဲ
## ပရိယတ္တိစာသင်တိုက်တည်(၅)နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲ
## စာအောင်သံဃာတော်များအားချီးကျူးဂုဏ်ပြုပူဇော်ပွဲ အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်ကြီး၏ တိပိဋကဘွဲ့ရ သုံးဆယ့်တစ်နှစ်ပြည့် ကုသိုလ်ပွဲမင်္ဂလာ၊ ရွှေဥမင်ဓမ္မသုခတောရရိပ်သာ တည်ထောင်ဖွင့်လှစ်ခြင်း (၁၈)နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲ၊ စာသင်တိုက်တည် (၅)နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲများကို ကျင်းပပြုလုပ် ကုသိုလ်ရယူပူဇော်ကြရာတွင် ပင့်သံဃာ အပါး(၁၀၀)နှင့် သီလရှင်ဆရာလေး အပါး(၅၀)တို့အား လှူဒါန်းဖွယ်ရာအဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူခြင်းများကို (၁၃၇၇ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်) ၆-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီတွင် ကျင်းပပြုလုပ်ပူဇော်ကြမည်ဖြစ်ပါ၍ ကျောင်းတိုက်၏ ပစ္စည်း(၄)ပါး ဒါယကာ၊ ဒါယိကာမများ၊ ကုသိုလ်စေတနာရှင်များ အတူတကွ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်စိတ်ထား ဂါရဝတရားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဝေယျာဝစ္စအကျိုးတော်ဆောင်အဖွဲ့**

**ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့်ပရိယတ္တိစာသင်တိုက်**

**အောင်မြေသာယာလမ်း၊ ကုန်းတလပေါင်စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း ၀၉-၇၃၀၉၆၀၇၂၊ ၀၉-၇၃၁၅၂၆၄၂**

ကား မျိုးစုံ
(Alphard/Crown/MarkII/ဆလွန်ကား/Hiace ၉/၁၃စီးယောက်စီး ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ...
Ph: 09795549249, 095418126

MEGA TWO STAR
Hotel, Restaurants ... (၄)ည(၅)ရက်
(01) 8603651, (09) 5141446, 5032762, 251039391 April 8, 12 ထွက်ပါမည်။




PPT Travels
မော်တင်စွန်း - 35000
(ထမင်းကျွေး/တည်းခိုခန်းပြီး)
Ph:09-252606649
09-450623655

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100

## ဂျူလီယာ(JULIA)
## ပညာဒါန စက်ချုပ်သင်တန်းအမှတ်စဉ်(၁၆)
## သင်တန်းသားများခေါ်ယူခြင်း
## (အမျိုးသမီးသီးသန့်)

✻ အမျိုးသမီးတိုင်း လက်မှုပညာတတ်မြောက်စေရန်၊ ✻လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်၊ ✻မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ဟူသော ရည်ရွယ်ချက်(၃)ရပ်ကို အခြေခံ၍ စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စက်ချုပ်ပညာအခြေခံ၍ ဒီဇိုင်နာဖြစ်လိုသူများ၊ မိမိစိတ်ကြိုက် ဒီဇိုင်းထွင်၍ အင်္ကျီအလှဆင်လိုသူများအတွက် စက်ချုပ်ပညာကို အခြေခံစက်နင်းမှ အစပြု၍ ထမီ၊ ချိတ်ထမီ၊ ဘောင်းဘီနှင့် စကပ်ဒီဇိုင်းအမျိုးမျိုး၊ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီနှင့် ဂါဝန်အပါအဝင် စုစုပေါင်း အမျိုး(၂၀)ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် ဆရာမကိုယ်တိုင် ကြီးကြပ်၍ သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကို စိတ်ဝင်စားသူ မည်သူမဆို လူမျိုးဘာသာမရွေး တက်ရောက်နိုင်ပါသည်။

<u>တန်းခွဲများ</u>

| | | |
|---|---|---|
| တန်းခွဲ(A) | - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ | - နံနက် 10:00 နာရီမှ 12:00 နာရီ |
| တန်းခွဲ(B) | - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ | - မွန်းလွဲ 1:00 နာရီမှ 3:00 နာရီ |
| တန်းခွဲ(C) | - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ | - ညနေ 4:00 နာရီမှ 6:00 နာရီ |

✻ တစ်ပတ် (၃)ရက် (၂)လပြတ်

| | | |
|---|---|---|
| တန်းခွဲ(D) | - အင်္ဂါ၊ ကြာသပတေး | - ညနေ 4:00 နာရီမှ 6:00 နာရီ |
| တန်းခွဲ(E) | - စနေ၊ တနင်္ဂနွေ | - နံနက် 7:00 နာရီမှ 9:00 နာရီ |
| တန်းခွဲ(F) | - စနေ၊ တနင်္ဂနွေ | - နံနက် 10:00 နာရီမှ 12:00 နာရီ |
| တန်းခွဲ(G) | - စနေ၊ တနင်္ဂနွေ | - မွန်းလွဲ 1:00 နာရီမှ 3:00 နာရီ |
| တန်းခွဲ(H) | - စနေ၊ တနင်္ဂနွေ | - ညနေ 4:00 နာရီမှ 6:00 နာရီ |

✻ တစ်ပတ် (၂)ရက် (၃)လပြတ်

✻ ၁-၄-၂၀၁၆ရက်တွင် စတင်ဖွင့်လှစ်မည်။

✻ လူဦးရေ ကန့်သတ်ထားပါသည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့် အလှူငွေ ငါးသောင်းကျပ် ထည့်ဝင်လှူဒါန်း၍ အောက်ပါလိပ်စာအတိုင်း ၃၁-၃-၂၀၁၆ရက် နောက်ဆုံးထား၍ နံနက် ၈း၀၀နာရီမှ ည ၈း၀၀နာရီထိ ပိတ်ရက်မရှိ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၄၄)၊ ပထမထပ်(ဝဲ)၊ (၃၇)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ပန်းဆိုးတန်းလမ်း မှတ်တိုင်တွင် ဆင်းပါ)။ ဖုန်း-၀၉-၅၀၅၈၇၆၇

**✻ သင်တန်းခွဲ၊ နေရာခွဲများ လုံးဝမရှိပါ။**







## တရားဝင်ဇနီးမယားဖြစ်ကြောင်း
## အသိပေးကြေညာချက်

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အမှတ်(၇)၊ မြို့မတံတားလမ်းနေ ဦးဟာရှင်-ဒေါ်ဂိုရီတို့၏သားဖြစ်သူ ဟာဖစ်ဇ်၊ မော်လဝီ၊ မိုဟာမ္မဒ်ဒါဝတ်ဒ် (ခ) ဦးဇော်မင်းထိုက် [၁၀/မလမ(နိုင်)၁၇၇၉၉၁]နှင့် ကျွန်မ မအေးသန္တာ [၁၀/မလမ(နိုင်)၂၃၃၁၅၇]တို့သည် ၂၃-၁-၂၀၁၅ ရက်တွင် သက်သေလူကြီးများရှေ့မှောက်၌ လက်ထပ်စာချုပ်ဖြင့် လက်ထပ်ထားသော တရားဝင်ဇနီးမယားဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မအေးသန္တာ**

**ဖုန်း-၀၉-၇၇၉၁၅၁၅၂၉**

Hot Line No-0930500100

# ဗီယက်နမ်ကုမ္ပဏီပိုင် အနော်ရထာသင်္ဘော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ပြေးဆွဲမည်



သတင်း-သီသီမင်း၊ ဓာတ်ပုံ-မင်းသစ်


ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသတွင်းလူနေမှုဘဝများ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် စိတ်ဝင်စားဖွယ် နေရာများသို့ အဓိကဦးတည်ပြေးဆွဲမည့် ဗီယက်နမ်ကုမ္ပဏီပိုင် အနော်ရထာသင်္ဘော**(ယာဉ်)**သည် မြန်မာနိုင်ငံတွင် ပထမဆုံးခရီးစဉ်အဖြစ် ရန်ကုန်-ပုဂံ ခရီးစဉ်ကို မတ် ၄ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းမှ စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ဗီယက်နမ်အခြေစိုက် Heritage Line ကုမ္ပဏီမှ သိရသည်။

Heritage Line ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ MAARTEN PERDOK က "ဧရာဝတီနဲ့ ချင်းတွင်းမြစ်တစ်လျှောက်မှာ စိတ်ဝင်စားစရာကောင်းတဲ့ လူနေမှုဘဝတွေ၊ ရိုးရာဓလေ့ထုံးတမ်းတွေ၊ အနုပညာယဉ်ကျေးမှုတွေက ကမ္ဘာလှည့်ခရီးသွားတွေအတွက် လေ့လာစရာတွေအများကြီးရှိတယ်။ ဒါတွေဟာ ကမ္ဘာလှည့် ခရီးသွားတွေကို ဆွဲဆောင်နိုင်စေတဲ့အချက်တွေပဲ။ ဒါ့ကြောင့် ခရီးသွားလုပ်ငန်းမှာ လာရောက်ရင်းနှီးမြှုပ်နှံဖြစ်ခဲ့တာပါ" ဟု ပြောသည်။

အဆိုပါ အနော်ရထာအမည်ရှိ သင်္ဘောကြီးကို ၂၀၁၄ ခုနှစ်တွင် Heritage Line ကုမ္ပဏီမှ ဗီယက်နမ်နိုင်ငံ၌ တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ကြောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများဖြစ်သော ဧရာဝတီမြစ်နှင့်

**စာမျက်နှာ ၉ ကော်လံ ၄ သို့**

# ဆူနာမီလှိုင်းအန္တရာယ် ဖြစ်ပေါ်လာနိုင်မှု ရှိ၊ မရှိ အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်လျက်ရှိ




**နေပြည်တော် မတ် ၂**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် မြေငလျင် သတိပေးချက်တစ်ခုထုတ်ပြန်ခဲ့သည်။ အဆိုပါ သတိပေးချက်တွင် ယနေ့မြန်မာစံတော်ချိန် ည ၇ နာရီတွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၅၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ အင်ဒိုနီးရှားနိုင်ငံ ဆူမတြာကျွန်း အနောက်တောင်ဘက်ကမ်းလွန်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိအင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း ဖော်ပြထားသည်။

၎င်း မြေငလျင်လှုပ်ရှားမှုအပေါ် မြန်မာနိုင်ငံမြေငလျင်ကော်မတီက တနင်္သာရီ၊ ဧရာဝတီနှင့် ရခိုင်ကမ်းရိုးတန်းများသို့ နောက်ထပ် ၅ နာရီမှ ၈ နာရီအတွင်း ဆူနာမီလှိုင်းများ ရောက်လာနိုင်ကြောင်း ကြိုတင်သတိပေးချက် ထုတ်ပြန်ခဲ့ရာ ပြည်သူများအတွင်း စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေမှုနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ မြေငလျင်ဆိုင်ရာ

**စာမျက်နှာ ၇ ကော်လံ ၃ သို့**

## ပဲခူးရိုးမသစ်ခိုးထုတ်မှုကာကွယ်ရန် ပုဒ်မ ၁၄၄ ထုတ်ပြန်

စာမျက်နှာ - ၁၀

# ပြိုင်ဆိုင်မှု ပြင်းထန်နိုင်သည့် MNL ပွဲစဉ် (၉)

ရှိုင်းထက်ဇော်

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉)ကို မတ် ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဇေယျာရွှေမြေနှင့် ရန်ကုန်၊ ဇွဲကပင်နှင့် ဟံသာဝတီ၊ ရတနာပုံနှင့် မကွေးအသင်းတို့ တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၉)အဖြစ် မတ် ၃ ရက်တွင် မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်း၊ ကျောက်တိုင်ကွင်း၌ ဧရာဝတီအသင်းနှင့် Southern အသင်း၊ မတ် ၄ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Horizon အသင်း၊ မတ် ၅ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၈)အပြီးတွင် ရတနာပုံအသင်းက အမှတ် ၂၀ ဖြင့် ထိပ်ဆုံး၌ ဦးဆောင်လျက်ရှိပြီး ဟံသာဝတီအသင်းက ၁၈ မှတ်ဖြင့် ဒုတိယ၊ ဇွဲကပင်အသင်းက ၁၄ မှတ်ဖြင့် တတိယနေရာတို့တွင် ရပ်တည်နေသည်။

**စာမျက်နှာ ၉ ကော်လံ ၆ သို့**







# MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

## အစုရှယ်ယာ သက်သေခံလက်မှတ်မလိုသော စနစ်သို့ ပြောင်းလဲရန်အတွက် ဝန်ဆောင်မှုပေးမည့် ငွေရေးသက်သေခံလက်မှတ် ကုမ္ပဏီများ၏ အမည်စာရင်းအား အသိပေးကြေညာခြင်း

၁။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် (Myanmar Thilawa SEZ Holdings Public Limited) သည် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange - YSX) တွင် စာရင်းဝင်မှတ်ပုံတင်နိုင်ရန် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အစုရှယ်ယာရှင်များအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange - YSX) တွင် အစုရှယ်ယာ အရောင်း၊ အဝယ်ပြုနိုင်ရန်နှင့် နောက်နောင် အမြတ်ဝေစုလက်ခံရရှိစေနိုင်ရန်အတွက် YSX မှ သတ်မှတ်ထားသည့် လိုင်စင်ရ ငွေရေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုခုတွင် ငွေရေးသက်သေခံလက်မှတ် စာရင်း (Securities Account) ဖွင့်လှစ်ရန်လိုအပ်ပြီး Scripless Electronic System (အစုရှယ်ယာ သက်သေခံလက်မှတ် မလိုသောစနစ်) သို့ ပြောင်းလဲရမည် ဖြစ်ပါသည်။

၃။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် (Myanmar Thilawa SEZ Holdings Public Limited) အစုရှယ်ယာရှင်များ၏ အစုရှယ်ယာများအား အောက်ဖော်ပြပါ လိုင်စင်ရငွေရေးသက်သေခံလက်မှတ် ကုမ္ပဏီများမှ Scripless Electronic System (အစုရှယ်ယာ သက်သေခံ လက်မှတ် မလိုသောစနစ်) သို့ ပြောင်းလဲရန် ဝန်ဆောင်မှုပေးနေပြီ ဖြစ်ပါသည် -

(က) CB Securities

ဝန်ဆောင်မှုပေးမည့် နေရာများ

(၁) ရန်ကုန်တိုင်း - CB Securities Limited ရုံးချုပ်၊ CB Bank ရုံးချုပ်၊ သိမ်ဖြူဘဏ်ခွဲ၊ မြန်မာပလာဇာဘဏ်ခွဲ၊ ဆရာစံဘဏ်ခွဲ၊ ရွှေပုန်းညက်ဘဏ်ခွဲ၊ လမ်းမတော် (၆)လမ်းဘဏ်ခွဲ၊ သင်္ဃန်းကျွန်း ဘဏ်ခွဲ၊ စမ်းချောင်းဘဏ်ခွဲ၊ သန်လျင်ဘဏ်ခွဲ၊ ကျိုက်ဝိုင်းဘဏ်ခွဲ။

(၂) မန္တလေးတိုင်း - မန္တလေး (၂၆) လမ်းဘဏ်ခွဲ၊ မနော်ဟရီဘဏ်ခွဲ၊ ပြင်ဦးလွင်ဘဏ်ခွဲ၊ မိုးကုတ်ဘဏ်ခွဲ။

(၃) နေပြည်တော် - နေပြည်တော် (ဥတ္တရသီရိဘဏ်ခွဲ)၊ လယ်ဝေးဘဏ်ခွဲ။

(၄) မကွေးတိုင်း - ပခုက္ကူဘဏ်ခွဲ၊ မကွေးဘဏ်ခွဲ။

(၅) ပဲခူးတိုင်း - ဖြူးဘဏ်ခွဲ၊ ညောင်လေးပင်ဘဏ်ခွဲ၊ တောင်ငူဘဏ်ခွဲ။

(၆) စစ်ကိုင်းတိုင်း - မုံရွာဘဏ်ခွဲ၊ စစ်ကိုင်းဘဏ်ခွဲ၊ ကလေးဘဏ်ခွဲ။

(၇) ဧရာဝတီတိုင်း - မြောင်းမြဘဏ်ခွဲ၊ မအူပင်ဘဏ်ခွဲ၊ ပုသိမ်ဘဏ်ခွဲ။

(၈) တနင်္သာရီတိုင်း - မြိတ်ဘဏ်ခွဲ၊ ထားဝယ်ဘဏ်ခွဲ။

(၉) ကချင်ပြည်နယ် - ဗန်းမော်ဘဏ်ခွဲ။

(၁၀) ကယားပြည်နယ် - လွိုင်ကော်ဘဏ်ခွဲ။

(၁၁) ကရင်ပြည်နယ် - ဘားအံဘဏ်ခွဲ၊ မြဝတီဘဏ်ခွဲ။

(၁၂) ရှမ်းပြည်နယ် - လားရှိုးဘဏ်ခွဲ၊ မူဆယ်ဘဏ်ခွဲ၊ တောင်ကြီးဘဏ်ခွဲ။

(ခ) Myanmar Securities Exchange Centre

ဝန်ဆောင်မှုပေးမည့် နေရာ

အမှတ် ၂၁-၂၅၊ ပထမထပ်၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) KBZ Stiriling Coleman Securities

ဝန်ဆောင်မှုပေးမည့် နေရာများ

(၁) ရန်ကုန်တိုင်း - KBZ SC ရုံးချုပ်၊ မြန်မာစင်တာ ဘဏ်ခွဲ၊ အင်းယားလမ်း ဘဏ်ခွဲ၊ ရန်ကင်း ဘဏ်ခွဲ၊ တက္ကသိုလ်လမ်း ဘဏ်ခွဲ - ၂၊ ဗိုလ်မြတ်ထွန်းလမ်း ဘဏ်ခွဲ၊ လှိုင်သာယာ ဘဏ်ခွဲ - ၄၊ ၉ မိုင် ဘဏ်ခွဲ၊ အုံစင်တာ ဘဏ်ခွဲ၊ လမင်းသာယာကွန်ဒို ဘဏ်ခွဲ၊ စံပြဈေး ဘဏ်ခွဲ၊ သစ္စာလမ်း ဘဏ်ခွဲ၊ ထီးတန်း ဘဏ်ခွဲ၊ အလုံ-ထော်လီကွေ့ ဘဏ်ခွဲ၊ လှိုင်သာယာ ဘဏ်ခွဲ - ၅၊ ၇ မိုင် ဘဏ်ခွဲ၊ ဗိုလ်အောင်ကျော်လမ်း ဘဏ်ခွဲ၊ မြောက်ဒဂုံ ဘဏ်ခွဲ - ၃၊ ခိုင်ရွှေဝါလမ်း ဘဏ်ခွဲ၊ မြောက်ဥက္ကလာပ ဘဏ်ခွဲ - ၂၊ သုမင်္ဂလာလမ်း ဘဏ်ခွဲ။

(၂) မန္တလေးတိုင်း - မန္တလေး ဘဏ်ခွဲ - ၁၊ မန္တလေး ဘဏ်ခွဲ - ၂၊ မန္တလေး ဘဏ်ခွဲ - ၃ (ရတနာပုံဈေး ဘဏ်ခွဲ)၊ မန္တလေး ဘဏ်ခွဲ - ၄၊ မန္တလေးဘဏ်ခွဲ - ၇ (လမ်း (၈၀) ဘဏ်ခွဲ)၊ မန္တလေး ဘဏ်ခွဲ - ၈၊ မန္တလေး ဘဏ်ခွဲ - ၉၊ မန္တလေး ဘဏ်ခွဲ - ၁၀၊ မန္တလေး မင်္ဂလာဈေး ဘဏ်ခွဲ၊ ပြည်ကြီးတံခွန်ဘဏ်ခွဲ။

(ဃ) AYAtrust Securities

ဝန်ဆောင်မှုပေးမည့် နေရာများ

(၁) ရန်ကုန်တိုင်း - လှိုင်ဘဏ်ခွဲ၊ မြောက်ဒဂုံဘဏ်ခွဲ၊ မင်္ဂလာတောင်ညွန့်ဘဏ်ခွဲ၊ ဝါးတန်းဘဏ်ခွဲ၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ စမ်းချောင်းဘဏ်ခွဲ၊ ကျောက်မြောင်းဘဏ်ခွဲ၊ ကျောက်တံတားဘဏ်ခွဲ၊ တံတားဖြူ (လှိုင် - ၂)ဘဏ်ခွဲ၊ မြန်မာပလာဇာဘဏ်ခွဲ။

(၂) မန္တလေးတိုင်း - မန္တလေး (၃၀) လမ်းဘဏ်ခွဲ၊ မန္တလေး (၁၉) လမ်းဘဏ်ခွဲ၊ မန္တလေးလမ်း (၈၀) ဘဏ်ခွဲ၊ မန္တလေး (၂၆) လမ်းနှင့် လမ်း(၈၀) ကြားဘဏ်ခွဲ၊ မနော်ဟရီဘဏ်ခွဲ။

(၃) နေပြည်တော် - နေပြည်တော်ဘဏ်ခွဲ။

(င) KTzRH Securities

ဝန်ဆောင်မှုပေးမည့် နေရာများ

အခန်းအမှတ် (၀၇၀၆)၊ (၇) လွှာ၊ UFC Building၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်

